
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ဒို့အရေး (၃) ပါး

- ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓါတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓါတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

BURMESE CLASSIC

# မြိုး စိတ် ဆိုး မေ

ပါးလခင်ခင်

www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် ၅၀၀၀၆၂၀၁၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၁၁၅၀၁၀၉

**ထုတ်ဝေသူ**

ဦးအေးအောင်မြင့်၊ အမှတ်(၇)၊ သီတာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်**

အောင်မြင်ပုံနှိပ်တိုက်၊ အမှတ်(၁၆)၊ သစ်ရာပင်လမ်းသွယ်၊ ၂၃ ရပ်ကွက်၊ သုဝဏ္ဏ။

**ဖြန့်ချိရေး**

အောင်မြင်စာပေ၊အမှတ်(၁)၊ အောင်ဘာလေလမ်း၊ကျောက်မြောင်း၊ ရန်ကုန်မြို့။

ပထမအကြိမ် ၂၀၀၉ခုနှစ်၊(မေလ)၊ အုပ်ရေ(၅၀၀)၊တန်ဖိုး(၂၀၀)ကျပ်။

ဝ၉၅.ဝ၇

ပါးလ်ခင်ခင်

မြူးစိတ်ဆူးစေ/ပါးလ်ခင်ခင်။ - ရန်ကုန်

အောင်မြင်စာပေ၊ ၂၀၀၉။

၂၄၅ - စာ၊၁၂.၅ x ၁၈.၂ စင်တီ။


(၁)မြူးစိတ်ဆူးစေ






www.burmeseclassic.com

www.burmeseclassic.com




BURMESE CLASSIC





# အခန်း(၁)

"နောက်တစ်ယောက် ခေါ်လိုက်ပါ"

ဘဏ်ခွဲတစ်ခု၏မန်နေဂျာဖြစ်သူ လင်းဟိန်းဇံ တစ်ယောက် သူ၏အတွင်းရေးမှူးနေရာတွင် ရာထူးခန့်ရန် သူစိတ်တိုင်းကျ အင်တာဗျူး ခေါ်ယူနေခြင်း ဖြစ်သည်။

"ညို့မှူးခင်"

စာရေးကောင်တာမှ နာမည်ခေါ်သံသဲ့သဲ့ သူ အခန်းထဲမှ ကြားလိုက်သည်။ နာမည်အမိုက်စားနှင့် မိန်းကလေး၏ကိုယ်ရေး အချက်အလက်ဖိုင်ကို ဖွင့်ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဝင်ခွင့်ပြုပါ"

"ဝင်ခဲ့ပါ"

"ဒီမှာထိုင်မယ်နော်"

"ဟုတ်ကဲ့"

"ကျွန်မနာမည် ညို့မှူးခင်ပါ"

"ဟုတ်ကဲ့"

"ကျွန်မ စီးပွားစီမံနဲ့ ဘွဲ့ရပြီးပါပြီ"

"ဟုတ်ပါပြီ"

"စီးပွားစီမံဆိုတာ မေဂျာအသစ်ပါ၊ အီကို(Eco)ကနေ ခွဲထွက်တာပါ၊ ဒါပေမယ့် ဒီမေဂျာက management အပိုင်းပါ တွဲသင်ရတယ်ဆိုတော့ ပိုကောင်းတယ်လို့ ကျွန်မထင်တယ်လေ၊ အော်. . . ကျွန်မ မလိုအပ်တဲ့စကားတွေ ပြောနေတယ်လို့ ထင်မလား မသိဘူး၊ ကျွန်မ ဘွဲ့ယူထားတဲ့မေဂျာက အသစ်ဆိုတော့ လူသိနည်းလို့ပါ"

ညို့မှူးခင်ဆိုသော မိန်းကလေးက သူ မေးခွန်းများ မထုတ်ခင်ပင် သူ သိချင်သည့်အရာများကို သွက်လက်စွာပင် ပြောပြသွားနိုင်ခဲ့သည်။ လင်းဟိန်းဇံ အလိုရှိသော အရည်အချင်းများ ညို့မှူးခင်တွင် အပြည့်ရှိနေသည်။

ညို့မှူးခင်ကို အစမ်းသုံးလဖြင့် သူ အလုပ်ချက်ချင်း ခန့်အပ်လိုက်သည်။ သူမကို အလုပ်နှင့်အိမ် နီးခြင်း၊ ရုပ်ရည်သန့်ပြန့်ခြင်း၊ အပြောအဆို သွက်လက်ယဉ်ကျေးခြင်းနှင့် သင်လျှင်အလွယ်တကူ တတ်မြောက်နိုင်သော ဉာဏ်ရည်မြင့်ခြင်းတို့ကြောင့်





သူ၏အကွင်းရေးမှူးနေရာတွင် ခန့်အပ်လိုက်ခြင်းဖြစ်သည်။

"ကျေးဇူးတင်ပါတယ်. . . ကျွန်မကို ပြန်ခွင့်ပြုပါဦး"

သူမက လင်းဟိန်းဇံအား နှုတ်ဆက်ပြီး ထိုင်နေရာမှ ထကာ သွားရန် ဟန်ပြင်လိုက်စဉ်. . .

"ဒုတ်. . ."

"အား. . ."

"ဟင်. . . ဘာဖြစ်သွားတာလဲ ညို့မှူးခင်"

လင်းဟိန်းဇံ စိုးရိမ်တကြီး မေးလိုက်သည်။

"ဘာမှ မဖြစ်ပါဘူး. . . ဒီဘေးကခုံနဲ့ ကျွန်မခြေထောက်နဲ့ တိုက်မိသွားတာပါ"

ညို့မှူးခင်က သူမ၏ခြေထောက်ဖုံးအောင် ဝတ်ထားသော ထဘီစကို အနည်းငယ် မ,တင်ရင်း ကြည့်ကာ ပြောလိုက်သည်။

လင်းဟိန်းဇံလည်း ရုတ်တရက် ညို့မှူးခင် ခြေဖမိုးလေးဆီသို့ အကြည့်ရောက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

"ဟဲ့. . . အိန္ဒြေ၊ နင်ကလဲဟာ၊ ရှစ်မိုင်မှာ နေပြီး ဘာလို့ နောက်ကျနေတာလဲ"

J'DONUT ဆိုင်ထဲတွင် လူစုံတက်စုံ ရောက်နေကြပြီ ဖြစ်သည်။ နောက်ဆုံးမှ ရောက်လာတာကတော့ အိန္ဒြေရှင် ဖြစ်သည်။

"အော်. . . ရှင်တို့က ကိုယ့်ကားနဲ့ကိုယ်လာတာ၊ အိန္ဒြေက အိမ်ကနေ လမ်းလျှောက်လာရတာလေ"

ရှင်းသန့်မွှန်၏ပြစ်တင်စကားကို အိန္ဒြေ လျင်မြန်စွာပင် လျှောက်လွှဲချက် ပေးလိုက်သည်။





"ကျုပ်တို့ လာဝင်ခေါ်မယ်လို့ ပြောပါတယ်နော်၊ ရှင်ဘာသာ လမ်းလျှောက်လာမယ် ဆိုပြီးတော့"

"ဟုတ်ပ အိန္ဒြေရယ်၊ နင်ဟာလေ. . . သိပ်ပြီးတော့ ကပ်ဘာပဲ၊ နင်က လမ်းလျှောက်လာတော့ နင့်သူငယ်ချင်း ငါတို့က သိက္ခာကျတာပေါ့"

"ဘာယူခဲ့ရမလဲ"

သက်နှင်းစံက လှပသော မျက်နှာလေးကို မဲ့ရွဲ့ကာ ပြောရင်း အိန္ဒြေအတွက် မုန့်နှင့် အအေးသွားယူရန် ထလိုက်သည်။ ထိုဆိုင်က ကိုယ်တိုင် စားပွဲထိုး လုပ်ရသည်ပဲ။

"ထုံးစံအတိုင်းပဲ"

အိန္ဒြေတို့ အဝေးသင်တက္ကသိုလ် တက်ရင်း ခင်ခဲ့ကြသော သူငယ်ချင်းငါးယောက် တပ်စုသည် တနင်္ဂနွေနေ့တိုင်း နေ့ခင်းဘက်ဆို ထိုဆိုင်တွင် အမြဲဆုံဖြစ်ကြသည်။ ထိုဆိုင်ရောက်တိုင်းလည်း အိန္ဒြေက စတော်ဘယ်ရီ မစ်ရှိတ်နှင့် ဒိုးနတ်စားနေကျ ဖြစ်သည်။

"ဟဲ့. . . အိန္ဒြေ၊ နင် ဒီနေ့ ထူးခြားတဲ့ကိစ္စ ပြောမလို့ဆို"

"နှင်းကလဲ. . . အိန္ဒြေရဲ့ကိစ္စတွေမှန်သမျှ ထူးခြားတာချည်းပဲဟာ"

"ညို့မှူးကတော့ လူကို ရိတော့မယ်၊ ဒီတစ်ခါကိစ္စက တကယ့်ကို ထူးခြားတယ်ဟ၊ အရေးလည်း ကြီးတယ်၊ ဒီကိစ္စက ငါ နှစ်ပေါင်းများစွာ အစီစဉ်ခဲ့တဲ့ကိစ္စ"

"အိန္ဒြေ. . . နင်ဟာလေ အမြဲတမ်း အကြံအစည်တွေနဲ့ ပြည့်နှက်နေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com

"ပညာရှိဆိုတာ ဒီလိုပဲကွ၊ ရှင်တို့က အိန္ဒြေရဲ့စိတ်ကို နားလည်ရဲ့သားနဲ့၊ ဒီတစ်ခါ ကျွန်မပြောမယ့်ကိစ္စက ကျွန်မဘဝတစ်ခုလုံးနဲ့ ဆိုင်တဲ့ကိစ္စ"

"ဟာ. . . ဒီတစ်ခါ အိန္ဒြေစကားက အဆန်းပဲ"

အိန္ဒြေသည် သက်နှင်းစံ၊ လှကေသီဟန်၊ ရှင်းသန့်မွှန်၊ ညို့မှုံးခင့်တို့ သူငယ်ချင်းအားလုံးထဲတွင် ခေါင်းဆောင်ဖြစ်သည်။ တက္ကသိုလ်ရောက်မှ ခင်ခဲ့ကြသော သူငယ်ချင်းများ ဖြစ်သော်လည်း ငယ်ပေါင်းကြီးဖော်များကဲ့သို့ ရင်းနှီးနေကြသည်။

"ဟဲ့. . . ပြောတော့လေဟာ"

"နေပါဦး ညို့မှုံးရယ်၊ အိန္ဒြေ မုန့်နဲ့အအေး စားပါရစေဦး"

"ဟုတ်ပါတယ် ညို့မှုံးရယ်၊ အိန္ဒြေက သူ အစားစားနေတုန်း ဘယ်နှစ်ခါများ စကားပြောဖူးလို့လဲ"

"အေး. . . ဟုတ်တယ်၊ ကျွန်မက အစားကို ဘယ်တော့မှ ဇိမ်ဆွဲပြီး မစားဘူး၊ တဘရိတ်ထဲ စားသောက်တတ်တာ ရှင်တို့လဲ သိတယ်မဟုတ်လား"

အိန္ဒြေ မစ်ရှိတ်ကို တစ်ခြိုက်တည်း မော့သောက်လိုက်သည်။ ဒိုးနတ်လည်း တစ်ပြိုင်တည်း ကုန်အောင် စားလိုက်သည်။

အားလုံးက အိန္ဒြေကို သဘောကျစွာ ဝိုင်းကြည့်နေကြသည်။

အိန္ဒြေ၏အမူအရိုက်များသည် တခြားမိန်းကလေးများနှင့် မတူ၊ တစ်မျိုးထူးခြားနေတတ်သည်။

"ကဲ. . . စားလို့ကုန်ပြီ၊ ကျွန်မရဲ့ကျောင်းတော်က ရန်စ





အကြောင်း ပြောပြမယ်"

"ကျောင်းတော်က ရန်စ"

သူတို့ တစ်ဝိုင်းလုံး ပြိုင်တူ မေးလိုက်သောကြောင့် ဘေးဝိုင်းများမှ လူများက သူတို့အုပ်စုကို ဝိုင်းကြည့်နေကြသည်။

ဆိုင်တွင် လူလေးယောက်ထိုင်ခုံနှင့် နှစ်ယောက်ထဲ ထိုင်ရန် ခုံများသာ ရှိသော်လည်း၊ အိန္ဒြေတို့ ဝိုင်းအတွက်တော့ ဘေးခုံလေးတစ်လုံး ချထားပေးရသည်။

"ဟာ. . . ရှင်တို့ကလဲ၊ ဘာလို့ ဝိုင်းအော်ကြတာလဲ၊ သူများတွေ ဝိုင်းကြည့်ကုန်ပြီ. . . မရှက်ကြဘူးလား"

"အောင်မယ်. . . ရှင်ကပဲ ရှက်၊ ရှင် ဘယ်နှစ်ခါများ ရှက်တယ် ပြောဖူးလို့ မရှက်ကြဘူးလားဆိုတဲ့စကား သုံးတာလဲ"

"ညို့မှုံးပြောတာ ဟုတ်တယ် အိန္ဒြေ၊ နင်ပြောတော့ မကောင်းတာ လုပ်မှ ရှက်ရမှာဆို"

"ဟုတ်တယ်. . . ငါတို့ ဒီစကားပြောတာ ရှက်စရာလား"

"ရှင်တို့ကလဲ. . . စကားလေး နည်းနည်းမှားတာနဲ့ အိန္ဒြေကို ဝိုင်းပြီးရန်တွေ့လိုက်ကြတာ"

"ကဲပါဟာ. . . နင်တို့ တစ်ယောက်တစ်ပေါက်နဲ့ ငြင်းမနေကြနဲ့တော့၊ ဟိုဝိုင်းက ကြည့်နေတဲ့လူတွေ ဆက်မကြည့်တော့ပါဘူးဟ၊ အိန္ဒြေ စကားဆက်ပါဦး"

"အိန္ဒြေရဲ့ကျောင်းတော်က ရန်စအကြောင်း မပြောခင် ရှင်တို့ကို ကျွန်မ ဝန်ခံစရာ တစ်ခုရှိတယ်"

"မိန့်ကြည့်လေ"



www.burmeseclassic.com

www.burmeseclassic.com



လှကေသီက ခါးလေးကို ခပ်မတ်မတ် အနေအထားလေး ပြင်ကာပြောသည်။

"ရှင် မနောက်နဲ့"

"ကေသီကလည်း နောက်မနေနဲ့၊ ဆက်ပြောဦး အိန္ဒြေ"

"ကျွန်မ ရှင်တို့ကို ပေါင်းကတည်းက ကျွန်မမှာ အကြံရှိတယ်"

"ဘုရားရေ. . . ဗုဒ္ဓေါ"

အားလုံး အံ့အားသင့်သွားကြသည်။ ထို့နောက် အိန္ဒြေက ဆက်၍. . .

"ကျွန်မ ရှင်တို့ရဲ့အကူအညီကို တစ်ချိန်ချိန်မှာ မရမက ယူမှာမို့ ရှင်တို့နဲ့ ခင်အောင် နေခဲ့တာ"

"မင်းစကားကြီးက ရင့်လှချည်လား"

ဒေါသထွက် အလွန်မြန်သော သက်နှင်းစံက အိန္ဒြေ စကားမဆုံးခင် ဖြတ်ရန်တွေ့ပစ်လိုက်သည်။

"သက်နှင်း. . . အိန္ဒြေစကားဆုံးအောင် နားထောင်ဦး"

သည်းခံစိတ်ရှည်တတ်သော ရှင်းသန့်မွန်က ကြားဝင်ဖြေ ပေးသည်။

"ကျွန်မ ဒီစကားကို တိုက်ရိုက်ကြီး ပြောရင် ရှင်တို့ စိတ်ဆိုးကြမယ်ဆိုတာ ကျွန်မသိပါတယ်၊ ဒါပေမယ့် ကျွန်မ ပြောချင်တဲ့ စကားကို ဘယ်တော့မှ မပြောဘူး၊ ပြောရင်လည်း ပွင့်ပွင့်လင်းလင်း ပြောတတ်တယ်"

"အိန္ဒြေ ရှင်တို့ကို ပေါင်းရတဲ့ အကြောင်းအရင်းက. . ."





"ရှင်တို့ တစ်ယောက်ချင်းဆီမှာ ကျွန်မလိုချင်တဲ့ အချက် တစ်ချက်စီ ပြည့်စုံနေလို့ပဲ"

"ဆက်ရှင်းပါဦး"

သူတို့အားလုံး အိန္ဒြေ၏စကားလုံးများကို စိတ်ဝင်စားနေကြပြီဖြစ်သည်။ အိန္ဒြေ၏ထူးခြားသော အပြောအဆို အမူအကျင့်လေးများကို သူတို့အားလုံး သဘောကျ ခင်တွယ်နေကြခြင်းဖြစ်သည်။

"ကျွန်မရဲ့ကျောင်းတော်က ရန်စရှိခဲ့တဲ့သူက တစ်ယောက်တည်း မဟုတ်ဘူး. . . လေးယောက်တောင်"

"ဘုရားရေ. . . ဗုဒ္ဓေါ"

ဒုတိယမ်မို့ ဘုရားတလိုက်မိကြပြီး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်မိကြသည်။

အိန္ဒြေက ဆက်၍. . .

"အဲဒီလေးယောက်ဟာ ကျွန်မအတွက် တစ်နေ့မှ မေ့လို့မရတဲ့ နာကျည်းမှုစိတ်ကို ရင်ထဲ မကွယ်ပျောက်အောင် လုပ်ခဲ့ကြတဲ့ သူတွေပေါ့"



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၃)

ရှစ်တန်းနှစ် နောက်ဆုံးနှုတ်ဆက်ပွဲရက်ကလေး ဖြစ်သည်။ အတန်းသားအားလုံး ပါဆယ်ဂိမ်း ကစားရာတွင် မပါမဖြစ် ပါဝင်ဆော့ကစားရသည်။ အစုအဖွဲ့နှင့်ကြားတွင် ရှက်ရွံ့တတ်သည့် အိန္ဒြေရှင်အဖို့ မပါမဖြစ်ဟူသော စကားကြောင့် ပါဝင်ဆော့ကစားရသည်။

ကက်ဆက်သံလေး အဆုံးတွင် လက်ထဲ ကျရောက်လာသော ပါဆယ်ထုပ်ကလေးက သူမလက်ထဲတွင် အတိအကျရောက်ရှိနေသည်။

သူမ ကြောက်ရွံ့ထိတ်လန့်စွာဖြင့် လက်ထဲမှပါဆယ်ထုပ်





လေးကို ဘေးဘက်မှ လူဆီသို့ ပစ်ပေးလိုက်သည်။

"ဟေး. . . အိန္ဒြေ မဲနှိုက်လှည့်"

"ကဲ. . . နှိုက်တော့"

သူမရှေ့သို့ မဲလိပ်ကလေးများ ရောက်ရှိလာသည်။ သူမရှေ့တွင် မရှက်မကြောက် မဲလိပ်ကလေး နိုင်းစေရာ လုပ်ပြသွားကြသော အတန်းဖော်များအား အားနာမှုဖြင့် သူမ မဲလိပ်ကလေးတစ်လိပ် ကောက်နှိုက်လိုက်သည်။

"သီချင်းတစ်ပုဒ် ဆိုပြပါတဲ့"

ကစားပွဲ ဦးဆောင်သူ အေးမွန်သူက တစ်တန်းလုံး ကြားအောင် အော်ပြောလိုက်သည်။

အိန္ဒြေရှင်သည် ငယ်ငယ်ကတည်းက အေးအေးဆေးဆေးနေတတ်သူမို့ အများရှေ့တွင် သီချင်းဆိုပြရမည်ကို လွန်စွာကြောက်ရွံ့နေမိသည်။ သူမ ရေချိုးသည့်အချိန်များတွင် တစ်ခါတစ်ရံ ခုနစ်အိမ်ကြား ရှစ်အိမ်ကြား သီချင်းအော်ဆိုတတ်သော်လည်း ယခုတော့ နှုတ်မှ ဆိုမထွက်ဘဲ ဆွံ့အနေမိသည်။

"ဆိုလေဟာ"

"အိန္ဒြေကလည်း. . . နင့်ရှေ့က လူတွေလည်း မဲကျရာလုပ်ရတာပဲဟာ"

တစ်ယောက်တစ်ပေါက် ပြောဆိုနေကြသည်။

"နိုင်သူမင်းတောင် မျောက်လို ကသွားသေတာပဲ"

သူမလည်း မတတ်သာသည့်အဆုံး မရဲတရဲနှင့် သီချင်းတစ်ပုဒ် ဆိုလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ပန်းချီ ရေးလို့မှ မမီ × × × × × ×"

ဘယ်ပန်းချီ ရေးလို့မှ မမီ × × × × × × ဟီ. . . ဟိ"

"တော်ပါတော့ဟာ. . . နင့်အသံကြီးက နားထောင်လို့လဲ မကောင်းဘူး"

သူမ သီချင်းအစပင် ရှိသေးသည်။ အောင်ထွန်းခန့်က ကြားဖြတ်၍ တားဆီးလိုက်ခြင်းကို သူမ အလွန်အရှက်ရသွားခဲ့သည်။ အောင်ထွန်းခန့်သည် နိုင်သူမင်း၊ ဟန်မောင်၊ လင်းဟိန်းဇံတို့နှင့် တစ်ဖွဲ့တည်း ဖြစ်သည်။

အ. ထ. က လှိုင်ကျောင်းတစ်ကျောင်းလုံးတွင် သူတို့အုပ်စုက စတားဖြစ်သည်။ အချိန်တိုင်း တတွဲတွဲနှင့်မို့ လူတိုင်းက သူတို့အုပ်စုကို အမှတ်တရ ရှိနေကြသည်။ ရှင်းသန့်ပြီး ပြည့်စုံသော အသိုင်းအဝိုင်းများ ရှိတာခြင်းလည်း တူညီကြသည်။

မိန်းကလေးများ၏နှုတ်ဖျားတွင် ရေပန်းစားလျက်ရှိသည်။

"အောင်ထွန်းခန့်က နိုင်နိုင်းနဲ့ တူတယ်နော်"

"အေး. . . ဟုတ်တယ်၊ နိုင်သူမင်းကလည်း ရဲအောင်လိုလို ဘာလိုလို"

"ဟဲ့. . . ဟန်မောင်ကကော လွင်မိုးနဲ့ မတူဘူးလား"

"အေး. . . တူတယ် တူတယ်၊ လင်းဟိန်းဇံက အရပ်က မြင့်မြင့်၊ အသားက ဖွေးဖွေးနဲ့ စိုးသူနဲ့ တူတယ်"

မိန်းကလေးအုပ်စုက တစ်ယောက်တစ်ပေါက် ပြောဆိုနေသံကို အိန္ဒြေ နားခါးလှသော်လည်း သူတို့ ထင်ကြေးပေးနေကြသည်မှာ ငြင်း၍မရချေ။





သူမ အောင်ထွန်းခန့်ကို မကျေနပ်သည့်ကိစ္စကလေး ရှင်ထဲတွင် အမှတ်ထားခဲ့သလိုပင် နိုင်သူမင်းကိုလည်း စိတ်ထဲ တေးမှတ်ထားခဲ့ဖူးသည်။

ကျူရှင်ကျောင်း တက်စဉ်ကဖြစ်သည်။ အိန္ဒြေရှင် တက်သော ကျူရှင်တွင် သူတို့လေးဦးလည်း တက်သည်။

ထိုနေ့က. . .

အိန္ဒြေရှင် ဆံပင်ညှပ်ခဲ့သည်။ ဆံပင်ညှပ်ဆိုင်က ရင်းနှီးနေသဖြင့် သူမအား ခေတ်ပေါ်ဆံပင် ညှပ်ပေးလိုက်သည်။

"ဒီကေက အိန္ဒြေနဲ့ အရမ်းလိုက်မှာ"

ဆံပင်ညှပ်ပေးသော အန်တီလင်းက ချီးကျူးခြင်း ဖြစ်သည်။

မေမေက. . .

အတိုဆုံး ဖြစ်အောင် ညှပ်ပေးလိုက်ပါဟု ပြောသည့်



www.burmeseclassic.com

www.burmeseclassic.com

အတိုင်း အိန္ဒြေ့ခေါင်းသည် ဆံပင်မရှိသလောက် ရှင်းလင်းသွားသည်၊

"အဲဒါ ဒမ်မီမိုးကေလို့ ခေါ်တယ်"

အန်တီလင်း ပြောပြချက်အရ သူမ ညှပ်ခဲ့သော ဆံပင်ကော နာမည်ကို သိလိုက်သည်။ ကတုံးမတုံးရုံတမယ် သူမဆံပင်များ ကျဲသွားသည်။

ထိုဆံပင်ကို မနှစ်သက်သော်လည်း တိုသွားသော ဆံပင်များ ပြန်ဆက်၍မှ မရတော့တာ။

သူမ ခေါင်းငိုက်စိုက်ချကာ ကျူရှင်အိမ်ထဲသို့ ဝင်ခဲ့သည်၊ ကျူရှင်က ရှေ့အတန်းတစ်တန်း မလွတ်သေးသဖြင့် ကျူရှင်အနောက်မှ ခုံတန်းရှည်ပေါ်တွင် သူမ ထိုင်စောင့်နေလိုက်သည်၊

"ဆံပင်ပုံစံက ရယ်ရတယ်နော်. . . ဟီ. . . ဟိ"

ဆံပင်ဟု အသံကြားလိုက်သဖြင့် အသံလာရာသို့ သူမ နားစွင့်လိုက်သည်။ ဟိုလေးယောက်တစ်စု ကျူရှင်ရှေ့တွင် ရောက်နေပြီး သူမအနောက်မှ ရောက်လာခြင်းဖြစ်သည်။

"ဆံပင်ပုံစံက သစ်တောက်ငှက် ကျနေတာပဲ၊ သူ့ကိုယ်သူ ဟုတ်လှပြီ ထင်နေတာကွ. . . ဟား. . . ဟား"

သူမဆံပင်ကို နောက်မှ မြင်ပြီး ဝိုင်း၍ဝေဖန်နေကြခြင်းဖြစ်မည်၊

နိုင်သူမင်း၏စကားသံများက အိန္ဒြေရှင်၏ဒေါသကို နှိုးဆွပေးနေသည်။

နိုင်သူမင်းကို ဒေါသထွက်နေ၍ သူ၏စကားသံများက





အိန္ဒြေရှင်ကို အချိန်ပြည့် စိုးမိုးနေသည်။ အချိန်တိုင်းဆိုသည်ထက် အိန္ဒြေရှင် မှန်တင်ခုံရှေ့ ဆံပင်ဖြီးတိုင်းဆိုလျှင် ပို၍မှန်ပေလိမ့်မည်။

လင်းဟိန်းဇံကတော့ အနေတည်သူမို့ သူမကို တစ်ကြိမ်တစ်ခါမှ မစနောက်ခဲ့ဖူးသော်လည်း အမူအရာအားဖြင့် အိန္ဒြေကို နာကျင်အောင် လုပ်ခဲ့ဖူးသည်။

ကိုးတန်းနှစ်က. . .

အိန္ဒြေ ရှစ်တန်းတုန်းက ဂုဏ်ထူးရသူများကို ဆုပေးပွဲ အခမ်းအနား ကျင်းပခဲ့သည်။ အိန္ဒြေသည် နှစ်စဉ်လိုလိုပင် အတန်းခွဲ ပထမဆုကို ဆုပေးပွဲတွင် ဆုတက်ယူနေကြဖြစ်သည်။

ထိုနေ့ ဆုပေးပွဲတွင်. . .

အိန္ဒြေရှင်နှင့် လင်းဟိန်းဇံတို့ ဘေးချင်းယှဉ်လျက် ထိုင်ခဲ့သည်။ ထိုအချိန်က သူမ၏ခြေဖမိုးအစုံကို လင်းဟိန်းဇံ ကြည့်နေသောအကြည့်က အလွန်ရွံရှာနေဟန်ရှိသည်။

အိန္ဒြေရှင်သည် အဆောင့်မက်သူပီပီ နေပူမရှောင် မိုးရှော


www.burmeseclassic.com

www.burmeseclassic.com



မရှောင် နှံ့ထဲပွက်ထဲတွင် ပြေးလွှားကစားခဲ့သဖြင့် ခြေဖမိုးလေးများ ကြည့်မကောင်းအောင် မဲတူးနေသည်။

အိန္ဒြေရှင်က လင်းဟိန်းဇံ၏အကြည့်ကို သတိထားမိ၍ သူမခြေထောက်လေးကို အလျင်အမြန်ပင် လုံချည်စနှင့် ဆွဲဖုံးလိုက်သည်။

လင်းဟိန်းဇံက နှာခေါင်းရှုံ့ကာ တစ်ဖက်သို့ လှည့်သွားသည်။ အိန္ဒြေရှင်သည် သူမနှင့် ယှဉ်လျက် ထိုင်နေသော လင်းဟိန်းဇံ၏ခြေဖမိုးလေးကို ကြည့်မိတော့ သူမခြေဖမိုးနှင့် တခြားစီပင်။

ယောကျ်ားတန်မဲ့ နုဖတ်ဝင်းမွတ်ဖြူဖွေးပြီး သန့်ရှင်းနေသော ခြေဖမိုးလေးကို တွေ့ရလေသည်။

အိန္ဒြေရှင်စိတ်ထဲ ရှက်ရွံ့စိတ် ဖြစ်မိသော်လည်း လင်းဟိန်းဇံကိုတော့. . .။

ဟန်မောင်ကတော့ ရွှတ်နောက်နောက်နှင့် မိန်းကလေးများ တွေ့တိုင်း စနောက်တတ်သူပီပီ. . .

"ပိန်ပိန်ပြားပြား ဝါးခြမ်းပြား"





"ပိန်ပိန်ပါးပါး ဝါးခြမ်းပြား"

အိန္ဒြေကို မြင်လိုက်တိုင်း မကြားတကြား စနောက်ပြော သည်။ ဟန်မောင် ပြောတာလည်း မမှားပါ။

သူမ၏ကိုယ်ခန္ဓာမှာ တကယ့်ကို ဝါးခြမ်းပြားလိုပင် ပိန်ပြားပြီး တပြေးတည်း ဖြစ်နေသည်။

အစအနောက်သန်သော ယောကျ်ားလေးများ အိန္ဒြေရှင်ကို မြင်တိုင်း ပြောတတ်သော စကားများ ဖြစ်ရသော်လည်း ဟန်မောင် ပြောသောစကားကို ပိုနာသည်။


အဘယ်ကြောင့်ဆိုသော်. . .

ဟန်မောင်သည် ဟိုအုပ်စုထဲက တစ်ယောက် ဖြစ်နေသောကြောင့်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၄)

"အိန္ဒြေရယ်. . . ရှင်ဟာလေ ဘာမဟုတ်တဲ့ကိစ္စလေးတွေကို အမှတ်အတေး ထားနေတယ်"

"ညို့မှုံရယ်. . . ရှင် ကိုယ်ချင်းမစာ မပြောပါနဲ့၊ ကျွန်မက ခံရတဲ့သူပါ၊ ကိုယ့်မှာ အားနည်းချက် ရှိနေတာ မှန်တော့ ပိုပြီး ခံရတယ်"

"ဒါ အရင်ကပဲဟာ"

"ဟုတ်တယ်. . . အိန္ဒြေရှင်က အရင်တုန်းက အိန္ဒြေရှင်မှ မဟုတ်တော့တာ"

မှန်ပါသည်၊ အိန္ဒြေရှင်ရဲ့ဘဝက ဆယ်တန်းအောင်ပြီးမှ





လုံးဝပြောင်းလဲသွားခဲ့သည်။ ဆယ်တန်းမဖြေခင်ကပင် လှိုင်ကျောင်းမှ ထွက်၍ အဘိုးအဘွားပိုင် မရမ်းကုန်းက ခြံကြီးထဲသို့ ပြောင်းနေခဲ့သည်။

အိန္ဒြေတို့ ငယ်စဉ်က မြို့ထဲနှင့် ဝေးသည်ဟု ထင်ခဲ့သော မရမ်းကုန်းမြို့နယ်မှာ ခုအခါ မြို့လယ်ခေါင်လို စည်ကားနေသည်။

အဘိုးအဘွားတို့က ကျိုကျိုတတ်အောင် မချမ်းသာသော်လည်း တန်ဖိုးကြီးလှသော ခြံကြီးကို ပိုင်ဆိုင်ထားသည်။

အဖေနှင့် အမေတို့က အဘိုးအဘွားတို့ကို ဆန့်ကျင်၍ ခိုးပြေးခဲ့ကြသဖြင့် အိန္ဒြေတို့ မိသားစုလေး လှိုင်မြို့နယ် လူဆင်းရဲရပ်ကွက်လေးတွင် အိန္ဒြေ ဆယ်တန်းအထိ ညှိုးငယ်စွာ နေခဲ့ရသည်။

အိန္ဒြေ ဆယ်တန်းဖြေပြီးမှ အဘိုးအဘွားတို့ စိတ်ပြေကာ အိန္ဒြေတို့မိသားစုကို ပြန်ခေါ်ထားသည်။ အိန္ဒြေဘဝမှာ နေ့ချင်းညချင်း ပြောင်းလဲသွားခဲ့သည်မှာ ယုံနိုင်ဖွယ်ရာ မရှိချေ။

"ဟဲ့. . . အိန္ဒြေ ဘာတွေ ငိုင်နေတာလဲ၊ ငါတို့အဖွဲ့မှာ နင်က ခေါင်းဆောင်နော်၊ နင် ငိုင်နေရင် ငါတို့က ငေါင်တောင်တောင်ကြီး"

"အေးလေဟယ်. . . ရှင်ဟာလေ အဲဒီလိုပဲ၊ စကားပြောရင် ဘယ်သူမှ ကြားဝင်မပြောနိုင်အောင် အဆက်မပြတ် ပြောပြီး ရှင်စကားမပြောတော့လည်း တွေတွေကြီး ဖြစ်နေတာပဲ"

"ကေသီကလည်း. . . အိန္ဒြေ တစ်ခုခုကို စဉ်းစားနေလို့ ဖြစ်မှာပါ၊ ရှင်းသန့်ကတော့ အိန္ဒြေရဲ့အတွေးစိတ်ကူးကို သဘောကျ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဟိုမာန်တက်နေတဲ့ အီကိုကင်းကြီးကို ချိုးပြလိုက်တာ ဘယ်လောက် လှသလဲ"

ရှင်းသန့်စကားကြောင့် အီကိုကင်း ဝဏ္ဏဖုန်းထံ အတွေးရောက်သွားသည်။

"မိန်းမဲဆိုတာ ငါ့အတွက်တော့ မှိုပွင့်လေးတွေပဲ"

မိမိ၏ဥစ္စာမာန ပြည့်စုံမှုအပေါ် မာနထောင်လွှားနေသော အီကိုမေဂျာမှ ဝဏ္ဏဖုန်းကို စီးပွားစီမံမေဂျာမှ အိန္ဒြေတို့အုပ်စုက ကြည့်မရခဲ့။

အဝေးသင်ဖြစ်သော်လည်း ကျူရှင်တွင် အမြဲဆုံနေကျမို့ ကြည့်မရ ဖြစ်ခဲ့သည်မှာ အတော်ကြာနေပြီ။

ပထမနှစ် စီးပွားရေးနှင့် အဝေးသင် မေဂျာများက သင်ရိုးတူသဖြင့် ကျူရှင်တွေက အတူတွဲသင်ခဲ့သည်။ ထို့ကြောင့်လည်း မေဂျာမတူသော ဝဏ္ဏဖုန်းကို သူတို့အုပ်စု ဒုတိယနှစ်၊ တတိယနှစ်အထိ မျက်မုန်းကျိုးနေခဲ့သည်။

"ဝဏ္ဏဖုန်း. . . ဝဏ္ဏဖုန်းနဲ့ တွေ့ချင်လို့တဲ့"

ဆရာ အတန်းမဝင်ခင် နောက်ဆုံးအတန်းမှ ယောက်ျားလေးများ စုပြုံအော်ဟစ်လိုက်သဖြင့် အတန်းသားအားလုံး အခန်းဝသို့ အကြည့်ရောက်သွားကြသည်။

"ဟင်. . ."

"ဟယ်. . ."

"ဟား. . ဟား. . ဟား. . ."

အတန်းသားများအားလုံး ဝိုင်း၍ရယ်မောလိုက်ကြသည်။





"ဝဏ္ဏဖုန်း. . . ဝဏ္ဏဖုန်း. . . ဝဏ္ဏဖုန်းနဲ့ တွေ့ချင်တယ်။ ကျွန်မကို ခေါ်ပေးကြပါ၊ ဝဏ္ဏဖုန်းကို ခေါ်ပေးကြပါ"

ကျူရှင်နားက စိတ်ဝေဒနာသည်မကြီး အသံဖြစ်ကြောင်း အိန္ဒြေတို့ လှည့်မကြည့်ဘဲ သိနေသည်။ အိန္ဒြေတို့အုပ်စု ကြိုတင်စီစဉ်ထားသူများဖြစ်၍ ဝဏ္ဏဖုန်းနှင့် အနီးဆုံးနေရာတွင် ဝင်ထိုင်ပြီးဖြစ်သည်။

"အင်းလေ. . . မိန်းကလေးတွေ မှိုလိုပေါ်နေတဲ့သူတွေ တွဲတဲ့အထဲ အရူးလည်း ပါချင်ပါမှာပေါ့"

"မေတ္တာကြီးပုံများ. . . အရူးမပါ မေတ္တာထားတယ်ပေါ့"

"အို. . . ဒီလောက်ကြီးမားတဲ့မေတ္တာကို အသိအမှတ်ပြုတဲ့အနေနဲ့ ကျန်တဲ့ကောင်မလေးတွေ ရှောင်ပေးဖို့ သင့်တယ်"

"ရူးနေတဲ့သူတောင် တမ်းတမ်းစွဲ ဖြစ်တယ်နော်"

"စွဲလန်းလွန်းလို့ ရူးတာလား၊ ရူးလွန်းလို့ စွဲလန်းတာလား မသိဘူးနော်"

အိန္ဒြေတို့အုပ်စု၏တစ်ယောက်တစ်ပေါက် ဝိုင်းဖွဲ့နေတဲ့ စကားများကို ဝဏ္ဏဖုန်း ခံနိုင်ရည် မရှိတော့ဘဲ ကျူရှင်အခန်းထဲမှ ဝုန်းခနဲ ပြေးထွက်သွားလေသည်။

ဝဏ္ဏဖုန်း၏ကားတံခါးပိတ်သံကို ကျယ်လောင်စွာ ကြားလိုက်ရလေသည်။

သူ အလွန်ဒေါသဖြစ်သွားဟန်ရှိသည်။

အိန္ဒြေတို့အုပ်စုကတော့ ကြိတ်ပြုံးနေမိသည်။

အရူးမကြီးအား နေ့စဉ် မုန့်ဝယ်ကျွေးပြီး စိတ်ရှည်ရှည်



www.burmeseclassic.com

www.burmeseclassic.com



သင်ကြားပေးခဲ့ရကျိုး နပ်သွားသည်။

"ဟား . . . ဟား . . . ဟား"

"အိန္ဒြေအကြီး တကယ်ပိုင်တယ်ကွာ"

လက်မထောင်ကာ ဂုဏ်ပြုလိုက်ကြသည်။

ညို့မှုန်းခင်၊ သက်နှင်းစံ၊ ရှင်းသန့်မွန်၊ လှကေသီဟန်တို့ သဘောကျစွာ အိန္ဒြေကို ဝိုင်း၍ချီးကျူးကြသည်။

အိန္ဒြေတွင် သူများနှင့် မတူသော ထူးခြားသည့် အတွေး စိတ်ကူးလေးများ ပိုင်ဆိုင်နေတတ်သည်။







## အခန်း(၃)

"ဝုန်း . . . ဝုန်း . . . ဝုန်း"

မိုးများ သည်းထန်စွာ ရွာသွန်းနေသည်။ ဟန်မောင် တစ်ယောက်တည်း ကွန်ပျူတာအခန်းထဲ အလုပ်ရှုပ်နေသည်။

"အစ်ကိုရေ . . . ဖိတ်စာလာအပ်တယ်"

ပုံနှိပ်စက်မှ အကူကောင်လေးက အခန်းဝမှ လှမ်းပြီးပြော သည်။

"အလုပ်အပ်ချင်ရင် အထဲဝင်ခဲ့ခိုင်းလိုက်လေ"

ဟန်မောင် ကွန်ပျူတာကိုသာ ဆက်ရိုက်နေသည်။

"မိုးရေတွေ စိုနေလို့ ဝင်လို့မရဘူးတဲ့ အစ်ကို"



www.burmeseclassic.com

www.burmeseclassic.com



"ဝင်းမိုးတို့ ကျော်ကျော်တို့ကော"

"မိုးရွာတုန်း ဘောလုံးသွားကန်နေကြတယ် အစ်ကို"

"ဟာ. . . ဒီကောင်တွေကတော့ကွာ"

ပုံနှိပ်တိုက်တွင် ဟန်မောင် ဦးစီးပြီး လုပ်သော်လည်း အလုပ်အများစုကို ဝင်းမိုးနှင့် ကျော်ကျော်သာ ဒိုင်ခံလုပ်ပေးနေကျ ဖြစ်သည်။ အလုပ်လက်ခံခြင်းကို သူတို့နှစ်ယောက်နှင့်သာ လွှဲထားသည်။ ဟန်မောင်ကတော့ ကွန်ပျူတာနှင့် ဒီဇိုင်းများကိုသာ တစ်နေကုန် ထိုင်ဆွဲနေကျ ဖြစ်သည်။

ဟန်မောင် စိတ်ပျက်စွာဖြင့် ကွန်ပျူတာရှေ့မှ မျက်နှာခွာပြီး ပုံနှိပ်တိုက်အဝသို့ လျှောက်ခဲ့သည်။

"ဟင်. . ."

တစ်ကိုယ်လုံး မိုးရေများဖြင့် စိုရွှဲနေသော မိန်းကလေး တစ်ဦး။

လှပချောပြစ်သော ကိုယ်ခန္ဓာ ပိုင်ဆိုင်ထားသူလေး ဖြစ်သည်။

"ဖိတ်စာအပ်ချင်လို့"

မျက်လုံးကျွတ်ကျမတတ် စိုက်ကြည့်နေမိသော ဟန်မောင် သူလေး၏အသံကြောင့် သတိဝင်လာသည်။

"အော်. . . ဟုတ်ကဲ့. . . လာပါ ဝင်ပါ၊ မိုးရေတွေလည်း ရွှဲလို့ပါလား"

ဟန်မောင်၏ရည်ရွယ်ချက်မဲ့နေသော စကားကြောင့် သူမ မျက်နှာလေး နီရဲသွားပြီး. . .





"ဟို. . . ကျွန်မ မိုးရွာထဲ ထီးမပါပဲ လမ်းလျှောက်လာခဲ့လို့ပါ၊ ဖိတ်စာရိုက်ဖို့"

ကောင်မလေးက သူ့လက်ထဲမှ ရေစိုနေသော စာရွက်ခေါက်လေးကို လှမ်းပေးလိုက်သည်။

" ကျွန်မ မလှကေသီဟန်၏
(၂၂)နှစ်မြောက် မွေးနေ့မင်္ဂလာသို့
ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်၊
နေ့ရက် - (၁၁. ၁၂. ၂၀၀၈)
အချိန် - နံနက်(၈း၀၀) မှ (၁၁း၀၀)အထိ
နေရာ - အမှတ်(×)၊ (×)ရပ်ကွက်၊
(××××)အိမ်ရာ၊ လှိုင်မြို့နယ်"

ဟန်မောင် မွေးနေ့ဖိတ်စာကို အကျအန အသံထွက် ဖတ်လိုက်သည်။

"ခင်ဗျားနာမည် လှကေသီဟန်လား"

"ဟုတ်ပါတယ်. . . ကျွန်မရဲ့ မွေးနေ့ကဒ်လေးကို လှလှလေး ရိုက်ပေးပါ"

"စိတ်ချ ညီမ၊ ဖိတ်စာကဒ်လေးကို လူလို လှအောင် ရိုက်ပေးမယ်"

"အစ်ကိုက နောက်တတ်သားပဲ၊ ကဲ. . . အစ်ကို ကျွန်မ စရံငွေ ဘယ်လောက် ပေးခဲ့ရမလဲ"

"အဲ. . . အဲဒါမှ ဒုက္ခ"

"ဘာဖြစ်လို့လဲ အစ်ကို"



www.burmeseclassic.com

www.burmeseclassic.com



"ကေသီ. . . အဲ. . . ကေသီဟန်လို့ ခေါ်လို့ရမလား လှကေသီဟန်၊ ကျွန်တော်ခေါ်ရတာ ထောက်နေလို့"

"ရပါတယ်"

"ကေသီဟန်မွေးနေ့က (၁၁)ရက်နေ့ပဲ၊ ဒီနေ့ပဲ (၈)ရက်နေ့ ရှိနေပြီ"

"အမြန်ရိုက်ခ ပေးပါ့မယ် အစ်ကိုရယ်၊ မနက်ဖြန်ရအောင် လုပ်ပေးပါ။ အား. . . ချမ်းတောင် ချမ်းလာပြီ"

ကေသီဟန်၏ခန္ဓာကိုယ်လေးက တဆတ်ဆတ် တုန်ခါနေသည်။ လှကေသီဟန်၏လှပပြေပြစ်သော ခန္ဓာကိုယ်လေးက ဟန်မောင်၏နှလုံးသားကို လှုပ်ခတ်နေစေသည်။

"ကဲ. . . ကဲ. . . ကေသီဟန်၊ စိတ်ချလက်ချနဲ့ အမြန်ပြန်တော့၊ မနက်ဖြန် နေ့လည်ရအောင် ကျွန်တော် အတတ်နိုင်ဆုံး ကြိုးစားလုပ်ပေးထားပါ့မယ်"

နောက်တစ်နေ့ နေ့လည်၌. . .

ဆ ဆ ဆ ဆ





"ဟယ်. . . ဖိတ်စာကဒ်လေးက လှလိုက်တာ၊ အရမ်းလှတာပဲ"

"လှဆို မွေးနေ့ရှင်က လှတာကိုး"

"အစ်ကို မြှောက်နေတာ မွေးနေ့ကျရင် လာစားချင်ပြီနဲ့ တူတယ်"

"မကေသီဟန်က ကျွန်တော့်ကို ဖိတ်မှာလား"

"ကျွန်မ မဖိတ်လည်း အစ်ကို့ဆီမှာ ဖိတ်စာတွေ အများကြီး ရှိတာပဲဟာ"

"ကျွန်တော့်ကိုယ်ကျွန်တော် စကားတတ်လှပြီ ထင်နေတာ၊ ကေသီဟန်က အတော့်ကို စကားတတ်တာပဲ"

"ဒီလောက်လဲ မဟုတ်ပါဘူး၊ ကဲ. . . အမြန်ကြေးနဲ့ အလှဆုံး ဖြစ်အောင် လုပ်ပေးတဲ့အတွက် ဘယ်လောက်ကျသလဲဆိုတာ ပြောပါ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ခဏထားပါဦး၊ ဖိတ်စာတစ်ရာလုံး မွေးနေ့မတိုင်ခင် ဝေနိုင်ပါ့မလား၊ အချိန်က တစ်ရက်ပဲ ရှိတော့တာ"

"အဲဒါလား. . . ကေသီ ဖုန်းနဲ့ မိတ်ဆွေတွေအားလုံးကို ကြိုဖိတ်ပြီးသား၊ ဖိတ်စာက ဟန်လောက်ပဲ ဝေမှာ၊ နောက်ပြီး ကေသီ့ သူငယ်ချင်းတွေလက်ထဲ ဒီဖိတ်စာ အကုန်လုံး ထည့်ထားလိုက်မှာ၊ ပြီးတော့ ဟိုလူ့နဲ့ ဖိတ်စာပို့ခိုင်းထားတယ်ဆိုပြီး ဖုန်းဆက်လိုက်ရင် ကေသီ တာဝန်ကျေပြီလေ"

"အော်. . . အကြံပိုင်ပါပေတယ် ဒေါ်ကေသီဟန်ရယ်"

"ကဲပါ. . . ဒီက အစ်ကိုကြီးကိုတော့ ဖိတ်စာကဒ်လှလှလေး ရိုက်ပေးလို့ ကျေးဇူးတင်တဲ့အနေနဲ့ ကိုယ်တိုင်ကိုယ်ကျ ဖိတ်စာ ပေးခဲ့မယ်နော်၊ လာနိုင်ရင် ကြိုးစားပြီး လာခဲ့ပေးပါ"

ကေသီဟန်က ဟန်မောင်လက်ထဲသို့ ဖိတ်စာကဒ်လေး လှမ်းထည့်လိုက်သည်။

"ညအိပ်ရေးပျက်ခံပြီး ဒီဇိုင်းဆွဲပေးရကျိုးနပ်သွားပြီပေါ့၊ ကျွန်တော် ကေသီဟန်အတွက် ဖိတ်စာကို အချိန်မီ ပြီးအောင် လုပ်ပေးနေတာ အခုထိ တစ်ရေးမှ မအိပ်ရသေးဘူး"

"ဟယ်. . . အားနာစရာကြီး၊ ကေသီ့မွေးနေ့ကို လာဖြစ်အောင် လာခဲ့ပါ၊ အိပ်ရေးပျက်ရကျိုး နပ်သွားအောင် သူများတွေထက် နှစ်ဆကျွေးမယ်"

"ဒါဆို ကျွန်တော်ကလည်း မွေးနေ့လက်ဆောင်အနေနဲ့ ဒီဖိတ်စာကဒ်ကို အလကား ရိုက်ပေးလိုက်ပါ့မယ်"

"ဟာ. . . မဟုတ်တာ အားနာစရာကြီး. . . ကို"





"ဟန်မောင်ပါ"

"မဟုတ်တာ ကိုဟန်မောင်ရယ်၊ ကျသင့်ငွေတော့ ယူထားလိုက်ပါ၊ နောက်တစ်ခါ ဖိတ်စာလာအပ်ရင် မျက်နှာပူစရာကြီး"

"မပူပါနဲ့ မကေသီရယ်၊ ကျွန်တော့်ကို ဖိတ်မယ်ဆိုရင် နောက်တစ်ခါလည်း အလကား ရိုက်ပေးပါ့မယ်"

"အို. . . မဟုတ်တာ"

"ဟုတ်ပါတယ် ကေသီဟန်ရယ်၊ ကျွန်တော့်ကို မွေးနေ့ လာစေချင်တဲ့ဆန္ဒ ရှိရင် ဒီကဒ်ဖိုးတွေ ငွေမချေခဲ့ပါနဲ့၊ ကျွန်တော့်ရဲ့ စေတနာပါ"

"အားနာစရာတွေတော့ ဖြစ်ကုန်ပြီ ကိုဟန်မောင်ရယ်"

"ရပါတယ်"

"ကျေးဇူးတင်ပါတယ်"

လှကေသီ အားနာနာနှင့်ပင် ဖိတ်စာများ ယူပြီး ဆိုင်မှ ထွက်လာခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၆)

"ဟော့ကောင် ဟန်မောင်၊ မင်း ဘာဖြစ်လို့ စော်မကြည်လဲ ဆိုတာ ငါ အခုမှ စဉ်းစားမိတယ်ကွ"

"ဆိုစမ်းပါဦး အောင်ကြီးရ"

"ဟော့ကောင် နိုင်မင်းသူ၊ ငါ့ကို အောင်ကြီးလို့ မခေါ်နဲ့ကွ၊ ဖို့ကို ငါ့အမေက လူနဲ့လိုက်တဲ့နာမည် ပေးထားတာကွ"

"ဟုတ်ပါပြီ မောင်အောင်ထွန်းခန့်ရယ်၊ ငါ ဘာလို့ စော်မကြည်ရတာလဲ. . . ပြောပါဦး"

"ငါပြောချင်တာက အဲ့ဒီနာမည်ကြောင့်ပေါ့ကွ၊ မင်းနာမည်ကြီးက ဟန်မောင်တဲ့၊ ဟိုးဘိုးတော်ဘုရား လေးဘက်ထောက်တုန်းက နာမည်ကြီးကွာ. . . မနိုပ်လိုက်တာ"

"ငါ့နာမည်ကို ကြည့်ပါလား၊ အောင်ထွန်းခန့်တဲ့ ကောင်မ





လေးတွေက ကိုအောင်၊ ခန့်၊ ထွန်းနဲ့ ချွဲတဲတဲလေး ခေါ်တာ ဘယ်လောက် နားဝင်ချိုလဲ"

ငယ်ငယ်ကတည်းက တတွဲတွဲနှင့် နေခဲ့သော သူငယ်ချင်းလေးယောက်တစ်စု ယခုအချိန်တော့ လတ်ဖက်ရည်ဆိုင် တစ်ခါထိုင်ဖို့ကို အချိန်းအချက် အတော်များများ လုပ်ပြီးမှ အောင်ထွန်းခန့်၊ နိုင်သူမင်းနှင့် ဟန်မောင်တို့ သုံးဦးသား ဆုံမိကြသည်။ လင်းဟိန်းဇံကတော့ အလုပ်မအား၍ ရောက်မလာနိုင်ပေ။

ကိုယ့်စီးပွားရေးနှင့်ကိုယ်မို့ လူစုံတွေ့ဖို့ ခဲယဉ်းလှသည်။ တစ်ယောက်အားသည့်အချိန် တစ်ယောက်က မအားဖြစ်နေသည်။ တစ်ခါတစ်ရံတော့လည်း အလုပ်များကို ဖျက်ကာ လေးယောက်ဆုံဖြစ်တတ်ပါသည်။

"နာမည်နဲ့ ဘာမှမဆိုင်ပါဘူး အောင်ထွန်းခန့်ရာ၊ မင်းက ငပွေးဆိုတော့ ကောင်မလေးတွေ ဝိုင်းတာပေါ့"

"ကောင်မလေးတွေက ငပွေးတိုင်း ဝိုင်းတာမဟုတ်ဘူး၊ အရည်အချင်းရှိလို့ ဝိုင်းတာကွ၊ လင်းဟိန်းဇံဆိုတဲ့ကောင်ကျတော့ အေးတိအေးစက် ပွေးလည်း မပွေးတတ်ဘဲ ဘာလို့ ကောင်မလေးတွေ ဝိုင်းနေလဲ"

"စန်းပေါ့ကွ. . . ဒီကောင်ကြီးကတော့ အတော်ကို နိပ်နေတယ်၊ မနက်ဆို ကောင်မလေးတစ်ယောက် ကားနဲ့၊ ဘဏ်အသွားအပြန်ဆို နောက်တစ်ယောက်က လာကြိုတာကွ"

"ဟော့ကောင်တွေ. . . မင်းတို့က ကောင်မလေးတွေသီးနေမှ အထင်ကြီးကြတာလားကွ၊ မင်းတို့ ငါ့ကို အထင်သေးတာတွေ



www.burmeseclassic.com

www.burmeseclassic.com

လွင့်သွားအောင် ငါ့ရဲ့အင်ဖော်မေးရှင်း(Information)တစ်ခု ပေးလိုက်မယ်"

ဟန်မောင်က အောင်ထွန်းခန့်နှင့် နိုင်သူမင်းတို့ စကားများကို မခံချင်ဖြစ်ကာ စကားအတင်း ဝင်လုပြောသည်။ မိန်းကလေးများကို အထင်မကြီးတတ်သော ဟန်မောင့်စကားကြောင့် အောင်ထွန်းခန့်နှင့် နိုင်သူမင်းက တအံ့တသြနှင့် သူ့စကားသံကို နှုတ်ဆိတ်စွာ နားစွင့်နေသည်။

"ငါ အနိုင်ကလေး တစ်ပွေ တွေ့ထားတယ်ကွ"

"အို. . . very wonderful အလွန်အံ့သြစရာပါလား"

"ဟေ့ကောင် ကိတ်မုန့်. . . မနောက်နဲ့"

အောင်ထွန်းခန့်ကို ပြောခြင်းဖြစ်သည်။

"နောက်တာ မဟုတ်ပါဘူးကွာ၊ မင်းက မမစိမ်းနဲ့ ဇာတ်လမ်းပြတ်ကတည်းက ဖွန်ကိစ္စ ကင်းသွားလို့ပါ"

"မမစိမ်း"

ထိုနာမည်ကို ဟန်မောင် မကြားချင်။

"ဟေ့ကောင် အောင်ကြီးကိတ်၊ မင်းကွာ. . . ဒီနာမည် ဟန်မောင်ရှေ့မှာ မပြောကြေးလို့ ကတိပြုထားတယ်လေကွာ"

"အေး. . . ဆောရီးကွာ"

နိုင်သူမင်း သတိပေးမှ အောင်ထွန်းခန့် စကားမှားသွားမှန်း သိသည်။ ရင်နှင့် ပေါင်းနေသော သူငယ်ချင်းများမို့ တစ်ဦးစိတ်ဆင်းရဲမှုကို တစ်ဦး မလိုလားကြပေ။

ဆိုးတူကောင်းဘက် ဘီယာဆိုင် အတူထိုင် ဘုရားအတူ





တက်၊ ယောက်ျားလေးများ တတ်အပ်သော မကောင်းမှုကောင်းမှု အတူတွဲလုပ်နေကျ။ သူတို့အုပ်စု မလုပ်ဖူးတဲ့ မကောင်းမှုဆိုလို့ အနည်းအကျဉ်းသာ ကျန်လိမ့်မည်။

တစ်ဦးနှင့်တစ်ဦး ဖေးဖေးမမနှင့်မို့ ပျက်စီးသူများ မဖြစ်ခဲ့ကြပေ။

"ဟေ့ကောင် ဟန်မောင်၊ မင်း ငွေ့ငွေ့ကြီး မနေနဲ့လေကွာ၊ ဆိုစမ်းပါဦး. . . မင်းရဲ့နယူး(new)လေးအကြောင်း"

ရင်ဖွင့်တိုင်ပင်ဖော်များလည်းဖြစ်၍ တစ်ဦးအကြောင်း တစ်ဦး အသိဆုံး။

"ဒီမှာ"

ဟန်မောင် အိတ်ကပ်ထဲမှ အသင့်ပါလာသော မွေးနေ့ကဒ်လေးကို ထုတ်ပြလိုက်သည်။

"လှကေသီဟန်"

"ဟာ. . နာမည်ကတော့ အမိုက်စားပဲ၊ လူလည်း အတော်လှမယ့်ပုံပဲနော်"

အောင်ထွန်းခန့် နိုင်သူမင်းလက်ထဲမှ ဖိတ်စာကဒ်လေးကို အလျင်စလို လုကြည့်ရင်း ပြောသည်။

"ဟေ့ကောင် ဟန်မောင်၊ မင်း လျှို့ဝှက်လှချည်လား။ ဖိတ်စာဖိတ်တဲ့အဆင့်တောင် ရောက်နေတာ၊ ငါတို့ကို စတွေ့တဲ့အဆင့်တောင် မသိလိုက်ရပါလား"

နိုင်သူမင်း၏တအံ့တသြစကားကို ဟန်မောင် ပြုံးစစ အမူအရာဖြင့်သာ တုန့်ပြန်သည်။


www.burmeseclassic.com

www.burmeseclassic.com

"လျှပ်တပြက်ရိုက်ချက် ဖြစ်မှာပေါ့ကွာ"

အောင်ထွန်းခန့်က သဘောပေါက်လွယ်သူဖြစ်သည်။ သူက မိန်းကလေးနှင့် ပတ်သက်လျှင် ကျွမ်းကျင်သည်။

"အဲဒီနေ့ကျရင် မင်းတို့ထဲက တစ်ယောက်ယောက် အဖော်လိုက်ခဲ့ကွာ"

"ငါ လုံးဝ မအားပါ"

နိုင်သူမင်း လျင်မြန်စွာပင် ငြင်းဆိုသည်။

"ငါကတော့ ကောင်မလေး ချောချောလေးတွေနဲ့ တွေ့ရမယ်ဆို အားတယ်၊ ဒါပေမယ့် ငါက မင်းနဲ့ မလိုက်ဘူး"

"ဘာဖြစ်လို့လဲကွ"

"ဟ. . . လူကြေသီဟန်က မင်းလို ငုံတုံတုံ ငိုင်တိုင်တိုင် ထက် ငါလို သွက်သွက်လက်လက် စကားတတ်တဲ့ကောင်ကို ပို သဘောကျသွားမှာပေါ့ကွ၊ မင်းက ငါ့ကို မကြောက်ဘူးလားကွ"

"ဟုတ်တယ် ဟန်မောင်၊ ဒီကောင်က ဘာသာစကား လေးမျိုးလောက် တတ်တာနဲ့ နိုင်ငံတကာက မိန်းကလေးတွေကို အစုံလိုက် တွဲနေတာ"


"စီးပွားရေးအရပါကွာ"

အောင်ထွန်းခန့်က ကွဲအက်အက်အသံကို ခပ်မြင့်မြင့်လေး ပြောသည်။

"မင်း ငါ့ကို ယုံရင်တော့ အိုကေပေါ့"







## အခန်း(၅)

"လာမှ လာပါ့မလားလို့ ကို. . . ဟို"

"ဟန်မောင်ပါ"

"အဲ. . . ကိုဟန်မောင်၊ ဟင်. . . အဲဒီလို မခေါ်ချင်ဘူး၊ ထောက်နေလို့ အစ်ကိုမောင်လို့ပဲ ခေါ်မယ်. . . ရမလား"

"ရပါတယ်"

"လာ. . . အစ်ကိုမောင်၊ ဟိုဝိုင်းမှာ ထိုင်ရအောင်"

လူတစ်ယောက်မှ မရှိသော စားပွဲဝိုင်းလေးသို့ သူမ ညွှန်ပြသည်။

"စား. . . အစ်ကိုမောင်၊ ဒန်ပေါက်က ကြက်လှော်စွန်းတာ


www.burmeseclassic.com

www.burmeseclassic.com



လေ၊ ကြိုက်ရဲ့လားတော့ မသိဘူး”

“ကြိုက်ပါတယ်”

“အစ်ကိုမောင် လုပ်ပေးတဲ့ မွေးနေ့ကဒ်လေးကို သူငယ်ချင်းတွေက သဘောကျကြတယ်၊ အစ်ကိုမောင် လာတာ နောက်ကျလို့ စောစောကပဲ ကေသီ့သူငယ်ချင်းတွေ ပြန်သွားတာ”

“ကျွန်တော်လည်း လူရှင်းလောက်မယ့်အချိန် ရွေးလာခဲ့တာ”

“အစ်ကိုမောင်က လူကြောက်တယ်နဲ့တူတယ်”

“ဟုတ်တယ်. . . အထူးသဖြင့် မိန်းကလေးတွေပဲ”

“ကေသီကိုတော့ မကြောက်ပါနဲ့နော်၊ ကေသီက အစ်ကိုမောင် တွေ့ဖူးတဲ့ မိန်းကလေးတွေနဲ့ မတူဘူး၊ နည်းနည်းထူးဆန်းတယ်”

“ထူးဆန်းတယ်”

“ဟုတ်တယ်. . . တခြားပိုင်းတွေကို ကြည့်ပါဦး၊ ကေသီနဲ့ ရွယ်တူယောကျ်ားလေး ပါလား”

“ဟင့်အင်း. . . မတွေ့ဘူး”

“ဘယ်တွေ့မလဲ. . . ကေသီမှ မဖိတ်တာ၊ ကေသီနဲ့ ရွယ်တူယောကျ်ားလေးဆိုလို့ အစ်ကိုမောင် တစ်ယောက်ထဲ ဖိတ်ထားတာ၊ မထူးဆန်းဘူးလား”

“ဟုတ်သားပဲ. . . ခုမှ သတိထားမိတော့တယ်”

“ဖေဖေနဲ့မေမေကိုလည်း အစ်ကိုမောင်နဲ့ မိတ်မဆက်ပေးရဲဘူး၊ တော်ကြာ ကေသီရဲ့ တစ်ဦးတည်းသော ယောကျ်ားလေး





မိတ်ဆွေဆိုပြီး တစ်မျိုးထင်သွားလိမ့်မယ်”

“ကေသီ အဖေနဲ့အမေက”

“ဟိုမှာလေ. . . မေမေက ပန်းဆီရောင် ပိုးဝမ်းဆက် ဝတ်ထားတာ၊ အမေ့ဘေးနားက ခန့်ချောကြီးကတော့ ဖေဖေပေါ့၊ သားနားတယ် မဟုတ်လား”

စကားပြောသွက်လှသော ကေသီစကားများကို ဟန်မောင် ခေါင်းညိတ်၍သာ နေရသည်။ ရင်ထဲမှာတော့ သွေးများ ပြောင်းပြန် လှည့်ပတ်နေသည့်အလား ဆူပွက်နေသည်။

“ကေသီ ဖေဖေတို့နဲ့ မိတ်ဆက်မပေးတာ တစ်မျိုးမထင်နဲ့နော်၊ အခုလို အစ်ကိုမောင်ဘေးမှာ ညှော်ခံနေတာတောင် ပြီးရင် စစ်ကြောရေး ဆင်းရတော့မှာ”

“ဒါဆိုရင် ကိုယ်ပြန်တော့မယ်”

“အဲဒီလို မလုပ်နဲ့လေ၊ လာပြီးမှတော့ ကေသီ ညှော်ဝတ်ကျေအောင် ပြုစုပါရစေ. . . ထပ်ထည့်ပါဦး”

“နေပါစေ. . . ကျွန်တော် ဝပါပြီ၊ ကျွန်တော်ပြန်ရင် မကေသီဟန် အဆူခံရမယ်နဲ့တူတယ်”

“ဆူတော့ မဆူပါဘူး၊ မေမေတို့က နားလည်ပါတယ်၊ ဒါပေမယ့် နည်းနည်းတော့ ရစ်တာ ခံရလိမ့်မယ်၊ အအေးသောက်ဦး အစ်ကိုမောင်”

“ကိုယ်လာမိတာ မှားသွားပြီလား”

“မမှားဘူး. . . အစ်ကိုမောင်သာ ဒီနေ့ မလာခဲ့ရင် ကေသီ့ မွေးနေ့က ပြည့်စုံမှာ မဟုတ်ဘူး”



www.burmeseclassic.com

www.burmeseclassic.com



"မင်း တကယ်ကို စကားတတ်တယ် ကေသီ"

"အစ်ကိုမောင်. . . ကေသီ လှရဲ့လား"

ကေသီဟာန် စားပွဲဝိုင်းဘေးတွင် ထရပ်ကာ တစ်ပတ်လှည့်ပြရင်း မေးသည်။ လှပသွယ်ရှင်းသော ကိုယ်ခန္ဓာလေးက ဟန်ချက်ညီညီ ယိမ်းယိုင်သွားသည်။

"ကေသီဟာန်က ဒီလိုပြင်ဆင်ထားမှ မဟုတ်ပါဘူး၊ ဟိုနေ့ကလို မိုးစိုနေတဲ့အချိန်ကလည်း အတော်ကြည့်ကောင်းပါတယ်"

"ဟဲ. . . ဟဲ. . . မြှောက်နေပြန်ပြီ၊ နောက်ကြုံရင် ထပ်ကျွေးဦးမယ် သိလား၊ မိန်းကလေးဆိုတာ ကိုယ့်ကို လှတယ်ပြောရင် သဘောကျတာပဲလေ"

"မင်းဟာ ကိုယ့်မျက်လုံးထဲက အလှဆုံးပါပဲ၊ မမစိမ်းနဲ့တောင် မတူပါဘူး"

စိမ်းကားသွားတဲ့သူမို့လို့ ပြောတာ မဟုတ်ပါဘူး။

မင်းကိုက အရမ်းကို ကြည့်ကောင်းနေလို့ပါ ကေသီ၊ ကိုယ့်သူငယ်ချင်းတွေ မင်းကို တွေ့ရင် သဘောကျကြမှာပါ။ ကိုယ်တို့က အကြိုက်ချင်း တူတယ်လေ၊

ကိုယ် အောင်ထွန်းခန့်ကို ခေါ်မလာမိတာ မှန်သွားတယ်၊

ကေသီက ကိုယ်လုံးလှလှ စကားရွှရွှလေးတွေနဲ့ ဟိုကောင်ကလည်း အပြောချိုချိုဆိုတော့. . .

အဲ. . . ဘာတွေ တွေးနေမှန်းမသိ၊

ကိုယ့်ရှေ့မှာ ရှိတဲ့ကေသီက ကိုယ်နဲ့မှမဆိုင်၊ သဝန်တိုဖို့အခွင့်လည်း မပိုင်ပါလား၊





"ပြန်မယ် ကေသီ"

"ကေသီ လိုက်ပို့မယ်လေ"

"မပို့နဲ့ ကေသီ"

"ဘာဖြစ်လို့"

"ကေသီ လိုက်ပို့ရင် ကိုယ်အမြဲလာချင်နေလိမ့်မယ်"

"လာချင်ရင်တော့ လာလည်ပေါ့၊ ဒါပေမယ့် ကေသီက အိမ်ကိုတော့ ကြောက်ရတယ်၊ အစ်ကိုမောင် အားရင် ဖုန်းဆက်နော်၊ ကေသီလည်း ဆက်မယ်၊ အစ်ကိုမောင် ပုံနှိပ်တိုက်ကို ဆက်မယ်နော် ရလား"


"ရပါတယ်. . . ကိုယ်လဲ ဆက်မယ်၊ ကေသီရဲ့ဖုန်းကို မျှော်နေမယ်"



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၈)

"တွီတွီ. . . တွီတွီ"

နိုင်သူမင်း၏ G.S.M လေး မြည်လာသည်။

"ဟဲလို. . ."

"ဖိုးနိုင်. . . ငါပါကွ"

"အေး. . . ဟန်ကြီး၊ မင်း ကိစ္စရှိလို့လားကွ"

"မင်း ညနေအားလား"

"အေးကွ. . . အခုထိတော့ မအားသေးဘူး၊ ငါတို့ဝပ်ရှော့မှာ ကားတွေ ပုံနေတယ်၊ မိုးတဖွဲဖွဲ ရွာနေတော့ ကားတွေ လမ်းချော်တာနဲ့ နှာစေးတာနဲ့ ငါတို့ဆီ ရောက်ရောက်လာကြတယ်"





"အေးကွာ. . . မင်းက ဆေးရုံအုပ်ကြီးဆိုတော့ ဘယ်အား မလဲ၊ ဒါပေမယ့် ငါ့ရင်ထဲက ခံစားချက်ကို ကုစားပေးဖို့ အချိန်ပေးသင့်တယ်၊ ငါ အခု Heart ထိနေတယ်ကွ"

"အေးပါကွာ. . . ငါ ညနေကျရင် မင်းတို့ကို အချိန်ပေးဖို့ ကြိုးစားပါ့မယ်ကွာ၊ အောင်ထွန်းသန့်နဲ့ လင်းဟိန်းဇံတို့ရော ချိန်းပြီးပြီလား"

"လင်းဟိန်းဇံကတော့ ထုံးစံအတိုင်း ဘဏ်ကိစ္စတွေနဲ့ မအားဘူးတဲ့ကွ၊ အောင်ထွန်းခန့်ကတော့ ညနေတိုင်း သူ့ရင်ခွင်ထဲ ငါတို့သူငယ်ချင်းတစ်စုကို အမြဲတမ်း ထည့်ထားချင်တာတဲ့ကွ"

"ဒီကောင် စကားကတော့ လှတယ်ကွာ၊ ဒါကြောင့် စကားပြန်အလုပ်နဲ့ အလုပ်ဖြစ်နေတာ"

"ဒါပေမယ့် ဒီကောင် ခုတလော ဘူပိတ်နေတယ်ကွ"

"ဘာဖြစ်လို့လဲ"

"ကပ္ပလီမကြီးတစ်ယောက်ကို Guide လုပ်နေရလို့တဲ့ကွ"

"ဟား. . . ဟား. . . ဒီကောင် ထိမှကောင်းတယ်"

"မင်းလည်း အလုပ်ရှုပ်နေတယ်ဆိုတော့ ဒါပဲကွာ"

"ဟာ. . . ဟေ့ကောင်. . ."

"ဘာလဲကွ"

"ခဏကိုင်ထားဦး"

"ဟေ့ကောင် နိုင်သူ. . . ဘာကြောင်နေတာလဲ"

နိုင်သူ ဟန်မောင်စကားကို ပြန်မဖြေနိုင်၊ တိတ်ဆိတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ရှုခင်းသိပ်လှတယ်ကွာ"

"ဆော့တောင်. . . မင်းဘယ်ရောက်နေလို့လဲ"

"ဆိုင်မှာပဲကွ"

"မင်းဆိုင်ရှေ့ ရှုခင်းမကောင်းပါဘူးကွာ၊ လာနှိုးမနေနဲ့၊ တားစော်ခေါင်း ပစ္စည်းအဟောင်းတွေက ကားသချိုင်း ကျနေတာပဲ"

"မဟုတ်ဘူးကွ. . . ငါ့ရှေ့မှာ မဟာဆန်တဲ့ မဒီလေး တစ်ယောက် ရောက်နေလို့ကွ"

"ငကြောင်. . ."

"ယောက်ျားဆိုတာ ကျားကွ၊ ဟာ. . . ဟော့ကောင်၊ ကောင်မလေး ငါ့ဆီ လာနေပြီ. . . ဒါပဲကွာ"

နိုင်သူမင်း ဖုန်းခလုတ် ပိတ်လိုက်သည်။

"ရှင်တို့လုပ်ပုံ ဟုတ်သေးရဲ့လား"

"ဗျာ. . ."

ဘလိုင်းကြီး ရန်တွေ့ခံလိုက်ရသဖြင့် နိုင်သူမင်း ရင့်ထဲ အောင့်သက်သက်ကြီး ဖြစ်သွားသည်။ သူ သိပ်ချစ်ခဲ့သော နှင်းနန္ဒာကိုပင် ဒီလိုခံစားချက်မျိုး မပေးနိုင်ခဲ့။

"ကျွန်မကား ကောင်းသွားပြီဆိုပြီး အခုတော့ မသေတာကံကောင်းပဲ၊ နှစ်မိုင်လောက်တောင် မမောင်းရသေးဘူး၊ ကားက ထိန်းမရအောင်ပဲ ဖြစ်သွားတာ"

"ဩော်. . . ဟုတ်လား"

"ဟုတ်လား လုပ်မနေနဲ့၊ ကားပြင်စားနေပြီး ကားကို ကောင်းလား မကောင်းလား မသိဘဲ ကောင်းပြီဆိုပြီး လက်လွှတ်





ပေးလိုက်ရလား၊ ဒါ ရှင် Dream ကားပါတ်ရဲ့လုပ်ငန်းစဉ်လား၊ နာမည်ကောင်း ရနေတာကိုမှ အားမနာ"

"ခဏနော်. . . မောင်တင်. . . မောင်တင်"

"လာပါပြီ"

"ဒီကားကို ဘယ်သူကိုင်တာလဲ"

"ဖိုးဇော်ပါ"

"ဖိုဇော်ခေါ်ခဲ့ကွာ"

"ခဏနော်. . ."

သူမဘက် လှည့်၍ သူမ၏လှုပ်ရှားမှုများကို အမှတ်မထင် အကဲခတ်ခဲ့မိသည်က နိုင်သူမင်းအတွက် ပထမအမှား။

ဒေါသဖြစ်နေသော မျက်နှာဖြစ်သော်လည်း အတော်ကြည့်ကောင်းသော သူမ၏မျက်နှာလေးကို တိတ်တခိုး ကြည့်နေမိသည်။

နှုတ်ခမ်းလေး ကိုက်ပြီး ဆံစလေးများကို သပ်တင်နေသော သူမ၏ချစ်စဖွယ် အမူအရာ။

လှုပ်ရှားမှုနှင့်အတူ စည်းချက်ညီညီ ယိမ်းနွဲ့နေသော သူမ၏ရှည်လျားနက်မှောင်နေသော ဆံနွယ်စလေးများ။

ချစ်သူ နှင်းနန္ဒာမျက်နှာက ရုတ်တရက် ပေါ်လာသည်။

"နှင်းရဲ့ဆံပင်က အရှည်ထားလို့ မရဘူး ကိုကိုရဲ့၊ နှင်းတို့ အမျိုးက ဆံပင်ကျဲပြီး ပါးတော့ အရှည်ထားရင် အဖျားရှူးလွန်းလို့ အရှည် ဘယ်လိုမှ ထားလို့မရဘူး"

"နှင်းကို ချစ်ရင် ဆံပင်အရှည်ထားဖို့ မပြောပါနဲ့ ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



နှင်းရဲ့စကားက သူ့ရဲ့နားတွင် ကြားယောင်နေမိသည်။

"အစ်ကို. . . အစ်ကို"

"ဘာလဲကွ. . . မင်းကလဲ၊ အနားကပ်ပြီး လာအော်နေတာ"

"အစ်ကို ခေါ်တယ်ဆိုလို့"

နိုင်သူမင်း ရှက်စိတ်ဝင်သွားရသည်။ အရှေ့မှ ဒေါသမျက်နှာနှင့် မိန်းကလေးကို ခိုးကြည့်နေတာ လူမိသွားလေသလား။

"ဖိုးဇော်. . . မင်း ဒီအစ်မကားကို ဘယ်လိုပြင်ပေးလိုက်တာလဲ၊ သေချာမလုပ်ပေးဘူးလား၊ ကားက မကောင်းသေးဘူး ပြောနေတယ်"

"ဟာ. . . ဟုတ်တယ် အစ်ကို၊ မနက်က ကျွန်တော် လက်ဖက်ရည် ထွက်သောက်နေတုန်း ချိုချို လွှတ်လိုက်တဲ့ကား အစ်ကို"

"မင်းတို့ကွာ. . . အလုပ်ကို စေ့စေ့စပ်စပ် မလုပ်ကြဘူး၊ သေချာလုပ်မှပေါ့၊ လက်ဖက်ရည်ဆိုင်ပဲ ထိုင်နေကြတယ်၊ ထမင်းတွေးတဲ့အလုပ်ကို လေးစားရမှာပေါ့ကွ"

နိုင်သူမင်း ရှက်ရှက်နှင့် ဖိဟောက်နေသည်။

သူမကို စတွေ့ကတည်းက အာရုံတွေ ထွေပြားသွားရသည်။ သူမထက် သူမ၏ဆံနွယ်များကို ပို၍ ရင်ခုန်နေမိသည်။

"ငါက တစ်ယောက်ဆိုတစ်ယောက်ပဲကွ၊ နှင်းနန္ဒာကလွဲလို့ ငါ့ဘဝမှာ ဘယ်မိန်းကလေးမှ မရှိနိုင်တော့ဘူး"

ရဲဝံ့စွာ သူ ကြိမ်းဝါးပြောဆိုခဲ့သည့်စကား။

"မင်းတို့ တာဝန်မကျေတာ အရေးမကြီးဘူး၊ တို့အလုပ်က





လူတွေရဲ့အသက်နဲ့ ဆိုင်တယ်၊ အန္တရာယ် ရှိတယ်ကွ၊ အစ်မကို ဘယ်လောက်အားနာစရာကောင်းလဲ၊ သွား. . . ခု သေချာကြည့်ပေးလိုက်"

"ကဲ. . . နေပါစေတော့၊ ဒီလောက်ကြီးလည်း ဒေါသထွက်မနေပါနဲ့ရှင်၊ ကျွန်မ ကားထားခဲ့ပါ့မယ်၊ သေသေချာချာသာ ကောင်းအောင် ပြင်ထားပေးပါ"

ဆန့်ကျင်ဘက်လေသံဖြစ်သွားသော သူမစကားသံကြောင့် သူ့ရဲ့လေသံ နည်းနည်းလျှော့လိုက်ရသည်။

"မဟုတ်ပါဘူးဗျာ. . . ကျွန်တော်က ဒီက အစ်မကို အားနာလွန်းလို့ပါ၊ တစ်ခါတစ်လေ သတိလက်လွတ် ဖြစ်တတ်တာကို ကျွန်တော် နားလည်ပါတယ်၊ ဒါပေမယ့် အသက်အန္တရာယ်နဲ့ ဆိုတော့ ကျွန်တော်တို့ တာဝန်မကင်းဘူးပေါ့"

"ရပါတယ်ရှင်. . . အခု ဘာမှ မဖြစ်တာပဲ တော်ပါသေးတယ်၊ ကျွန်မလည်း ရုတ်တရက်မို့ လန့်ပြီး ဒေါသဖြစ်သွားတာပါ. . . ပြန်လိုက်ဦးမယ်"

"နေဦးလေ. . . ကျွန်တော်တို့ဆီက ကားနဲ့ ပြန်ပို့ပေးပါ့မယ်"

"ရပါတယ်. . . ကျွန်မ ကားငှားပြန်လိုက်ပါ့မယ်"

"မလုပ်ပါနဲ့ အစ်မရယ်၊ ကျွန်တော်တို့ကို အစ်မ စိတ်ဆိုးမပြေသေးဘူးနဲ့တူတယ်"

"မပြေဘူး. . . မပြေဘူး၊ ရှင့်ကို ကျွန်မ စိတ်အဆိုးဆုံးပဲ၊ သူတို့ အစ်မ အစ်မနဲ့ ခေါ်ရအောင် ကျွန်မ ရှင့်လောက် အသက်



www.burmeseclassic.com

www.burmeseclassic.com




မကြီးသေးဘူးရှင့်"

"နာမည်မသိလို့ပါ. . . အဲ. . . အစ်. . မ"

"ရှင်းသန့်မွန်ပါတဲ့ရှင်"







# အခန်း (၄)

"ရှင်းသန့်မွန်"

"ဟာ. . . နာမည်ကတော့ အမိုက်စားပါလား၊ ရင်ထဲကို အေးမြသွားတာပဲ"

အောင်ထွန်းခန့် နာမည်လေးကို ရွတ်ဆိုရင်း ချီးမွမ်းလိုက်သည်။

"နာမည်လှလေးတင် မဟုတ်ဘူး ဟော့ကောင်၊ လူကလည်း အရမ်းမိုက်တယ်ကွ. . . အလန်းလေး၊ ဆံပင်ကြီးကလည်း အရှည်ကြီးပဲကွ"

"ဘာလဲကွ. . . အလန်းလေးဆိုတာ"



www.burmeseclassic.com

www.burmeseclassic.com



"အမိုက်စားလေးကို ပြောတာ"

"ဖိုးနိုင်ရာ. . . နှင်းနန္ဒာကို အားနာပါဦး"

"ဟော့ကောင် ဟန်ကြီး၊ မင်းက တရားပြမနေနဲ့၊ ငါ ဆံပင်အရှည်ဆို နှစ်သက်တာ ငယ်ငယ်ထဲကကွ၊ မင်းတို့ သိသားပဲ၊ နှင်းကိုတောင် ဆံပင်အရှည် ထားခိုင်းတာ"

"မင်းနှင်းက ဆံပင်အရှည်နဲ့ဆို ကြည့်မကောင်းပါဘူးကွာ၊ သူ့ဆံပင်က ပါးပါးလေးကွ"

"အဲ့ဒါကြောင့် ငါ ရှင်းသန့်မွန်ကို သဘောကျတာပေါ့ကွ၊ ငါ နှင်းကို ချစ်ပါတယ်ကွာ၊ ဒါပေမယ့် ဆံပင်အရှည်ကိုလည်း မြတ်နိုးတယ်"

"ဒီကောင်တော့ မလွယ်ဘူးကွ၊ ငါ့ကို ပြောထားတဲ့စကားတွေ ဝင့်လည်တော့မယ်"

"ပြောတော့ကွာ. . . ငါ မင်းတို့မှ အမှန်အတိုင်း ရင်မဖွင့်ရရင် ဘယ်သူ့မှ ရင်ဖွင့်စရာ မရှိဘူး၊ ငါနဲ့နှင်းက အထက်တန်းကျောင်းမှာကတည်းက တွဲလာခဲ့တာ အခုအထိပဲ၊ ငါ သစ္စာမဲ့ချင်ဘူးကွာ၊ ဒါပေမယ့်. . ."

"ဒါပေမယ့် လုပ်မနေနဲ့ ငနိုင်၊ ဒီကိစ္စမျိုးဆိုတာ ကိုယ့်ကိုယ်တို မထိန်းချုပ်ရဘူး၊ မင်းနဲ့ နှင်းဆိုတာ လက်ထပ်ရသေးတာမှ မဟုတ်တာ၊ မင်းနှလုံးသားရဲ့အလိုအတိုင်းပေါ့ကွာ"

"ဟော့တောင် အောင်ထွန်းခန့်၊ မင်း သစ္စာမဲ့တဲ့ကိစ္စ သင်မပေးနဲ့၊ မင်းသာ လုပ်ချင်သလိုလုပ်၊ ငါတို့ကိုတော့ မဖျက်ဆီးနဲ့"

"ဘာပြောတယ်. . . ငါက ဖျက်ဆီးတယ်၊ ဟား. . . ဟား





ဟား၊ ရယ်တောင်ရယ်ချင်သေး၊ မိန်းမဆိုတာ ကိုယ်က မကစားနိုင်ရင် ကိုယ့်ကို ကစားသွားမှာကွ၊ မင်းလည်း ကိုယ်တွေ့ပဲဟာ"

"မမစိမ့်"

နာမည်လှသလောက် လူတွေအပေါ် ခပ်စိမ်းစိမ်းပဲနေတတ်တဲ့မမ၊ ဟန်မောင်တို့အုပ်စု ဝိုင်း၍သဘောကျရတဲ့ မမ။

မမက တက္ကသိုလ်ကျောင်းသူ၊

ဟန်မောင်တို့က ဆယ်တန်းကျောင်းသား၊ မမက ဟန်မောင်တို့ ရပ်ကွက်ထဲက အဆောင်တစ်ခုမှာ လာနေတာယ်။

မမရဲ့အဆောင်ပိုင်ရှင်က ဟန်မောင့်အဒေါ်၊ မမကို တွေ့ချင်လို့ အဒေါ်ဆီ ခဏခဏ သွားတော့ မမနဲ့ ခင်မင်ခဲ့ရတယ်။

"ဆယ်တန်းဆိုတော့ စာကျက်နော် ဟန်မောင်တဲ့"

အဲဒီတုန်းကတော့ ဟန်မောင်က သူတို့အုပ်စုထဲမှာ ဟီးရိုးကြီးပေါ့။

"မမကို တကယ်ချစ်ရင် ဂုဏ်ထူးတွေ အများကြီး ရအောင်ဖြေနော်" တဲ့။

အဲဒါနဲ့ ဟန်မောင် ဆယ်တန်းမှာ ဂုဏ်ထူးသုံးဘာသာထွက်တယ်။

မမကတော့ အဲဒီအချိန်ကတည်းက အဆောင်က ပျောက်သွားလိုက်တာ အခုချိန်ထိပါပဲ။ ယောက်ျားရသွားပြီဆိုတဲ့ မမရဲ့သတင်းကို ဟန်မောင် ကြားခဲ့ပြီး နောက်ထပ် မမအကြောင်း ဘာမှမကြားခဲ့ရတော့ပါဘူး။

ဟန်မောင် ဆယ်တန်းကို ဂုဏ်ထူးသုံးဘာသာ မပြောနဲ့



www.burmeseclassic.com

www.burmeseclassic.com

အောင်အောင် မနည်းဖြေယူရမယ့်အဆင့်ကို ကျော်အောင် မမ စွမ်းဆောင်နိုင်ခဲ့သည်။

"သစ်စိမ်းချိုး ချိုးသွားတဲ့ မမစိမ်းရယ်"

ဟန်မောင်တို့အုပ်စု မမကို နာမည်ပေးလိုက်တယ်။

"မမစိမ်းတဲ့"

ဒီနာမည်ကြားတိုင်း ဟန်မောင် ခံစားမှုဝေဒနာက ပြင်းထန်လာတတ်သည်။ ဒါကြောင့် သူငယ်ချင်းအားလုံးက ဟန်မောင့်ရှေ့မှာ ဒီနာမည်ကို ဘယ်တော့မှ မပြောကြကြေး တိုင်ပင်ထားသည်။

"ဟေ့ကောင် ဟန်မောင်၊ မင်းက ချိန်းပြီး စကားမပြောပါလားကွ"

နိုင်သူမင်းက ဟန်မောင်ပခုံး ပုတ်လိုက်တော့မှ ဟန်မောင် အတွေးစများ ပျက်သွားသည်။

"ငါ ဒီနေ့ မွေးနေ့ပွဲ ရောက်တယ်ကွ"

"ဟေ. . . ငါ့သူငယ်ချင်း အတော်ကို တိုးတက်နေပြီပဲ၊ မင်းတစ်ယောက်တည်း သွားတာလား"

"မိုက်တယ်ကွာ"

ဟန်မောင် အဆုံးမရှိ အစမရှိ ပြောလိုက်သည်။ ပြီးမှ. . .

"သူတ ငါ့ဘေးမှာ တစ်ချိန်လုံး ထိုင်ပြီး ဧည့်ခံတယ်ကွ"

"ရှာရန် ရာနှုန်းပြည့်ပဲ ဟန်မောင်"

"ငါ့ဆီကို ဖုန်းဆက်ဦးမယ်တဲ့"

"တယ်ဟုတ်ပါလားကွ. . . မင်းတော့ စွံတော့မယ်နဲ့ တူ





တယ်"

"မဆိုင်လိုက်တာ"

"အတွေ့အကြုံများလှတဲ့ ငါ့အထင်ပြောရရင် မင်း စွံကို စွံပြီကွ"

"ဘာလဲ. . . မျက်စိလား"

"မနောက်ကြပါနဲ့ကွာ. . . ငါ တကယ် စိတ်လေနေပြီ"

"ဘာကိုလဲ"

"မမစိမ်းလို ဖြစ်မှာစိုးလို့လား"


"မမစိမ်းနဲ့ကိစ္စမှာ မင်းက အစွဲအလန်းကြီးလို့ပါ ဟန်မောင်ရာ၊ ဒီကိစ္စတွေက ဖြစ်တတ်ပါတယ်"

"ဟေ့ကောင် နိုင်သူမင်း၊ မမစိမ်းအကြောင်း မပြောကြေးလေ"

"ပြော. . . ရပြီ ဟေ့ကောင်၊ လုံ့ကေသီဟန် ပေါ်လာပြီဆိုတော့ မမစိမ်းက ပုံပြင်တစ်ပုဒ်လို ဖြစ်သွားပြီ"


www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၀)

အောင်တွန်းခန့်စကားက မှန်၏။

မမစိမ်း. . . မမစိမ်း. . . လှကေသီဟန်ဆိုတဲ့ မိန်းကလေး ရောက်မလာခင်အထိ ဟန်မောင့်ရင်ထဲ အစွဲရှိတုန်း။

ခုတော့ မမစိမ်းနဲ့ ပတ်သက်တဲ့ ခံစားချက်တွေ ဟန်မောင်နဲ့ အတော့်တို့ စိမ်းသွားခဲ့ပြီပဲ။

တန်မောင် အတွေးတွေအားလုံး လှကေသီဟန် ပိုင်စိုးသွားခဲ့လေပြီ။ တစ်ခါတစ်ခါတော့လည်း မမစိမ်းကို သတိရမိပါတယ်လေ။

"တီ. . . တီ. . . တီ"





လိုင်းဖုန်းအသံက ည(၁၁)နာရီကျော်မှ မြည်လာသည်။ အိမ်သားတွေအားလုံး အိပ်ယာထဲ ဝင်ကုန်ကြလေပြီထင့်။

လိုင်းဖုန်းကို အလုပ်တိုက်တွင်သာ သုံးသည်။

အိပ်ခန်းထဲမှာ လိုင်းဖုန်းအခွဲတစ်လုံး ရှိသည်။

"ဟဲလို"

ဖုန်းမျှော်နေသည်မို့ ဖုန်းကို အပြေးကိုင်မိသည်။

"ဟဲလို. . ."

လိုင်းဖုန်းတစ်ဖက်အသံကို ဘာမှ မကြားရပဲ တိတ်ဆိတ်နေသည်။

"ဟဲလို. . . ဘယ်သူနဲ့ တွေ့ချင်လို့လဲ"

"ဟဲလို. . . စကားမပြောရင်လဲ ဖုန်းချလိုက်တော့"

စိတ်မဆိုးပေမယ့် လေသံက အနည်းငယ် မာကျောနေသည်။

တစ်ဖက်မှလည်း ဘာသံမှ မကြားရပေ။

ဟန်မောင်က အရဲစွန့်၍. . .

"ကေသီဟန်လား"

"တောက်. . . တောက်"

ဖုန်းခွက်ကို လက်သည်းလေးဖြင့် ခေါက်သံဖြစ်သည်။

"ဟုတ်တယ် မဟုတ်လား မကေသီဟန်"

စကားသံမှ ခုထိ မကြားရသေး။

"ဒီလို ထူးထူးခြားခြား ဖုန်းခေါ်တာ ကျွန်တော်တို့အိမ်မှာ ဒါ ပထမဆုံးပဲဗျ"


www.burmeseclassic.com

www.burmeseclassic.com


"ရှင်. . . တော်တယ်"

အသံတိုးတိုးလေးနှင့် ပြောသည်။ တိုးညင်းသောလေသံ သဲ့သဲ့လေး ထွက်ပေါ်လာသည်။

"ကေသီဟန် ဟုတ်ရဲ့လား"

"ဘာလို့"

"မကေသီဟန်က ကျွန်တော့်ကို ရှင်လို့ မပြောတတ်ဘူး လေ"

"ဆောရီးပဲ အစ်ကိုမောင်၊ ကျွန်မ. . အဲ. . ကေသီက ရှင်နဲ့ ကျွန်မနဲ့ ပြောတာ အကျင့်ဖြစ်နေလို့ပါ။ အစ်ကိုမောင် စိတ်ဆိုးသွား လား"

"မကေသီဟန် စိတ်ချမ်းသာမယ်ဆို ကျွန်တော် ကျေနပ်ပါ တယ်ဗျာ"

"အစ်ကိုမောင် ကေသီ့ဖုန်း စောင့်နေတာလား"

"ဟုတ်တယ်. . . ညနေက မကေသီဟန် ဖုန်းဆက်သေး လား"

"တင့်အင်း. . . အစ်ကိုမောင် မရှိမှာစိုးလို့၊ ယောက်ျား လေးတွေက ညနေစောင်းဆို လက်ဖက်ရည်ဆိုင် ထိုင်တတ်ကြတာ ဆိုတော့ ညမှ ဆက်တာပါ"

"မကေသီဟန်က ယောက်ျားလေးတွေ အကြောင်း အတော်သိပါလား"

"ဘွဲ့ပဲ ရတော့မယ်၊ ယောက်ျားလေးတွေအကြောင်း ဘာမှမသိဘူးဆိုရင် ညာရာကျနေမှာပေါ့၊ ဒါပေမယ့် တစ်မိမ်း ယောက်ျားလေးဆီ ဖုန်းဆက်တာ ဒါ ပထမဦးဆုံးအကြိမ်ပဲ"

"ဟုတ်လို့လား"

"မယုံ နေပေါ့. . . ဒီက အစ်ကိုမောင်သာ ကျွန်မနာမည် ကို မှန်အောင် မခေါ်နိုင်ရင် အစ်ကိုမောင်ဆီ ဖုန်းဘယ်တော့မှ မဆက်တော့ဘူးလို့ စဉ်းစားထားတာ"

"မလုပ်ပါနဲ့ဗျာ"

"အစ်ကိုမောင်က ကေသီ့ကို ခင်လို့လား"

"ခင်တာပေါ့. . . အရမ်းခင်. . . ခင်တာထက်ကို"

"ခင်တယ်ဆိုရင် မကေသီဟန်လို့ မခေါ်နဲ့၊ သူငယ်ချင်း တွေ ခေါ်သလို ကေသီလို့ခေါ်"

"ကေသီ. . ."

"ရှင်. . ."

"ကျွန်တော့်ကိုလည်း နာမည်ပြောင်းခေါ်ပါလား"

"ဒါဆို ဘယ်လိုခေါ်ရမလဲ"

"ရှေ့က အစ်ကိုဆိုတာကြီးကို ဖြုတ်လိုက်ပါလား"

"ကေသီ မခေါ်ရဲပါဘူး"

"ခေါ်ပါ ကေသီရယ်၊ ကိုယ့်ကို မခင်ဘူးလား"

"မဆိုင်ပါဘူးနော်"

"ဒါဆို မခေါ်ဘူးလား"

"ဖြေးဖြေးပေါ့ အစ်ကိုမောင်ရာ၊ ကေသီ အကျင့်မဖြစ် သေးလို့ပါ၊ နောက်တော့ ဖြစ်လိမ့်မယ်ထင်တယ်၊ ဒါပဲနော်. . . ဂွတ်နိုက်(Good Night)"



www.burmeseclassic.com

www.burmeseclassic.com



"ဟေ. . . ဟေ. . . နေဦးလေကွာ"

ဖုန်းချသွားနှင့်ပြီ။

ဟန်မောင် သက်ပြင်းလေး ချလိုက်သည်။

အမေ၊ အမေနဲ့ ညီမလေးတို့ နိုးကုန်ကြပြီ။

ဟန်မောင် ရှက်ပြုံးပြုံးပြရင်း အိပ်ခန်းအတွင်းသို့ အပြေးဝင်လာခဲ့သည်။

အိမ်သားများ အံ့ဩလျှင်လည်း အံ့ဩစရာ။

ဟန်မောင် မိန်းကလေးများနှင့် မပတ်သက်ခဲ့သည်မှာ မမစိမ်းကိစ္စ ကြုံပြီးကတည်းက ဘယ်သူ့ကိုမှ စိတ်မဝင်စားခဲ့ပေ။

ဟန်မောင်တစ်ယောက် ဒီညတော့ အတွေးများနှင့် အိပ်စက်ရတော့မည် ထင်ပါသည်။







## အခန်း(၁၀)

"ဟော့ကောင်. . . မင်းရဲ့ညနေတိုင်းမှာ သူငယ်ချင်းတွေကို မင်းရင်ခွင်ထဲ အမြဲထည့်ထားတယ်ဆို"

"ငါ တကယ်မအားလို့ပါ ဟန်မောင်ရာ၊ မင်းရင်ဖွင့်ချင်ရင် ညမိုးချုပ်မှ မင်းအိမ်လာခဲ့မယ်"

"မင်း ဘယ်သွားနေတာလဲ၊ ဘေးက အသံတွေကလဲ ဆူနေတာပဲ"

"ငါ စားသောက်ဆိုင်ထဲ ရောက်နေတာကွ၊ မင်း နိုင်သူမင်းနဲ့ အဆက်အသွယ် ရှိသေးလား"

"ရှိတယ်. . . အခုတော့ ရောက်မလာသေးဘူး။ တွေ့ဒါ့ဘေးမှာ ဘယ်သူရောက်နေလဲ သိလား"



www.burmeseclassic.com

www.burmeseclassic.com



"လှကေသီဟန်လား"

"တလွဲတွာ. . . ငါ့နား ကေသီ ရှိနေလို့က မင်းဆီကို တောင် ဖုန်းဆက်အားမှာ မဟုတ်ဘူး. . . လင်းဟိန်းဇံကွ"

"ဟာ. . . ပေါ်တော်မူကြီး၊ သူ့ကို ဖုန်းခဏပေးလိုက်ကွာ"

"ဟဲလို"

"ဟော့ကောင် ငဇံ၊ မင်းပျောက်လှချည်လား"

"အေးကွာ. . . ငါအလုပ်များနေလို့"

"အဆင်ပြေတယ် မဟုတ်လား"

"ဘာကိုလဲ"

"လူမှုရေး၊ စီးပွားရေး၊ အချစ်ရေးပေါ့ကွ"

"အင်း. . . အချို့တော့ ပြေပါတယ်၊ အချို့တော့ မပြေဘူး"

"ဘာတွေ အဆင်မပြေ ဖြစ်နေလဲ သူငယ်ချင်း"

"အေးအေးဆေးဆေးမှ ပြောပြမယ်ကွာ၊ ဟန်မောင်နဲ့ ပြောဦးမလား"

"တော်ပြီကွာ. . . ဒီမှာ အဆင်လေးတွေ လိုက်ရှိနေတာ၊ မင်းတို့နဲ့ စကားပြောရတာ လွတ်ကုန်ပြီ. . . ဒါပဲကွာ"

အောင်ထွန်းခန့် ဖုန်းခလုတ်ကို ပိတ်ထားလိုက်သည်။

"မင်းရဲ့မျက်ဝန်းထဲ × × × ငုံ့ကြည့်လိုက်စဉ်ဝယ် × × × ရင်မှာ မြည်တဲ့ × × × ခေါင်းလောင်းသံလေးရယ် × × × အချက် ပေးနေတာလားကွယ် × × × မတော်တဆပဲလားကွယ် × × × ရင့်ထဲက × × × နာခဲ့ ကြားတဲ့စကားရဲ့ အဓိပ္ပါယ်ရှာဆဲပဲ × × ×"

အောင်ထွန်းခန့် ဘီယာတစ်ငုံ ငုံရင်း ငြိမ့်ညောင်းသာယာ





လှသော သီချင်းသံလေးကို နားစွင့်လိုက်သည်။

"မင်းရဲ့နှလုံးသားလေးထဲ × × × အမြဲစီးဆင်းနေတဲ့ × × × ရေတံခွန်ပေါ်မှာ × × × အချစ်ပွင့်တွေ ရှိတယ်၊ × × × အဲ့ဒီပန်း လေးတွေ ခုန်ဆင်း × × × ရေတံခွန်လေးလည်း ချို့ယွင်း × × × အလှဘုရင်မလေးလည်း × × × သနားစရာအလှနဲ့ × × × အားငယ် နေဆဲပဲ × × ×

× × × အချစ်လေး × × × ကိုယ့်ကို နားလည်ပေးပါ တလေးရယ် × × × အချစ်လေး × × × ကိုယ့်ကို နားလည်ပေးပါ တလေးရယ် × × ×"

အသံကောင်းလှသော တောင်မလေးဆီသို့ သူ အကြည့် ရောက်သွားသည်။

သူနှင့်အတူ ပါလာသော နိုင်ငံခြားဧည့်သည်များကလည်း ထိုအသံရှင်ကို ထပ်တလဲလဲ ချီးကျူးနေသည်။

ထိုအသံရှင်၏ လည်တွင်လည်း ရွှေရောင်ငွေရောင် ကျောက်စိမ်းရောင် ပန်းကုံးများက ဝေဝေဆာဆာ။

အောင်ထွန်းခန့် အရင်က ဒီဆိုင်ကို မကြာခဏ ရောက် ဖူးသော်လည်း အခု ဆိုသော အဆိုရှင်ကို မတွေ့ဖူးခဲ့။

အဆိုရှင်က အသစ်ဖြစ်သည်ထင့်။

အောင်ထွန်းခန့် ဈေးအကြီးဆုံး သရဖူလေးတစ်ခု သွား ဝယ်ကာ သာယာချိုမြသော အသံပိုင်ရှင်ကို သွား၍ ဂုဏ်ပြု ချီးမြှင့် လိုက်သည်။

"ဖြောင်း. . . ဖြောင်း. . . ဖြောင်း"



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်း၍ လက်ခုပ်တီး အားပေးကြသည်။

"ကျေးဇူးတင်ပါတယ်"

သူ၏ချွဲလျလျ အသံလေးက အောင်ထွန်းခန့်ရင်ထဲ အေးခနဲ စိမ့်ဝင်သွားသည်။

"နောက်တစ်ပုဒ်လောက်"

သူ့နှုတ်က သူရာရည် အားကိုးနှင့် ရဲရဲတင်းတင်း တောင်းဆိုလိုက်သည်။

"ကျေးဇူးတင်ပါတယ်. . . ညီမ ဒီသီချင်းတစ်ပုဒ်ပဲ ကျင့်ရသေးလို့ ခွင့်လွှတ်ပေးပါ"

သူမ အသံချိုလေးနဲ့ တောင်းပန်ပြီး စင်ပေါ်က ဆင်းသွားခဲ့သည်။

အောင်ထွန်းခန့် မကျေနပ်နိုင်၊ သူမ ဝင်သွားသောအခန်းထဲ လိုက်ဝင်လိုက်သည်။

"မင်းက မူတာလား"

သူ မူးလျှင် ရစ်တတ်တဲ့ အကျင့်ဆိုးက ရှိနေသည်။

"ရှင်မူးနေရင် ကိုယ့်ဝိုင်းကိုယ်ပြန်ပါ၊ ဒါ မိန်းကလေးတွေ နားနေခန်းရှင့်"

သူမ အသံချိုလေးကနေ အနည်းငယ် ခါးသွားသည်။

"မင်း ရင့်လှချည်လား၊ ငါ့များ အမူးသမား အောက်မေ့နေလို့လား. . . ငါ မမူးသေးဘူးကွ"

မမူးသေးဘူးဟု အားတင်းပြောနေပေမယ့် မျက်လုံးများက ပြာဝေနေသည်။ ဒီနေ့အဖို့ အောင်ထွန်းခန့် သောက်တာ အများဆုံးစံချိန်ပဲလေ။

ထိုမိန်းကလေး သီချင်းတစ်ပုဒ် ဆုံးသည်အထိ ဘီယာကို အဆက်မပြတ် သောက်ခဲ့သည်။

ဘီယာတစ်ဘူး သောက်လျှင်တောင် ရစ်တတ်သည့် အကျင့်ရှိတော့ အခု ဘီယာဘယ်နှစ်ဘူးမှန်း မသိ၊ ရမ်ဘယ်နှစ်ပတ်ခ် သောက်ခဲ့သလဲဆိုတာ သူ့ကိုယ်သူ မသိတော့။

"ရှင် လွှတ်နော်၊ လူကို ဘာထင်နေလို့လဲ"

သူမ စကားနှင့်အတူ သူမ လက်ဖဝါးက သူ၏ပါးပြင်ပေါ်သို့ လျှင်မြန်စွာ ကျရောက်သွားသည်။

"ဖျန်း. . ."

သူ၏အမူးစိတ်များ ပျောက်ကွယ်သွားသည်။

ဘေးမှ ယောကျ်ားလေးများ ပြေးဝင်လာသည်။

"ဘယ်လိုဖြစ်တာလဲ သက်နှင်းစံ"

"ဘာမှ မဖြစ်ပါဘူး"

"တွေ့လား သက်နှင်းစံ၊ မင်းဒယ်ဒီ ပြောတယ်မဟုတ်လား၊ ဒီလိုဆိုင်တွေမှာ လာဆိုရင် ဒီပြဿနာတွေ ရှိတယ်ဆိုတာ"

ယောကျ်ားတစ်ယောက်၏အသံဖြစ်သည်။

"သက်နှင်းစံတဲ့လား"

သူ မူးနေပေမယ့် ထိုကောင်မလေး၏အမည်ကို မှတ်နေမိသည်။







www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၂)

"တွီ. . . တွီ. . . တွီ"

နောက်ကျိုနေသောခေါင်းကို ခါယမ်းရင်း ဖုန်းဖွင့်လိုက်သည်နှင့် ဖုန်းက မြည်လာသည်။ သူ ဖုန်းနံပါတ်ကို မကြည့်ဘဲ ဖုန်းနားထောင်လိုက်သည်။

အူငယ်ချင်းတစ်ယောက် ရှယ်ယာဝင်ထားသော ဟော်တယ်တွင် သူ တစ်ညအိပ်၍ အိမ်မပြန်သော သူ့ကို မေမေ ဖုန်းဆက်ပြီး ဆူတော့မယ်ဆိုတာ သိပြီးသား။

"ဟဲလို. . . မေကြီးလား"

"သား ညက ဧည့်သည်တွေနဲ့ သောက်တာ နည်းနည်းများ





သွားလို့၊ အဲဒါ ဖေကြီး ဆူမှာစိုးလို့ အိမ်ပြန်မအိပ်တာ၊ သား ဇော်ထက်တို့ ဟော်တယ်မှာ ညက အိပ်တယ်၊ မေကြီး. . . ဖေကြီး ဆူနေသေးလား"

စကားတစ်ခွန်းမှ ပြန်ပြောသံ မကြားရ။ မေကြီး စိတ်ဆိုးနေရှာသလား။

"မေကြီး စိတ်ဆိုးနေတာလား၊ သားက မေကြီးရဲ့ချစ်သားလေးပဲ၊ စိတ်မဆိုးပါနဲ့. . . သားတောင်းပန်ပါတယ်၊ နောက်တစ်ခါ မဖြစ်စေရပါဘူး၊ မေကြီး ဒီမနက် ဘာစားပြီးပြီလဲ၊ သား ဘာမှ မစားရသေးဘူး၊ မေကြီးလက်ရာ ထမင်းကြော်လေး ပြန်လာစားမယ်နော်၊ မေကြီး ကြော်ကျွေးမှာလား"

တုန့်ပြန်သံ မကြား၊ မေကြီး ဒီလောက်ကြာကြာ စိတ်မဆိုးဘူး၊ သားက ချွဲလိုက်ရင် မေကြီးက စိတ်ပြေသွားပြီး သူ့ဘာလုပ်လုပ် အကောင်းမြင်တတ်သည်။ သူ ဖုန်းနံပါတ်လေး ငုံ့ကြည့်ဖြစ်သည်၊

"ဟင်. . . အိမ်က ဖုန်းနံပါတ်လည်း မဟုတ်ပါလား"

တစ်ဖက်က ဖုန်းချသွားလေပြီ၊ သူ ရုတ်တရက် မှားယွင်းမှုကြောင့် ကြောင်တောင်တောင် ဖြစ်သွားသည်။

ပြီးမှ ထိုဖုန်းကို ပြန်ခေါ်လိုက်သည်။

ဖုန်းကိုင်လိုက်မှန်း သိသော်လည်း တစ်ဖက်မှ ထူးသံမကြားရ။

"ခုနက ကျွန်တော့်ကို ဖုန်းခေါ်သေးလား၊ ဘာကိစ္စ ရှိပါသလဲ"

သူ သိချင်စိတ် ပြင်းပြလာသည်။



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်မ ရှင့်ကို ရန်တွေ့ချင်လို့"

မိန်းကလေးအသံ ချိုလွင်လွင်လေးက တုန်ရီစွာ ထွက်ပေါ်လာသည်။

"မင်းဘယ်သူလဲ. . . ဘာကြောင့် ငါ့ကို ရန်တွေ့ချင်ရတာလဲ"

ထိုအသံကို အတော်ရင်းနှီးသလို ခံစားရသည်။

"ကျွန်မ သက်နှင်းစံတဲ့"

"သက်နှင်းစံ. . . ငါ့အသိထဲမှာ ဒီနာမည် မရှိပါဘူး"

သူ အသေအချာ စဉ်းစားပြီးမှ. . .

"ဪ. . . မင်း ညက"

"ဟုတ်တယ်. . . ညက ရှင် ပြဿနာရှာလို့ ကျွန်မ သီချင်းသွားမဆိုရတော့ဘူး၊ အဲဒါ ရှင့်ကြောင့်"

"ဟာ. . . မနက်စောစောစီးစီး ရန်တွေ့ခံရတယ်၊ ပါးလဲအရိုက်ခံရသေးတယ်၊ တွတ်ပီ ညည်းနည်းပဲ ညည်းချင်တယ်၊ ဒီနေ့ထံမကောင်းပါလား"

"ရှင်က ပြောရတယ်ရှိသေး၊ ကံမကောင်းတာက ကျွန်မ၊ ဝါသနာအရ သီချင်းသိပ်ဆိုချင်လို့ ဒယ်ဒီက သူ့သူငယ်ချင်း စားသောက်ဆိုင်မှာ သီချင်းပေးဆိုတာ၊ ဒယ်ဒီ အတင်းတားတဲ့ကြားထဲက ဆိုခဲ့ရတာ။ ပြဿနာဖြစ်ရင် နောက်မဆိုရဘူးတဲ့၊ ဒယ်ဒီစကားအခု အတည်ဖြစ်သွားပြီ. . . အဲဒါ ရှင့်ကြောင့်"

"ရှင့်ကြောင့်လို့ မပြောပါနဲ့ မိန်းကလေးရယ်၊ တာတယ်တမ်းအပြစ်ရှိတာက မင်းပဲ"





"ဘာကြောင့်"

"မင်းက အဆိုကောင်း ရုပ်လှဆိုတော့ ကိုယ့်စိတ်တွေ ထိန်းမရ ဖြစ်သွားတာပါ။ မင်းလေးအသံက ကိုယ့်ရင်ကို ပြောင်းဆန်သွားတာပဲ"

"ရှင်. . . ပိုပြီ"

"ပိုတယ်ဆိုလဲ ပိုတယ်ပေါ့ဗျာ၊ ခင်ဗျား စားသောက်ဆိုင်မှာ သီချင်းဆက်မဆိုတော့ဘူးဆိုရင် အနစ်နာဆုံးက ကျွန်တော်ဗျ"

"ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့. . . ကျွန်တော် ခင်ဗျားသီချင်းသံလေးကို ထပ်ပြီးနားမထောင်ရရင် ရူးသွားမလားပဲ"

"ကျွန်မအသံက တကယ်နားထောင်ကောင်းလို့လား"

"ချီးမွမ်းဖို့ ဘယ်လိုချီးမွမ်းရမလဲ စဉ်းစားနေတာ၊ အမှန်ပြောရရင် ခင်ဗျားအသံလေးက ရင်မှာ အေးမြပြီး ဆွဲဆောင်မှုအပြည့်ရှိတယ်"

"တကယ်. . ."

"တကယ်ပါဗျာ. . . မှန်တာပြောရင် ခင်ဗျားသီချင်းသံ ချိုချိုလေး အမြဲနားထောင်နိုင်ပါစေ"

"ရှင့်နာမည် အောင်ထွန်းခန့်နော်"

"ဒါနဲ့ ခင်ဗျား ကျွန်တော့်ဖုန်းနံပါတ် ဘယ်လိုသိလဲ"

"ရန်ကုန်မှာ ကျွန်မသိချင်တာ နာရီဝက်အတွင်း စုံစမ်းလို့ရတယ်"

"ကျွန်တော့်အကြောင်းတွေကော"


www.burmeseclassic.com

www.burmeseclassic.com

"သိတယ်. . ."

"ဘာလို့"

"ကျွန်တော့်အကြောင်းက မကောင်းကြောင်းပဲ လူသိတာများ ကောင်းတဲ့ကိစ္စလေးတွေက လူသိနည်းတယ်"

"လူတွေစကားကို ကျွန်မ ဂရုမစိုက်တတ်ပါဘူး"

"ကျေးဇူးပဲ"

"ဘာအတွက်လဲ"

"ကျွန်တော့်ကို ယုံကြည်ပေးလို့"

"ပြောမိလို့လား"

"သွယ်ဝိုက်သောနည်းနဲ့ ပြောမိတယ် ထင်တာပဲ"

"ရှင်နဲ့ စကားပြောရတာ ကျွန်မပျော်တယ် သိလား"

"အတူတူပဲ"

"ကျွန်မ ရှင့်ကို စိတ်မဆိုးတော့ဘူး"

"ဒါဆို သီချင်းတစ်ပုဒ် ဆိုပြ"

"ဘာဆိုင်လဲ"

"ကျေအေးတဲ့အနေနဲ့ပေါ့"

"အင်း. . . ဆယ့်နှစ်နာရီကျရင် ဖုန်းပြန်ဆက်လိုက်၊ ကျွန်မရှင်ကြိုက်တဲ့သီချင်း ဆိုပြမယ်"

"နေ့လည်လား"

"တင့်အင်း. . . ည"

"ဒါဆို ဆီးယူတူနိုက်"

အောင်ထွန်းခန့်ဖုန်းကို အလျှင်အမြန် ပိတ်လိုက်သည်။






ဖုန်းပြောပြီး သူ့ရင်ထဲ အလိုလို ပျော်နေမိသည်။

ညဆယ့်နှစ်နာရီကို သူ အမြန်ရောက်ချင်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၃)

"ဘာသီချင်း ဆိုပြရမှာလဲ"

တိတ်ဆိတ်သော ညလယ်တွင် သူမအသံချိုလွင်လွင်လေး ထ သူ့နားစည်ထဲ ကြည်လင်ပီသစွာ ဝင်ရောက်လာသည်။

"မင်းရတဲ့သီချင်း ဆိုလေ"

"ဒါဆို နားထောင်"

ဝီတာသံ သွင်လွင်လေး ထွက်ပေါ်လာသည်။

"တဲလို့ . . တဲလို"

သူ စကားပြောချင်၍ ခေါ်လိုက်သည်။ သူမထံမှ တုန့်ပြန်သံ မကြားရ၊ ဖုန်းခွက်ကို ဘေးချထားဟန်ရှိသည်။





"နေမင်းရယ် ညို့ရင် × × × မိုးညအမှောင်ရိပ်ဝယ် × × အို မောင်ရယ် × × × အနမ်းဝေဖြာမယ် × × × ကြယ်လေးတွေကို ရှက်ရင် × × × ထွေးပိုက်လို့ထားမယ် × × × ကြောက်စိတ်တွေ × × × ဖယ်ထားကွယ် × × × ရင်ခွင်မှာ နွဲ့ကာ × × × အားကိုးတဲ့သူရယ် × × ×နွေးနွေးထွေးထွေး ရင်ခုန်တယ် × × × မှေးစက်နော် အသည်းဝယ် × × × မောပန်းလို့ နွမ်းရင် × × × မေလေ ချော့ကာ သိပ်ပါ့မယ် × × ×

အေး × × × အေး × × × အေး × × × အို မောင်ရယ် အိပ် × × အိပ်တော့ကွယ် × × ×

"× × × × × × × × ×"

"ကောင်းလား"

"ကောင်းလားလို့ မေးနေတယ်လေ၊ တင် . . သူ ဖုန်းဘေးချထားတာလား"

သူမ ဒေါသလေးဖြင့် ပြောနေသည်။

အောင်ထွန်းခန့် အသာလေး ငြိမ်ပြီး နားထောင်နေသည်။

"မင်းလေးပဲ အိပ်ဆိုလို့ ကိုယ်အိပ်နေတာ"

"ကျွန်မသီချင်းသံကို နားမထောင်ဘဲနဲ့ အိပ်ပျော်နေတာလား"

"နားထောင်ပါတယ် . . . သီချင်းသံလေးက အရမ်းကို ကောင်းလွန်းလို့ ကိုယ်မေ့မျောပြီး နတ်ပြည်ရောက်သွားသလားလို့ ထင်မိတယ်"

"ဘယ်လိုကြီးလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဟုတ်ပြောတာဗျာ. . . အိပ်မက်တစ်ခုလိုပဲ၊ ဒီလိုခံစားရတာ ပထမဆုံးပဲ၊ ဒါနဲ့ ဂစ်တာက ဘယ်သူတီးပေးတာလဲ"

"ဒီအခန်းထဲမှာ သက်နှင်းစံဆိုတဲ့ မိန်းကလေးတစ်ယောက်ပဲ ရှိတယ်"

"ခင်း ဂစ်တာတီးတတ်တယ်"

"မင်းလို့ နာမ်စားသုံးတာ ကျွန်မ နားခါးတာပဲ၊ ကျွန်မ မကြိုက်ဘူး"

"very sorry ပဲဗျာ၊ ကျွန်တော် မရည်ရွယ်ပါဘူး၊ မသက်နှင်းစံကို ကျွန်တော် ဘယ်လို ခေါ်သင့်သလဲ"

"ကျွန်မသူငယ်ချင်းနဲ့ ဘော်ဒါတစ်ချို့ကတော့ "နှင်း" လို့ ခေါ်ကြတယ်"

"အဲဒီနာမည်တော့ မခေါ်ချင်ဘူး"

"အများနဲ့ တူမှာစိုးလို့လား"

"No. . . No ၊ ကိုယ့်သူငယ်ချင်းတစ်ယောက်ရဲ့ကောင်မလေးနာမည် ဖြစ်နေလို့၊ တခြားကော. . . "

"မပြောတတ်တော့ဘူး"

"နိုတ်တင်ဂေးလို့ ခေါ်မယ်လေ"

"မကြိုက်ဘူး"

"ဒါဆို သက်နှင်းစံလို့ အပြည့်အဝပဲ ခေါ်တော့မယ်"

"မစိမ်းဘူးလား"

"ကိုယ့်ဦးနှောက်ကို အလုပ်အပေးဆုံးက မင်းလေးပဲ"

"လာပြန်ပြီ"





"ဆောရီး(sorry)"

"ကဲ. . . ဒီတစ်ရက်တော့ စဉ်းစားလိုက်ဦး၊ ညကျမှပဲ နာမည်တစ်ခုပေး. . . "

"ည. . . ဘယ်ညလဲ"

"ဒီညလေ"

"ဟင်. . . ဒီည"

"ဟုတ်တယ်လေ. . . ဒီနေ့ည ဆယ့်နှစ်နာရီ ဖုန်းဆက်ဦး"

"အခု ဆက်နေတာပဲ"

"အခုက ဒီနေ့မနက်၊ တစ်နာရီထိုးဖို့ ဆယ့်ငါးမိနစ်အလိုရှင့်၊ နောက်နေ့ ကူးနေပြီ"

"ကိုယ်တို့ စကားပြောတာ နာရီဝက် ကျော်ပြီနော်၊ လေးဆယ့်ငါးမိနစ်တောင် ရှိသွားပြီနော်"

"ပျင်းသွားပြီလား"

"မပျင်းပါဘူး. . ကိုယ်က. . အင်း. . အဲဒီက တစ်ယောက်နဲ့ စကားပြောနေရမယ်ဆိုရင် ဖုန်းမချဘဲ တစ်ညလုံး ပြောမှာ"

"ညာပြီ"

"မယုံဘူးလား"

"မယုံဘူးဆိုရင် ဖုန်းမချဘဲ နေမှာဆိုတော့ ယုံလိုက်ပါ့မယ်"

"ကိုယ်နဲ့ စကားမပြောချင်တော့လို့လား"

"မဟုတ်ပါဘူး သူရယ်၊ ကျွန်မ စကားများများပြောရင် မောနေတတ်လို့ပါ"

"မင်း နေမကောင်းလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"နှလုံးသွေးကြော ကျဉ်းတာလား ကျယ်တာလားတော့ သေချာမသိဘူး ဒယ်ဒီတို့က မပြောပြဘူး၊ သေချာတာ ကျွန်မမှာ နှလုံးရောဂါ ရှိတယ်"

"စိတ်မကောင်းလိုက်တာ"

"ကျွန်မ သူနဲ့ စကားပြောနေရတာ အရမ်းပျော်နေတယ်၊ ရှင်ထဲမှာလည်း မောနေတာပဲ သိလား၊ ရှင်ကော ရောဂါသည်နဲ့ စကားပြောချင်သေးရဲ့လား"

"နှစ်ဆတိုးလို့ကောင်. . ဟို. . ခင်မိပါတယ်၊ မသက်နှင်း ရံ"







# အခန်း (၁၄)

"အိန္ဒြေ. . . မင်း အစိပ္ပါယ်မဲ့တွေ လျှောက်လုပ်နေသလား"

"မင်း ငါ့အိမ်လာလည်တာ ငါ့ကို နှိပ်ကွပ်ဖို့လား ညှို့မှုန်"

လက်သည်းနီ မဆိုးထားဘဲ သဘာဝအတိုင်း ကြည်လင်နီရဲနေသော လက်သည်းများကို အိန္ဒြေ တံစဉ်းလေးဖြင့် ပွတ်တိုက်ရင်းက ညှို့မှုန်းခင်၏စကားကို ချေပသည်။

"တစ်ချိန်မှာ ဒီအကြောင်းတွေ သူတို့ သိကြမှာ"

"သိတော့. . ."

"သိတော့ မင်းအတွက် မကောင်းဘူး အိန္ဒြေ"



www.burmeseclassic.com

www.burmeseclassic.com



"တွန်မ အဲဒီလေးယောက်ကို ကလဲ့စား မချေရသရွေ့တော့ သူတို့အပေါ် ထားတဲ့ ကျွန်မရဲ့အညိုးတွေ ဘယ်တော့မှ မပျောက်နိုင်ဘူး ညို့မှုံး"

ညို့မှုံး သက်ပြင်းလေး ချမိသည်။

"ရှင်းသန့်မွန် မင်္ဂလာဆောင်ကိစ္စကို မင်း တားထားတာ အာသဘောလဲ၊ မင်းအပြုံးတွေနဲ့ ဆိုင်နေလား"

"ဆိုင်တာပေါ့. . . ငါ့ရဲ့ကလဲ့စားချေမှု မဆုံးခင် ရှင်တို့အားလုံး အိမ်ထောင်မပြုရဘူး"

"မင်းကွာ. . . ကိုယ့်အတွက်ပဲ ကြည့်တယ်"

"ရှင်က အခုတော့ ဒီစကား ပြောပြီပေါ့၊ ဘာလဲ. . . ရှင်က တွေ့နေပြီလား"

အိန္ဒြေရဲ့အမေးစကားကြောင့် ညို့မှုံး ငြိမ်သွားသည်။

"ရှင်တို့ အရင်တုန်းက ကျွန်မအတွက်ဆို အသက်နဲ့ ရင်းရပါစေဆို"

"ဒါ စိတ်ရှုပေါက်တဲ့အချိန်တုန်းကပါကွာ၊ နောက်ပြီး မင်းတို့ အပြိုင်ကြီးတဲ့သူမှန်း မသိလို့ သူငယ်ချင်းတွေကို အသုံးချတက်တဲ့သူမှန်း မသိလို့"

"ညို့မှုံး"

အိန္ဒြေ စိတ်ထဲ ရှိသလောက် ကုန်းအော်လိုက်သည်။ ကျယ်လောင်စူးရှစွာ အော်လိုက်သော အိန္ဒြေ့အသံကြောင့် ညို့မှုံး ကိုယ်လုံးလေး တုန်တနဲ ဖြစ်သွားသည်။

အိန္ဒြေ စိတ်အဆိုးဆုံးအချိန်ကို ညို့မှုံး မြင်ဖူးသွားသည်။





နူးညံ့သွယ်လျတဲ့ မျက်နှာလေးက အချိန်အနည်းငယ် အတွင်း အရုပ်ဆိုး အကျည်းတန်သွားသည်။ ဒေါသက ကြောက်ဖို့ ကောင်းလှသည်။

ညို့မှုံးက စိတ်ကို လျှော့၍. . .

"အိန္ဒြေ. . . တို့အချင်းချင်း စိတ်မဆိုးကြေးလေ"

အိန္ဒြေမျက်နှာ ချက်ချင်းအရောင်ပြောင်းသွားသည်။ ပြီးမှ

"ဆောရီးပဲ ညို့မှုံးရယ်၊ ရှင့်ရဲ့စကားတွေက ကျွန်မရင်ကို အရမ်းထိသွားတာပဲ၊ ကျွန်မဘဝမှာ အောက်ဆုံးအဆင့်ကနေ အမြင့်ကို ရောက်လာခဲ့ရတဲ့သူဆိုတော့ လူတွေရဲ့အကြောင်း ကောင်းကောင်းသိခဲ့ရတယ်"

"ညို့မှုံး နားလည်ပါတယ်"

အိန္ဒြေ မျက်နှာညိုးသွားတော့လည်း ညို့မှုံး မနေတတ်။

"ရှင်တို့ ကျွန်မကို ကူညီပေးရတာ သိပ်ပြီး မပင်ပန်းပါဘူးကွာ၊ ကျွန်မကသာ. . ."

"ဟုတ်ပါတယ် အိန္ဒြေရယ်၊ ကိုယ်စကားမှားသွားတယ်၊ ကိုယ် နောက်ထပ်မပြောမိအောင် ကြိုးစားပါ့မယ်. . . ကတိ"

"ကျေးဇူးပဲ သူငယ်ချင်း"

"မလိုပါဘူးကွာ. . . ဒါနဲ့ ရှင်းသန့်တို့နဲ့ အဆက်အသွယ် ရှိသေးလား၊ ကေသီ ဖုန်းကလည်း အမြဲပိတ်ထားတယ်၊ သက်နှင်းစံ လည်း ခရီးသွားနေတယ်လို့ ကြားတယ်"

"ဟဲ့. . . ညို့မှုံး၊ ရှင် အလုပ်များနေတယ်ဆိုလို့ တွေ့မှ ပြောတာ၊ ရှင်းသန့်ရဲ့မင်္ဂလာကိစ္စကို နောက်ဆုတ်နိုင်းလို့ ဒါတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



ပြင်ဦးလွင်တို့ သူ့အဆက်နဲ့ တက်သွားတာ၊ ဟိုနှစ်ယောက်လည်း အားအားယားယား လိုက်သွားလေရဲ့"

"ကျုပ်ကိုတောင် မပြောသွားကြဘူး၊ ရှင်ကကော. . ."

"ကျွန်မက ကိစ္စလေးတွေ ရှိသေးလို့ ကျွန်မ သက်နှင်းတို့ အိမ်မှာ အိမ်စောင့်လုပ်ပေးနေရတယ်"

"ဘယ်နှစ်ရက်လဲ"

"တစ်လလောက် ကြာမယ်၊ ညဘက် သွားစောင့်အိပ်တာ ပါ၊ အကြည်လည်း ပါတယ်၊ ရှင်အားတဲ့ည လာခဲ့လေ"

"အိမ်ကို ပြောပြီး လာခဲ့မယ်၊ ငါ့ကို ပုံပြင်ကောင်းကောင်း လေးတွေ ပြောပြနော်"

ညို့မှုန်၏ကလေးတစ်ယောက်နှင့် တူသော အမူအရာ လေးကြောင့် အိန္ဒြေ ပြုံးမိသည်။

"ရှင်လည်း ဝင်းလှိုင်ဦးအကြောင်း ကျုပ်ကို ပြောပြရဦး မယ်"

"ရှင်သိနေတယ်"

ကျွန်မအတွက်တော့ လူတွေအကြောင်း သိဖို့ မခက်ခဲပါ ဘူး။ အထူးသဖြင့် သူငယ်ချင်းတွေအကြောင်းဆိုရင် ပို၍မှန်ပါလိမ့် မည်။







## အခန်း(၁၅)

"ကျွန်မကား ပြင်လို့ ပြီးပြီလား"

"ဟာ. . . မရှင်းသန့်မွန်၊ ဖုန်းဆက်မေးလိုက်ရောပေါ့ဗျာ၊ ကားက ပြင်လို့ ပြီးနေပါပြီ"

"ဒါဆို ယူသွားလို့ ရပြီပေါ့"

"ခဏ. . . မရှင်းသန့်မွန်၊ ဒီတစ်ခါ ကျွန်တော်ကိုယ်တိုင် မောင်းကြည့်ပြီးမှ မရှင်းသန့်မွန် လက်ထဲ အပ်ပါ့မယ်၊ ခဏထိုင် စောင့်ပါ"

"ကျွန်မလည်း လိုက်ခဲ့ပါ့မယ်"

"ကျွန်တော် မောင်းရင် မရှင်းသန့်မွန် ဘေးက လိုက်ခဲ့ပါ



www.burmeseclassic.com

www.burmeseclassic.com



မလား"

နိုင်သူမင်း ပြုံးစစနှင့် မေးလိုက်သည်။

ရှင်းသန့်မွန် နှုတ်ခမ်းလေး စေ့စေ့ပြုံးရင်း. . .

"ကျွန်မ မောင်းသလောက် မကြွမ်းနိုင်ပါဘူး"

နှစ်ဦးသား ကားပေါ် ရောက်ရှိခဲ့သည်။

"မိန်းကလေး အများစုက ကားမောင်းကြမ်းကြတယ်နော်"

"ဟုတ်တယ်. . . မိန်းကလေးတွေက ကားမောင်းရင် ကြမ်းတယ်၊ ငါ ကားမောင်းနိုင်တယ်ဆိုပြီး မာန်တက်ပြီး မောင်းလို့ ကြမ်းတာရယ်၊ ငါမောင်းရင် ဘာဖြစ်မလဲဆိုပြီး ကြောက်ကြောက်နဲ့ နှုတ်မောင်းလို့ ကြမ်းတာရယ်၊ ကျွန်မက မကြောက်တတ်တော့ ဗထမ အမျိုးအစားထဲမှာ ပါတာ နေမှာ"

"မရှင်းသန့်မွန်က ဒဿနသမားပဲ၊ စကားလုံးတွေက ထိရောက်မှု ရှိတယ်"

"ကိုနိုင်သူမင်းက သဘောပေါက်လွယ်လို့ပါ"

"ကျွန်တော့်နာမည်ကို သိနေတာ အံ့ဩတယ်၊ မှတ်ပုံတင်မှာတောင် နိုင်သူနဲ့ပဲ လုပ်ထားတာ"

"ဟင်. . . ဟုတ်လား၊ ကျွန်မက ရှင့်နာမည်ကို အထက်တန်းကျောင်းမှာ သိခဲ့လို့ပါ"

"မင်း တိုယ်တို့ကျောင်းမှာ နေခဲ့ဖူးလား"

"တိုးတန်းနှစ်က နေခဲ့ဖူးတယ်"

"ဒါကြောင့် မရှင်းသန့်မွန်ကို မြင်ဖူးသလိုလို ရှိတာ၊ နာမည်တော့ စိမ်းနေသလိုပဲ"





"အခန်းချင်း အတန်းချင်း မတူကြလို့ ဖြစ်မှာပါ၊ ကျွန်မတော့ ရှင်တို့လေးယောက်ကို ကောင်းကောင်းမှတ်မိတယ်၊ ရှင်တို့က နာမည်ကြီးပဲ"

"ဟုတ်လို့လားဗျာ"

"ရုပ်ရှင်မင်းသားတစ်ယောက်ကို လူတိုင်း သိသလိုပေါ့၊ ရှင်တို့က နာမည်ကြီးတွေဆိုတော့ တစ်ကျောင်းလုံးက သိကြသလို ကျွန်မကလည်း သိတာပေါ့"

"ကျွန်တော်တို့အုပ်စု ဒီလောက် နာမည်ကြီးပြီး စတားဖြစ်မှန်း မရှင်းသန့်မွန် ပြောမှပဲ သိတော့တယ်"

"သိပ်ပြီးလဲ ဘဝင်မြင့်မနေပါနဲ့၊ ကျွန်မပြောတာက ကျားတွက်ထိုးတဲ့အခါ ဘေးက ထိုင်ကြည့်နေတဲ့သူက ပိုမြင်သလိုပေါ့"

"မရှင်းသန့်မွန်က ဥပမာပေးလဲ တောင်းသားပဲ"

နိုင်သူမင်း ချီးကျူးစကားကြောင့် ရှင်းသန့်မွန် သဘောကျသွားပြုံးသည်။

"ကိုနိုင်သူမင်း ကားကို ဘယ်မောင်းနေတာလဲ"

"ပြည်လမ်းဘက်ကိုလေ"

"အင်းယားကန်ဘက်လား"

"မရှင်းသန့်မွန်ရဲ့ဗိုက်ထဲမှာ ပုဏ္ဏားလေး ရှိတယ်နဲ့တူတယ်"

"ကားစမ်းတာပဲ. . . ဒီလောက်ဆို စိတ်ချရပြီထင်တယ်၊ ကျွန်မတို့ ပြန်ကြရအောင်"

"ဟင်. . . ဆောရီးဗျာ၊ ကျွန်တော် စကားပြော ကောင်းနေတာနဲ့ သတိလက်လွတ် ဖြစ်သွားတယ်၊ နောက်ပြီး မရှင်းသန့်မွန်



www.burmeseclassic.com

www.burmeseclassic.com

ကြိုက်မှန်းမသိ မကြိုက်မှန်းမသိနဲ့ အင်းယားကန်ဘက် မောင်းလာမိတယ် . . . ဆောရီးနော်"

"ကျွန်မ ကိုနိုင်သူမင်းနဲ့ မသွားချင်တာ မဟုတ်ပါဘူး။ အင်းယားကန်ကိုပဲ မသွားချင်တာ"

"ဇာတ်လမ်းဟောင်းတွေ ရှိလို့လား"

"မဟုတ်ပါဘူး . . . အင်းယားကန် ရောက်ရင် လမ်းဆင်းလျှောက်ရမှ စိတ်ရှင်တာ၊ အခုတော့ မသွားချင်သေးဘူး၊ အင်းယားကန်မှာ လေတိုက်တယ်၊ ကျွန်မဆံပင်တွေ ရှုပ်ကုန်မှာစိုးလို့"

ရှင်းသန့်မွန်က သူမ၏ရှည်လျားနက်မှောင်သော ဆံစများကို သူမ၏လည်တိုင်ဘေးဘက်သို့ သိမ်းယူရင်း ပြောသည်။ နိုင်သူမင်း ထိုမြင်ကွင်းကို ရှောင်လွှဲ၍ မရအောင် နှစ်သက်နေမိသည်။

နိုင်သူမင်းကလည်း သူ၏ကျဲပြောင်နေသော နဖူးအထက်မှ ဆံပင်များကို ဟန်ပါပါ သပ်တင်ရင်း . . .

"ကျွန်တော့်ဆံပင်တွေလည်း ရှုပ်မှာ ကြောက်ရတယ်"

"ရှင် နောက်တတ်သားပဲ"

နိုင်သူမင်း ပြောရင်း ကားကို ပြန်ကွေ့လိုက်သည်။

"မရှင်းသန့်မွန် တစ်ခုခု စားဦးမလား၊ မိတ်ဖြစ်ဆွေဖြစ်သို့ . . . ကျွေးချင်နေဘက်တွေပဲဟာ"

"ဒီနေ့တော့ မစားချင်သေးဘူး၊ နောက် ကြုံမှပေါ့"

"အိမ်လိုက်ပို့ပေးရမလား"

နိုင်သူမင်း သဘောတွေ ကောင်းနေသည်။

"ရပါတယ် . . . ကိုနိုင်သူမင်းအပြန် ကားသွားနေရဦးမယ်၊





ဝပ်ရှော့ပဲ မောင်းပါ၊ ကျွန်မဘာသာ မောင်းပြီး ပြန်ပါ့မယ်"

"အိမ်သိသွားမှာစိုးလို့လား"

"မဟုတ်ပါဘူးရှင် . . . ကျွန်မလိပ်စာပေးခဲ့ပါ့မယ်၊ လာလည်မယ်ဆိုရင်တော့ ဖုန်းကြိုဆက်ပေါ့"

ရှင်းသန့်မွန် လိပ်စာကဒ်လေး ပေးလိုက်သည်။

နိုင်သူမင်းက လိပ်စာကဒ်ကို ကြည့်၍ . . .

"ရွှေတောင်ကြားမှာ နေတာလား"

"ဟုတ်တယ် . . . ဒါပေမယ့် ကျွန်မက အိမ်မကပ်ဘူးရှင့်၊ သူငယ်ချင်းတွေဆီ သွားလိုက်၊ အဖွားအိမ် သွားနေလိုက်၊ လျှောက်လည်နေလိုက်နဲ့"

"လာလည်မှာစိုးလို့ ပြောနေတာလား၊ ကျွန်တော် ဖုန်းဆက်ပြီးမှ လာလည်ပါ့မယ်၊ ကားကောင်းအောင် ပြင်ပေးလိုက်တော့ မရှင်းသန့်မွန်ကို ဖမ်းလို့ မိတော့မှာ မဟုတ်ဘူးနဲ့ တူတယ်"

"ဖုန်းဆက်လိုက်ပေါ့ . . . ဖုန်းတော့ အမြဲ ကျွန်မနဲ့ အတူရှိတယ်၊ ကိုနိုင်သူမင်း လာမယ်ဆိုရင် ကျွန်မအိမ်မှာ ပြန်စောင့်နေပါ့မယ်"

"တကယ်လား"

"ကျွန်မ အကြောင်းမရှိပဲ အသားလွှတ် မညာတတ်ဘူး၊ အဲ . . . ခုမှ သတိရတယ်၊ ကိုနိုင်သူမင်းနဲ့ ကျွန်မ ရင်းနှီးမှု သိပ်မြန်သွားပြီနော်"

"တစ်မျိုးတော့ မထင်နဲ့ဗျာ၊ မရှင်းသန့်မွန်ရဲ့ဆံပင်တို့ ကြည့်ကောင်းတော့ အရမ်းနှစ်သက်တာပဲ၊ ကျွန်တော့်လို ဆံပင်မကောင်းတဲ့လူ


www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်တာ မရှင်းသန့်မွှန်နဲ့ ခင်မင်ခွင့်ရမယ်ဆိုရင် ဂုဏ်ယူစရာပဲ"


ဒီဆံပင်တွေကြောင့် ရှင် ဂုဏ်ယူသလို ဒီဆံပင်တွေကပဲ ရှင့် အသုံးခန်းကို ပို့ပေးမှာပါ၊ ရှင်းသန့်မွှန် သနားတယ်ဆိုတာ နိုင်သူမင်းအတွက် ထိရောက်မှု မရှိပါဘူး။

အပျော်သဘောနှင့် နှုတ်က လွှတ်ကနဲ ထွက်သွားခဲ့တဲ့ စကားလုံးလေးတစ်ခုအတွက် အဆမတန် ပြန်ပြီး ခံစားရမယ့် အဖြစ်က နိုင်သူမင်းအတွက် ကြီးမားလေမလား။

ရှည်လျားနက်မှောင်သော ဆံပင်ရှည်များက ရှင်းသန့်မွှန်၏လက်ချောင်းလေးများ၏ ဖြီးသင်နေခြင်းကို ခံနေရသည်။







## အခန်း(၁၆)

"မင်း မသွားသင့်ဘူး နိုင်သူ"

"အကြောင်းက. . ."

"မင်းကွာ. . . မင်းပဲ နှင်းတစ်ယောက်ပဲ ရှိတယ်ဆို၊ နှင်းကိုပဲ လက်ထပ်မှာဆို၊ ငါတို့လို ငပွေး မဟုတ်ဘူးဆိုကွ"

"အောင်ထွန်းခန့်ရာ. . . မင်း မသိပါဘူး၊ ငါ နှင်းတို့ တကယ်ချစ်တာ မှန်ပေမယ့် အိမ်ထောင်ပြုဖို့ကျတော့ စဉ်းစားရလိမ့်မယ်"

"မင်းကွာ. . . သုံးလေးနှစ် တွဲလာပြီးမှ ဒီစကားမျိုး ပြောရသလားကွ"


www.burmeseclassic.com

www.burmeseclassic.com

ဟန်မောင်က ဒေါသဖြင့် ပြောသည်။

နိုင်သူမင်းက ဆေးလိပ်ကို ဟန်ပါပါ ဖွာထုတ်လိုက်သည်။

ပြောင်းလဲနေသော သူ၏စိတ်ကိုပင် ကိုယ်တိုင် နားမလည်နိုင်၊ သူ နှင်းကို အခုထိ ချစ်နေဆဲပဲလေ။

မရည်ရွယ်ဘဲ ထွက်သွားသော သူ၏စကားလုံးများကို ပြန်မျှော်သိမ်းနိုင်လောက်အောင် ရှင်းသန့်မွန်ဆိုသော မိန်းကလေးက စိုးမိုးထားလေသည်။

"မင်း ရှင်းသန့်မွန်ကို တကယ်ချစ်သွားလို့လား၊ ဒါမှမဟုတ် နှင်းတို့ တွဲရတာ ရိုးသွားလို့ အသစ်အဆန်း ဖြစ်ချင်တာလား"

"ငါ ရှင်းသန့်မွန်ကို ဦးနှောက်နဲ့ စဉ်းစားတာကွ၊ နှင်းတို့တော့ ငါ့နှလုံးသားထဲက ဘယ်တော့မှ ထုတ်လို့ရမှာ မဟုတ်ဘူး"

"မင်းက ဘာတွေများ ဦးနှောက်နဲ့ စဉ်းစားနေရလို့လဲကွ"

"ငါ့မျိုးဆက်အတွက်ပေါ့ကွာ. . ငါ့သားသမီးတွေကျရင် ငါ့လို ဆံပင်မကောင်း နဖူးပြောင်ပြောင် မဖြစ်စေချင်လို့ကွ"

"အတွေးလွန်လိုက်တာကွာ. . . ဆံပင်သန်ဆေးတွေ ပေါနေတာပဲ"

"အကြောင်းပြချက်ပါကွာ. . . ဒီကောင် ပြောပုံအရဆို ရှင်းသန့်မွန်ဆိုတဲ့ ကောင်မလေးက အတော်ဆွဲဆောင်မှုကောင်းဆိုပဲ"

"တိုက်ဆိုင်လို့ပါကွာ. . . ငါလည်း ဆွဲဆောင်မှုအကောင်းဆုံး မိန်းကလေးတစ်ယောက်နဲ့ ဇာတ်လမ်းဖြစ်နေတယ်ကွ"

"ဟော့ကောင် အောင်ထွန်းခန့်၊ မင်းနဲ့ ဇာတ်လမ်းဖြစ်နေတဲ့ ကောင်မလေးတွေအကြောင်း ထိုင်ပြောရင် မိုးလင်းသွားမယ်၊ ငါ ဟန်မောင် ကောင်မလေးအကြောင်း ပိုစိတ်ဝင်စားတယ်"





နိုင်သူမင်း စကားကြောင့် အောင်ထွန်းခန့် မျက်နှာမဲ့သွားသည်။ အောင်ထွန်းခန့်က မိန်းကလေးများနှင့် အတွဲဖြစ်သည်။ ရည်းစားအဖြစ် သူငယ်ချင်းအဖြစ် ရည်ရွယ်ထားသူအဖြစ် တွဲနေသည့် ကောင်မလေးတွေက အောင်ထွန်းခန့်နားမှာ မရေတွက်နိုင်။

အောင်ထွန်းခန့်က ဘယ်မိန်းကလေးတို့မှ စွဲစွဲမြဲမြဲ တွဲလေ့မရှိ။

"ကေသီက ငါ့ကို စတွေ့တွေ့ချင်း သဘောကျသွားတာတဲ့ ဟဲ. . . ဟဲ၊ ငါကလဲ သူ့အတိုင်းပဲဟာ"

ဘယ်အချိန်ကတည်းက ကြွားချင်နေမှန်း မသိသော ဟန်မောင်က ရယ်ကျဲကျဲနှင့် ပြောသည်။

"ဟန်မောင်က ကောင်မလေးက စတာလား"

"မဟုတ်ပါဘူးကွာ. . . ငါက သူ့ကို ရည်းစားစကား ပြောလိုက်ပြီ"

"မမြန်လွန်းဘူးလား. . . မင်းတို့ တွေ့တာ တစ်ပတ်နှစ်ပတ်လောက်ပဲ ရှိသေးတာ မဟုတ်လား"

"အိုင်တီခေတ်လေကွာ. . . အချစ်ဆိုတဲ့အရာက မြန်တယ်ဆိုလည်း မှန်တယ်၊ နှေးတယ်ဆိုလည်း မှန်တယ်၊ တိတျတဲ့ အဓိပ္ပါယ် ဖွင့်လို့ မရပေမယ့် မြင်မြင်ချင်းတော့ ချစ်တတ်တဲ့ နိယာမ ရှိတယ်၊ အဲဒါ လက်ခံလား"

"ဟုတ်တယ်. . . အချစ်ဆိုတာ စက္ကန့်ပိုင်းလေးအတွင်း


www.burmeseclassic.com

www.burmeseclassic.com



လည်း ဖြစ်ပေါ်စေတယ်၊ ကိုယ်တိုင် သတိမထားမိတဲ့အချိန်လေး ပေါ့"

"အောင်ထွန်းခန့် . . . မင်း ဒီနေ့တော့ အထူးနှုန်းနဲ့ ထူးခြားတယ် . . . ရှယ်ထွန်းကြီး၊ မင်း အချစ်ကို တစ်ခါမှ မခံစားဘူးဆို၊ အဲဒါတို့ အချစ်တို့ကို မိန်းကလေးတွေအပေါ်ကို ထားကြည့်လို့ ရှေးဘူးဆိုကွ"

နိုင်သူမင်းက လွန်စွာမှ စကားလုပြောချင်ပြီး ပါးစပ်တပြင်ပြင် ဖြစ်နေသော အောင်ထွန်းခန့်ကို စကားလမ်းကြောင်း ဖွင့်ပေးလိုက်သည်။

"အချစ်ဆိုတာကို ငါ မသိရိုးအမှန်၊ ဒါပေမယ့် ငါ သက်နှင်းစံဆိုတဲ့ မိန်းကလေးကို ခဏလေး တွေ့ဖူးပေမယ့် ငါ သူ့ကို တမ်းတနေမိတယ်၊ သူ့ရဲ့အသံလေးကို တမ်းတတယ်ဆို ပိုမှန်တယ်"

"ဘာတုန်း . . . မင်း ဖုန်းအချစ်တော်လေးလား"

"နီး . . . နီး၊ ငါ့ရဲ့အချစ်တော်၊ ငါက သူ့ကို အသည်းလို့ ခေါ်တယ်"

"ဘာလဲ . . . ငြိသွားပြီလား"

"မငြိသေးဘူးကွ . . . ထိတော့ ထိနေပြီ"

"အဲဒါများ အသည်းတွေ အတူးတွေ လုပ်နေတယ်"

"တော်သေးတာ . . . ငါ့ကို သူက အဖျားလေး ဆွတ်ပြီး 'အောင်' တဲ့"

"ငါလည်း သူ့ကို အဖျားလေး ဆွတ်ပြီး 'သက်' လို့ ခေါ်





တာ သူက မကြိုက်ဘူး၊ ငါက အသက်လို့ ခေါ်တော့ မဆိုးဘူးလို့ ပြောတယ်ကွ၊ ငါလည်း မထူးပါဘူး၊ အသည်းလို့ပဲ ခေါ်မယ်ဆိုတော့ သူက ဘာဆိုင်လို့လဲတဲ့"

"ငါလည်း အသည်းမရှိရင် အသက်ဆိုတာ မရှိနိုင်ဘူးလို့၊ ဒါကြောင့် မသက်နှင်းစံကို အသည်းလေးလို့ ခေါ်ချင်တယ်လို့ ပြောလိုက်တာ"

"ဒါနဲ့ပဲ မင်းရဲ့အသည်းလေး ဖြစ်သွားရောပေါ့"

"ဘယ်ကလာကွာ . . . သူ့ကို တစ်အိမ်လုံးက အသည်းလေးလို့ပဲ ခေါ်တာတဲ့၊ သူ့ကို မောင်နှမလို ခင်တယ်ဆိုရင်တော့ အသည်းလေးလို့ ခေါ်နိုင်တယ်တဲ့ကွ"

"မင်းဟာက ဟတ်ကော့ကြီးပေါ့"

"ငါလည်း အသည်းလေး ခေါ်ရပြီးရောဆိုပြီး သက်နှင်းစံကို အစ်ကိုတစ်ယောက်လို ခင်တယ်လို့ ပြောလိုက်ရတယ်"

"ဘဂ်လား အစ်ကိုပေါ့"

"အေးကွာ . . . ငါတော့ ဒီကောင်မလေးနဲ့မှ ထိနေပြီ၊ ညညဆို သူ့သီချင်းဆိုသံ မကြားရရင် အိပ်လို့တောင် မပျော်ဘူးကွာ၊ သူ့ရဲ့အချစ်ည ရင်ခုန်သံ သီချင်းက ငါ့ရဲ့အိပ်ဆေးတစ်ခွက် ဖြစ်နေပြီကွ"

"မင်းက အညွန့်းကောင်းလှချည်လား၊ ငါတောင် မင်းကောင်မလေးရဲ့သီချင်းသံကို နားထောင်ချင်လာပြီ"

"အေးကွ . . . မင်းတို့က လက်တွေ့ပြမှ ယုံတဲ့ကောင်တွေဆိုတော့ ငါက လက်တွေ့ပဲ၊ ဒီလိုလုပ်ကွာ . . . ငါတို့ မောင်မြင်ည



www.burmeseclassic.com

www.burmeseclassic.com



တစ်ဝိုင်းစားရအောင်၊ ငါဘော်ဒါဟိုတယ်က အခန်းကျယ်ကျယ် တစ်ခန်းငှားထားလိုက်မယ်"

"အချစ်လိုက်လေကွာ. . . လင်းဟိန်းဖံ့ပါ ခေါ်ရမယ်၊ ညအစီအစဉ်တော့ ဒီကောင် အလုပ်ရှိမှာ မဟုတ်ဘူး"

"ငါတော့ မလာဘူးကွာ"

"ဟေ့ကောင် ဟန်မောင်. . . မင်းက ဘာဖောက်တာလဲ"

"ကေသီဖုန်း စောင့်ရဦးမယ်ကွ"

"ဖိုးသဲ"

"သဲတာ မဟုတ်ဘူးကွ၊ ကေသီ့ဆီ ဖုန်းဆက်ချင်တဲ့အချိန်တိုင်း ဆက်လို့မရဘူး၊ သူက ဖုန်းဆက်ရင် ညဘက်မှ ဆက်တာကွ၊ ငါက သူ့ဖုန်းလေးပဲ မျှော်နေရတာပါကွာ"

ဟန်မောင် ရှည်ရှည်ဝေးဝေး ရှင်းပြနေလေသည်။

"မင်းတို့ကတော့ နိပ်တယ်ကွာ၊ ငါ့ရဲ့နှင်းကတော့ မသွက်ဘူးကွ တစ်ခါတစ်လေတော့လည်း ငြီးငွေ့လာသလိုပဲ"

"ပြောပြီလား"

"ငွန်လွှတ်ဖို့တော့ ခက်တယ်ကွာ၊ ဟေ့ကောင် အောင်ထွန်းခန့် မင်း ဇွန်းခဏပေးကွာ"

"နှင်းကို ဆက်မလို့လား"

အောင်ထွန်းခန့် ဖုန်းကို ပေးရင်း မေးခွန်းထုတ်နေသည်။

"နီး. . . ငါလည်း မင်းတို့နဲ့အပြိုင် နယူး(new)လေ"

"ကြည့်လုပ် တိုယ့်လူ"

"မင်းတို့လုပ်တာလည်း ငါမတားဘူး၊ ငါ့သဘောကိုလည်း





လာမဆန့်ကျင်နဲ့"

နိုင်သူမင်း ဟန်ပါပါနှင့် သူငယ်ချင်းများကို ဟောက်ပြီး ရှင်းသန့်မွန်၏ဟန်းဖုန်းနံပါတ်လေးကို နှိပ်လိုက်သည်။

"ကျွတ်. . ."

"ဘာလဲကွ"


"ဖုန်းပိတ်ထားခြင်း သို့မဟုတ် ဆက်သွယ်မှုဧရိယာပြင်ပ ရောက်ရှိနေပါသဖြင့် ခေါ်ဆို၍ မရနိုင်ပါရှင့်တဲ့"

နိုင်သူမင်းက မိန်းကလေးအသံဖြင့် လုပ်ပြသောကြောင့် အားလုံးဝိုင်း၍ရယ်မောကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com








# အခန်း(၁၅)

"နင့်ကြည့်ပြီး ငါမောလိုက်တာ အိန္ဒြေရယ်"

ဂစ်တာကြိုးလေးများကို အသံညီအောင် ညှိနေသော အိန္ဒြေကို သက်နှင်းစံ စိတ်မရှည်စွာ ပြောသည်။

"ဒီလိုမောရမှ ကျွန်မကျေနပ်တယ်ဆိုရင် နင် ဘာပြောလဲ"

"မောတဲ့အရာကို ဘယ်သူမှ မနှစ်သက်ပါဘူးဟာ"

"ဒါဆို အချစ်ဆိုတဲ့အရာကို ဘာကြောင့် လူတွေတန်ဖိုးထားနှစ်သက်နေကြလဲ ရှင်သိလား"

"အချစ်နဲ့ မောတာနဲ့ တခြားစီပါ၊ အချစ်က ကြည်နူးစရာပဲ



www.burmeseclassic.com

www.burmeseclassic.com



ဟာ"

"နှင်တ အချစ်ကို အပျော်အနေနဲ့ပဲ တွေ့ဖူးသေးတာကို အချစ်ဆိုတဲ့အရာက မောတာထက် ကြောက်ဖို့ကောင်းတာ ရှိသလား"

"ရှင့်စကားတွေ ကျုပ် နားမလည်တော့ဘူး၊ အိပ်ချင်လာပြီ ငါ အိပ်တော့မယ်ဟာ"

"နေပါဦး သက်နှင်းရာ၊ ရှင်မသိတဲ့ အချစ်အကြောင်း ကျွန်မ ရှင်းပြတာ နားထောင်ပါဦး"

"ဟာ. . . နားမထောင်ချင်ဘူး၊ ငါ အိပ်ချင်ပြီ၊ ညတိုင်း ငါ့ကို အိပ်မရအောင် ဒုက္ခလာပေးနေတာပဲ"

သက်နှင်းစံ မွေ့ယာပေါ် အားပါးတရ ပစ်လှဲချလိုက်သည်။

အိန္ဒြေလည်း သက်နှင်းစံဘေးတွင် လှဲချပြီး သက်နှင်းစံ မွေ့ဖက်နမ်းလိုက်သည်။

"လွှတ် အရှုးမ၊ ရှင် လူမှားနေပြီ"

"မမှားပါဘူးကွာ. . . ကျွန်မနမ်းတဲ့ ပါးပြင်ပိုင်ရှင်ဟာ ကျွန်မရဲ့ အချစ်ဆုံး သူငယ်ချင်းပဲဟာ"

"သွားစမ်းပါကွာ. . . ရှင်က ကျုပ်တို့ကို ချစ်တာခင်တာ မဟုတ်တာ၊ ရှင့်အတွက် အသုံးချခံ ပစ္စည်းတွေပဲဟာ"

"အဲလိုမပြောပါနဲ့ အသဲရယ်၊ ကျွန်မ ရှင်တို့ကို တကယ် ခင်တာပါ။ အသုံးချတာနဲ့ သပ်သပ်စီပါ"

"ဒီစကားတွေနဲ့ပဲ"





"အော်. . . ဒါနဲ့ ရှင်တို့ ပြင်ဦးလွင် သွားတာ အတော်ပျော်ရဲ့လား"

"ပျော်သလားတော့ မမေးနဲ့၊ ငါ့ထက် ပျော်တဲ့သူတွေ ရှိသေး"

"ရှင်းသန့်လား. . . သူ့အဆက်ကြီး ပါတော့ မိုးမမြင် လေမမြင်ပေါ့"

"ရှင်းသန့်ထက် ပျော်တဲ့သူ ရှိသေး"

"ကေသီ"

"ဟုတ်ပ. . . သူ မေမြို့သားလေးနဲ့ ဇာတ်လမ်းဖြစ်လာတယ်၊ ရှင်းသန့်ဘဲရဲ့ဘော်ဒါပေါ့"

"ဟ. . . တယ်ဟုတ်ပါလား၊ ရှင်တကော"

"နိုး. . ."

"ရှင့်အကြိုက် မတွေ့တာလား၊ ရှင့်ကို မကြိုက်ကြတာလား"

"တွေးကြည့်ပေါ့"

"တွေးကြည့်စရာ မလိုပါဘူးကွာ၊ ရှင့်ကို တွေ့ပြီး မကြိုက်ဘူးလို့ ပြောတဲ့သူ မရှိလောက်ပါဘူး၊ သူတို့ ရှင့်အလှကို မမြင်တာဘဲဖြစ်မယ်၊ ရှင်က အရမ်းလှတာကိုး"

"ကပ်မြှောက်နေ. . . ဟဲ့. . . နှင် ဟန်မောင်ဆီ ဖုန်းဆက်သေးဘူးလား၊ ဆယ်နာရီ ကျော်နေပြီလေဟာ၊ ဆယ့်နှစ်နာရီရှင် အောင်ထွန်းခန့်ဆီက ဖုန်းလာဦးမယ် မဟုတ်လား"

"ဖြေးဖြေးပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com

"ငြေးမနေနဲ့ မအိန္ဒြေ၊ ရှင်က ဟန်မောင်နဲ့ ဖုန်းပြောရင်
တခေါ့တာမောဲ"

"ဒါမှ ယုတ္တိရှိမှာပေါ့"

အိန္ဒြေ အိပ်ယာပေါ်မှ လူးလိမ့်ထကာ ဖုန်းကို လှမ်းယူ
လိုက်သည်။

"အိန္ဒြေ. . . နင် သူတို့အပေါ် စိတ်နည်းနည်းမှ မတိမ်း
ညွတ်မိဘူးလား၊ နင် သူတို့နဲ့ ရင်းနှီးမှု ရသွားတော့ စိတ်ထဲ အစ
တော့ခဲ့တာတွေ လျော့မသွားဘူးလား"

"ဦး"

အိန္ဒြေ အေးစက်တည်ငြိမ်နေသောမျက်နှာမှာ မပြောင်း
လဲသော အဖြေပင်ဖြစ်သည်။ သူမ လက်ချောင်းလေးများက ဟ
မောင် ဖုန်းနံပါတ်ကို အလွတ်ကျက်မှတ်ထားပြီး ဖြစ်သည်။

"ဟဲလို. . . ဟဲလို. . . ကေသီလား"

အမောတကော ပြေးကိုင်၍ ပြောသော ဟန်မောင်အသံ
ကြောင့် အိန္ဒြေ ပြုံးလိုက်သည်။ သူမအပေါ် ယခုကဲ့သို့ သဲသဲလှု
ဖြစ်နေအောင် သူမ ကြိုးစားရကျိုး နပ်သွားသည်။

"မောင် ဘယ်တွေ လျှောက်သွားနေတာလဲ"

အပြင်မှ လာမှန်း မှန်းဆ၍ ပြောလိုက်ခြင်း ဖြစ်သည်

"မောင် သူငယ်ချင်းတွေနဲ့ ဆုံလို့ အပြင်ခဏ သွားတာပ

"အပြင်ခဏတလည်း. . . ကေသီ ဖုန်းဆက်နေတာ ခဏ
ခဏ ရှိပြီး တစ်ခါမှလည်း မရှိဘူး၊ ညထဲက ကေသီ ဆက်နေတာ
မောင့်ရဲ့"





အိန္ဒြေ ချွဲတဲတဲ အသံလေးဖြင့် အပြစ်တင်လိုက်သည်။
ဟန်မောင်ကတော့ ထုံးစံအတိုင်း ပြုံးတုံးတုံး ပြာတာတာ လေသံ
ဖြင့်. . .

"ဟုတ်ပါတယ် ကေသီရယ်၊ ကိုယ် ကေသီ့ဖုန်းကို ညနေထဲ
က စောင့်ချင်တာပါ၊ ဟိုကောင်တွေပေါ့. . ."

"ဘယ်က အကောင်တွေလဲ မောင်"

"ကိုယ့်သူငယ်ချင်းတွေကို ပြောတာ"

"မောင့်သူငယ်ချင်းက မိန်းကလေးလား ယောက်ျားလေး
လား"

"ယောက်ျားလေးတွေပါ ကေသီရယ်၊ မောင် ကေသီကို
ပြောပြဖူးပါတယ်၊ state ကျောင်းက သူငယ်ချင်းတွေလေ"

"ဟင်. . . မောင်က အဲဒီသူငယ်ချင်းတွေနဲ့ အမြဲတမ်း
တွေ့နေကျပဲ၊ ဘာလို့ ဒီနေ့ နောက်ကျမှ ပြန်လာရတာလဲ၊ မှန်မှန်ဖြေ
နော် မောင်၊ ကေသီ ငိုလိုက်တော့မှာ"

"ဟာ. . . မငိုပါနဲ့ ကေသီရယ်၊ မောင် ပြောပါ့မယ်"

ငိုမည်ဟု ပြောသောသူက တစ်ဖက်တွင် ဖုန်းခွက်ကို ပိတ်
၍ ရယ်မောနေခြင်းကိုတော့ ဟန်မောင် သိမြင်နိုင်မည် မဟုတ်ပေ။

"အောင်ထွန်းခန့်ပေါ့ ကေသီရယ်၊ သူ့ကောင်မလေးဆီ
ဖုန်းဆက်မယ့်ဟာ မောင်တို့ သူငယ်ချင်း တစ်အုပ်စုလုံးကို တစ်ဝိုင်း
ကျွေးပြီး စုထားတာ၊ မောင်က ကေသီနဲ့ ဖုန်းပြောရမှာမို့ မလိုက်ဘူး
ပြောတာကို အတင်းဆွဲခေါ်သွားတာ၊ မောင်တလဲ ဘယ်ရမလဲ
ဒီကောင်တွေကို အမူးတိုက်ပြီး အိမ်ပြန်လစ်လာတာ၊ ဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com

နောက်ကျသွားတာပါ။ စိတ်မဆိုးနဲ့နော် ကေသီ"

"ဆိုးတယ်. . . စိတ်အရမ်းဆိုးတယ် သိလား"

"အား. . . အဲဒီလို မလုပ်နဲ့လေ"

"အဲ. . . တဲ. . . အလကားနောက်တာ မောင်ရဲ့၊ ကေသီ ဟော. . . နောက်နေ့ အပြင်လစ်ထွက်လာခဲ့မယ်၊ မောင်နဲ့ တွေ့ရအောင်လေ"

"တကယ်လား"

"ညာစရာလား မောင်ရယ်၊ အဲဒီကိစ္စ ပြောမလို့၊ မောင်က နောက်ကျနေတော့ ကေသီ စိတ်မောရတာပေါ့"

ဟန်မောင် အတော်ကျေနပ်နှစ်သက်သွားဟန်ရှိသည်။ စကားဆက်မပြောနိုင်ပဲ ရပ်တန့်သွားသည်။

"မောင်. . ."

"ဗျာ. . ."

"ဘာဖြစ်လို့ အသံပျောက်သွားတာလဲ"

"အရမ်းပျော်သွားလို့"

"ဖုန်းချလိုက်တော့မယ်နော်"

"နေပါဦး"

"ပြောစရာစကား ရှိသေးလို့လား"

"ဟင့်အင်း"

"ဒါဆို ဖုန်းချလိုက်တော့"

"မောင် ဆက်ပြီး ကေသီ့အသံလေး ကြားချင်သေးတယ်"

"မောင်တ ဖုန်းမချတော့ ကေသီ ဖုန်းမချရက်ဘူးပေါ့"





ပိုပိုသာသာ စကား ပြောလိုက်မိသောစကားကြောင့် အိန္ဒြေ မိမိကိုယ်ကို သဘောကျစွာ ကြိတ်ပြုံးမိသည်။ ဘေးမှ သက်နှင်းစံကလည်း အသံမထွက် ရယ်နည်းဖြင့် ရယ်မောနေသည်။

"ဖုန်းချလိုက်ပါ ကေသီ၊ မောင်တ ဒီတစ်ညလုံး ဖုန်းကလေး ကို ဖက်ပြီး အိပ်တော့မှာ"

"ကြောင်ပ"

ဖုန်းခွက်ကို ချရင်း အိန္ဒြေ ပြောလိုက်သည်။

"ကြောင်လိုက်တာဟာ"

"ဘာပြောလဲ"

"ကိုယ်တော်ချောက ဖုန်းခွက်ကို ပိုက်ပြီး အိပ်မလို့တဲ့"

သက်နှင်းစံက အားပါးတရ ရယ်မောရင်း. . .

"အချစ်နဲ့ တွေ့တဲ့တိုင်း ဒီလိုအမြဲခံရတယ်ဟေ့"

ဟု အိန္ဒြေအား ပြောလိုက်လေသည်။


www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၀)

"ကလင်. . . ကလင်. . . ကလင်"

ဆယ့်နှစ်နာရီ ဒေါင်ကနဲ မြည်သည်နှင့် ဖုန်းသံလွှင်လွှင်ကလေးက သက်နှင်းစံ အခန်းအတွင်း ပျံ့လွင့်သွားသည်။ ဖုန်းခွက်ကို သွမ်းကိုင်သူက သက်နှင်းစံ မဟုတ်၊ အိန္ဒြေရှင်ပင် ဖြစ်သည်။

သက်နှင်းစံကတော့ ခေါင်းအုံးနှစ်လုံးကြားထဲ ခေါင်းကို ထိုးသွင်းထားလိုက်သည်။

"အောင်လား"

"တုတ်တယ် အသဲလေး၊ ကိုယ် ဘာသီချင်းနဲ့ အိပ်ရမလဲ"

"မ နဲ့ မောင်"

"မ နဲ့ မောင်. . . တုတ်လား"





အောင်ထွန်းခန့်က သံယောင်လိုက်၍ ပြောလိုက်သည်။

"ဘာလဲ. . . မကြိုက်လို့လား"

"ကြိုက်ပါတယ်. . . ဆိုပြတော့လေ"

"ကိုအောင်ထွန်းခန့် ဆယ်လူလာနဲ့ ဆက်တာလား၊ လိုင်းဖုန်းနဲ့ ဆက်တာလား"

"လိုင်းဖုန်းနဲ့"

"လိုင်းခွဲရှိလား"

"ဟင့်အင်း. . . မရှိဘူး၊ ဘာဖြစ်လို့လဲ"

"ကျွန်မက ကိုအောင်ထွန်းခန့် တစ်ယောက်တည်းကိုပဲ ဖျော်ဖြေမှာနော်"

"အသဲလေးက ဖုန်းစပီကာ ဖွင့်ထားတာကို မသင်္ကာ ဖြစ်နေတာလား၊ စိတ်ချ. . . ကိုယ်ကလွဲရင် တခြားဘယ်သူ့တို့မှ မေးနားမထောင်ဘူး၊ အသဲလေးက ကိုယ့်ရဲ့မူပိုင်အဆိုရှင်"

အောင်ထွန်းခန့် စကားကြောင့် ဘေးမှ ဖုန်းစပီကာကို နားထောင်နေသော နိုင်သူမင်းနှင့် လင်းဟိန်းဇံတို့ လက်သီးထောင်ပြသည်။ နိုင်သူမင်းနှင့် လင်းဟိန်းဇံတို့နှစ်ဦး၏ပါးစပ်များကို လက်ကိုင်ပုဝါများ ပိတ်၍ ချည်နှောင်ထားခြင်းသည် အောင်ထွန်းခန့်၏ အကြံအစည်ဖြစ်သည်။

"ကိုအောင်ထွန်းခန့် သောက်ထားလား"

"နည်းနည်းပါးပါးပါ"

"ဟင်. . . နည်းနည်းသာ ဆိုတယ်၊ အသံက အရမ်းလေး နေတာပဲ၊ အရမ်းမူးနေရင်လဲ အိပ်လိုက်တော့၊ မနက်မြန်မှ ညီး


www.burmeseclassic.com

www.burmeseclassic.com

တော့မယ်"

"အား . . . မလုပ်ပါနဲ့ အသည်းလေးရယ်၊ အသည်းလေး သီချင်းသံ ကြားရရင် ကိုယ်ဘယ်လိုမှ အိပ်လို့ရမှာ မဟုတ်ဘူးကွာ၊ မချော့တော့ပါနဲ့ အသည်းလေးရယ်"

"ဒါဆို ဘာလို့ အရမ်း အရက်သောက်ရတာလဲ၊ ကျွန်မ အရှည်သောက်တဲ့သူကို မုန်းတယ်"

"မမုန်းပါနဲ့ အသည်းလေးရယ်၊ ကိုယ် ဘာကြောင့် အရက်ကို မူးအောင် သောက်မိသွားလဲဆိုတာ အသဲလေး သိရင် ကိုယ့်ကို သနားသွားမှာ"

"ဘာဆိုင်လို့လဲ"

"ကိုယ် အကြောင်းတစ်ခုကို တွေးကြောက်နေမိတာ လျော့သွားအောင်လို့ အရက်သောက်မိတာ"

"ဘာအကြောင်းလဲ"

"အသည်းလေးရဲ့သီချင်းသံကို မကြားတော့ဘူးဆိုတဲ့ အကြောင်းပေါ့၊ ကိုယ် အဲဒီအကြောင်းကို မတွေးရဲဘူး"

"ရှင် တော်တော်ပိုတယ် သိလား၊ ကျွန်မက ရှင့်ကို သီချင်း မသီဆိုရရင် အိပ်လို့မပျော်တော့ဘူးရှင့်"

"တကယ် . . ."

"တကယ်ပြောတာ"

"ပျော်လိုက်တာကွာ"

"တဲ့ . . . နားထောင်နော်"

အိမ်ခြေ ဂစ်တာကို မယူပြီး စတင်တီးခတ်လိုက်လေသည်။





"မနဲ့မောင် × × × အကြောင်းတွေကို × × × လူတိုင်းက ပြောတယ် × × × မရေရာလှတဲ့ သမီးရည်းစားဘဝမှာ ယောင် လည်လည်နဲ့ "မ" အဖြစ်ဟာ × × × ဒီလိုနဲ့ပဲ အရိုးထုတ်တာ တံတွေးခွက်မျောလို့သာ × × × အချိန်တွေ ဆွဲနေတာ × × × ဘာကြောင့်လဲ မောင်ရာ × × × ဘာလဲ အသစ်တွေ့နေလို့လား"

မောင့်အကြိုက် × × × မောင့်လိုအင်တွေကို ငြိုငြင်တာ မရှိဘူး × × × မက ခွင့်လွှတ်ခဲ့တယ် × × × ချစ်တဲ့စိတ်တစ်ခုနဲ့ မောင့်ရဲ့အကြိုက် လိုက်တော့ မမှာ စိတ်အားငယ် × × × မောင် မုန်းရင် × × × ဘယ်လိုနေရမှာ ဘယ်လိုနေတာပင် ချစ်တဲ့စိတ် ကြိတ်မှိတ်လို့ဖြေ၊ မောင့်အတွက်နဲ့ မရဲ့အသည်းတွေ ငိုပွဲ × × × တမြှေမြှေ ကျွမ်းပြီကွယ် × × ×

အချစ်နတ်တွေ ရှိပါရင် × × × ချစ်သမီး ပြောပါရစေ၊ မရေရာလှတဲ့ မောင့်ရဲ့စိတ်ကို × × × နိုင်အောင် ဖန်ဆင်းပေးလှည့် ပါ × × × မောင်ဟာ တကယ်ပဲ × × × မရဲ့သခင် × × × အသည်းထဲ စွဲချစ်တယ် × × × မောင်ရယ် မုန်းမယ်ပြင် × × × အို × × × မ ရင်ခွင် × × × ခွဲလို့ အသက်ကိုရှင် × × ×

အို မောင့်အကြိုက် × × × × ×

"နားထောင်လို့ ကောင်းလိုက်တာ အသည်းလေးရယ်"

"အဟုတ်လား"

"အချစ်ည ရင်ခုန်သံ သီချင်းပြီးရင် ဒီသီချင်းကို အကြိုက် ဆုံးပဲ၊ ဘာလဲ . . . အသဲလေးက ဒီသီချင်းကို ဒီလောက်ခံနိုင်တာ ခံစားမှု ရှိခဲ့လို့လား"


www.burmeseclassic.com

www.burmeseclassic.com



အောင်ထွန်းခန့် မသိမသာ မေးလိုက်သည်။

"[illegible] ကိုအောင်ထွန်းခန့်ရယ်၊ သီချင်းစာသားလေးကို [illegible] ထွန်းမှာ မူးလို့ ရှုစရာတောင် မရှိပါဘူး"

"[illegible]လား"

"အောင်းမယုံနိုင်းပါဘူးရှင်. . . မှန်တာပြောရင် ကျွန်မ [illegible]ပြောပြီး သီချင်းဆိုပြတာ ကိုအောင်ထွန်းခန့် တစ် [illegible] ယောက်ျားလေး ရှိတာ"

"ပျော်သွားပြီဗျာ"

"နောက်နေ့တွေ အရက်မသောက်နဲ့တော့နော်"

"ဟုတ်ကဲ့"

"အိပ်တော့နော်"

"ဟုတ်ကဲ့. . ."

"ဟုတ်ကဲ့. . . ဟုတ်ကဲ့နဲ့ ကျွန်မစကားတွေ ကြားရဲ့လား"

"ဟုတ်ကဲ့. . ."

"ကိုအောင်ထွန်းခန့်"

"ဗျာ. . ."

"ရှင် သိပ်မူးနေပြီ. . . အိပ်တော့"

"ဟုတ်တဲ့. . . ဟာ. . . မဟုတ်ကဲ့၊ ဘာတွေပြောမိလဲ မသိဘူး အသံလေး စိတ်မဆိုးနဲ့နော်၊ ကျွန်တော်က ချစ်လို့စတာ"

"ဘယ်လိုချစ်လို့လဲ ကိုအောင်ထွန်းခန့်နော်. . . မရိုးမသားစကားတွေ"

"ဟာ. . . ညီမလေးလိုပါ အသံလေးရဲ့"





"ပြီးရော"

အိန္ဒြေ ကန္တဲ့ကလျ ပြောရင်း ဖုန်းခလုတ်ကို ပိတ်လိုက်သည်။ တစ်ယောက်တည်း သဘောကျ ကျေနပ်စွာဖြင့် ရယ်မောလိုက်သည်။

"ကဲ. . . ပြီးပြီလား၊ ပြီးရင်လဲ မီးပိတ်လိုက်တော့ အိန္ဒြေရာ၊ ငါ အိပ်ချင်လာပြီ"

"ရှင် မအိပ်သေးဘူးလား"

အိန္ဒြေ ဂစ်တာကို နံရံတွင် ကပ်ပြီး ထောင်ထားလိုက်ရင်း အခန်းမီးခလုတ်ကို ပိတ်လိုက်သည်။

"ဂစ်တာသံ တဒေါင်ဒေါင်နဲ့ အိပ်လို့ရပ့ါမလားဟဲ့"

"အေးကွာ. . . ကျွန်မလည်း ကျွန်မအသံကို လင်းဟိန်းဇံတော နိုင်သူမင်းပါ ကြာကြာနားထောင်နိုင်အောင် သီချင်းရှည်ရှည် တစ်ပုဒ် ဆိုပြလိုက်တာ"

"ရှင် အပင်ပန်းကို ခံတယ်"

"ကျွန်မက အဲဒီလိုမှ အရသာတွေ့တာ"

"ရှင်တစ်ယောက်တည်းဆိုတာ သူတို့ သတိမထားမိသေးဘူးလား၊ သူတို့က အရမ်းခင်တဲ့ ငယ်ပေါင်းတွေနော်"

"အခုချိန်ထိတော့ ဆက်စပ်လို့ ရဦးမှာ မဟုတ်ဘူးဟ၊ ဆက်စပ်လို့မရအောင် နင်တို့လိပ်စာတွေ တကွဲတပြား ပေးထားတာပေါ့"

"နင်က ကင်ဆာလိုပါပဲလား"

"ရှင်က ဘာကိုဆိုလိုတာလဲ သက်နှင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်. . . ရှင့်ရဲ့တုန့်ပြန်မှုက ကင်ဆာလိုပဲ အမြစ်တွေ ပွားမြီးမှ ရောဂါလက္ခဏာ ပြတော့မှာ"

"ဘယ်လိုပဲဖြစ်ဖြစ် လက်စားချေဖို့ အရေးကြီးတယ်"

"ဟဲ့. . . မနက်ဖြန်မနက် ဟိုမိန်းမတွေနဲ့ ဘယ်မှာ ချိန်းထားတာလဲ"

"ဘုတာရုံလမ်းထိပ်က မန်းပေါက်စီ လက်ဖက်ရည်ဆိုင်မှာ"

"ဘာထွင်ပြန်ပြီလဲ အိန္ဒြေ"

"ငါ ထွင်တာမဟုတ်ပါဘူးဟာ၊ ကေသီနဲ့ ရှင်းသန့်က မန်းပေါက်စီ အပေါ်ထပ်က ဖြူတီစလွန်း(Beauty Saloon)မှာ သွားတစားမလို့တဲ့လေ"

"ကေသီက ကစားချင်တာ ထားပါတော့၊ ရှင်းသန့်က ဘာဖြစ်လို့ ကစားမှာလဲ၊ သူကိုယ်လုံး ဝမှ မဝပဲ"

"ယောက်ျားယူခါနီး ပိုလှအောင်နဲ့ တူပါတယ်ဟာ၊ အိပ်တော့ဟာ. . . လျှောက်မေးမနေနဲ့"


"အောင်မယ်. . . သူကပဲ ပြောရတယ်လို့"

သက်နှင်းစံက အိန္ဒြေ ပွဲ့ဖက်ထားသော စောင်အထပ်အတွေကို ယူလိုက်ပြီး ခြုံလိုက်သည်။

"ရှင် စိတ်ကူးတွေ ယဉ်မနေနဲ့နော်၊ အိပ်တော့ သူငယ်ချင်း Good Night"







## အခန်း(၁၉)

ဘုတာရုံလမ်းထိပ်မှ မန်းမြို့တော်ပေါက်စီ လက်ဖက်ရည်ဆိုင်တွင် အိန္ဒြေ စကားဝိုင်းထဲ စကားတစ်လုံးမျှ ဝင်မပြောပဲ တစ်စုံတစ်ယောက်ကိုသာ စူးစိုက်ကြည့်နေမိသည်။

ထိုသူကတော့ သူမကို ခဏစိုက်ကြည့်ပြီးနောက် ထပ်လှည့်မကြည့်တော့ပေ။ အိန္ဒြေ ဘာကိုမှ သတိမထားနိုင်၊ ထိုသူ၏လှုပ်ရှားမှုများကိုသာ ငေးမောကြည့်နေမိသည်။

ထိုသူ၏မျက်နှာက သူမကို တွေ့သွားပြီးကတည်းက မှောင်သွားတော့မည့်မိုးနှယ် ညိုမှိုင်းသွားသည်။ မကြည်လင်သောမျက်နှာနှင့် သူ၏သူငယ်ချင်းများ ပြောဆိုနေသော စကားများကို စိတ်ဝင်စားဟန်



www.burmeseclassic.com

www.burmeseclassic.com



မရှေး သွင်သော် ခေါင်းညိတ်တော့ မပျက်။

"ထွဲ. . . အိန္ဒြေ၊ ဟဲ့. . . ငြိမ်လှချေလား"

"အသယ်သူ့ကို ကြည့်နေတာလဲ"

"ဒီတစ်ယောက် ငြိမ်နေပုံထောက်ရင် တစ်ခုခုတော့ တစ်ခုခုပဲ"

တစ်ယောက်တစ်ခွန်း ဝိုင်း၍ပြောဆိုနေကြသည်။ အားလုံးက အိန္ဒြေ ငေးစိုက်ကြည့်နေသောဘက်သို့ ဝိုင်းကြည့်မိကြသည်။ သိပ်ထူးခြားမှု မရှိသော ယောကျ်ားလေးသုံးဦး ဝိုင်းဖွဲ့နေသော လက်ဖက်ရည်စားပွဲလေး ဖြစ်သည်။ ထိုလူတွေက သူတို့အုပ်စုကိုပင် သတိထားမိဟန် မတူပေ။

"အိန္ဒြေ. . . ဘာလို့ ဒီလောက်တောင် စိုက်ကြည့်နေရတာလဲ"

"နင် စိုက်ကြည့်လောက်အောင် တစ်ယောက်မှ ပုံမလာပါဘူးဟာ"

"ဟဲ့. . . နင့်ရဲ့အငြိုးစာရင်းဝင်များလား"

တစ်ယောက်တစ်ပေါက် မေးခွန်းများက အိန္ဒြေနားထဲ ချော်ချောင်သွားသည်။

"မင်းတို့ စပို့ရှပ်အညိုရောင်နဲ့ ကောင်လေးကို သေချာကြည့်ထား"

အိန္ဒြေစကားကြောင့် အကြည့်များအားလုံး ထိုစားပွဲဝိုင်းရှိ အညိုရောင် ကောင်လေးဆီသို့ ရောက်ရှိသွားသည်။ အသားညိုညို ဆံပင်က စုတ်ဖွားဖွားတ နားရွက်အောက်အထိ တစ်ဦးတည်း





အရှည် ကိုယ်လုံးကိုယ်ထည်က သိပ်ပြီး မဖွံ့ထွားသော်လည်း အရပ်တော့ မြင့်ဟန်ရှိသည်။

"ဘာထူးခြားလဲ"

ရှင်းသန့်က မျက်ခုံးပင့်ကာ မေးသည်။

"ဘာထူးခြားရမှာလဲ. . . ခပ်စုတ်စုတ်ကောင်လေး တစ်ယောက်ပဲ"

"ဟုတ်တယ် ညို့မှုံ၊ ငါ့စိတ်ထဲ ဒီကောင်လေးက ဆင်းဆင်းရဲရဲထဲကပဲကွ၊ ဖိနပ်ကို ကြည့်ပါလား. . . ရော်ဘာဖိနပ်နဲ့"

"နင်တို့ကလည်းဟာ. . . လူကို ကြည့်ခိုင်းတာ၊ အဝတ်အစားတို့ ဖိနပ်တို့ လျှောက်ကြည့်နေရလား"

ရှင်းသန့်က ဝေဖန်ပြစ်တင်လိုက်သည်၊ ညို့မှုံနှင့် ကေသီ မျက်စောင်းဝိုင်းထိုးပြီး ပါးစပ်ပိတ်သွားသည်။

"ကေသီနဲ့ရှင်းသန့်. . . နင်တို့ သွားကစားတော့၊ ငါတို့ ဒီဆိုင်မှာပဲ ထိုင်စောင့်နေမယ်"

အိန္ဒြေက ထိုကောင်လေးကို အကြည့်မလွှဲဘဲ ပြောလိုက်သည်။

"ဟင်. . . နင်ပဲ လှည်းတန်းဈေး သွားပတ်ရင်း သူတို့ သင်တန်းအဆင်း စောင့်မယ်ဆို"

"အစီအစဉ် ပြောင်းသွားပြီ"

"အမျိုးမျိုးပဲ၊ လာ. . . ရှင်းသန့်၊ အပေါ်တက်ရအောင်"

ရှင်းသန့်နှင့်ကေသီ ပြူတီဆလွန်းထဲသို့ ဝင်သွားကြသည်။ ညို့မှုံက အိန္ဒြေကို မကျေနပ်မှုများ ပြည့်နှက်နေသော အကြည့်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com

ကြည့်မိသည်၊

"ဘာကြည့်တာလဲ"

တစ်ဖက်ဝိုင်းကိုသာ စိုက်ကြည့်နေသော အိမြွေ့မျက်လုံးက သူ့အား မတော့မနပ် ကြည့်နေသော ညို့မှုးကို မြင်ဖြစ်အောင် မြင်လိုက်သေးသည်။

"အိမြွေ့. . . သူက နင်နဲ့ ဘာပတ်သက်လို့လဲ"

"သူ့နာမည် ရဲသူနိုင်တဲ့"

"ဒီနာမည် အရင်က နင် မပြောဖူးပါဘူး"

"ကျွန်မဘဝမှာ ကျွန်မကိုယ်ကျွန်မ အခဲမကြေ ဖြစ်ခဲ့ရတာ သူ့ကြောင့်ပဲ၊ ကျွန်မ စိတ်ဓါတ်မကောင်းတဲ့အချက်ကို သူက ထောက်ပြခဲ့တာပဲ"

"နင့်စကားကလည်း"

"ရှင်တို့ကို သေချာရှင်းပြပါ့မယ်၊ သူနဲ့ကျွန်မနဲ့က ခြောက်တန်းကနေ ခုနစ်တန်းအထိ အခန်းအတူတူပဲ"

"ကျောင်းတော်က ရန်စပဲလား၊ ဟိုလေးကောင်ထက် အရင်တွေ့တာပေါ့"

"ဟုတ်တယ်. . . သူနဲ့က ရန်စမဟုတ်ဘူး၊ ကျွန်မအမှား ကျွန်မ သူ့အပေါ်မှာ အကြွေးရှိတာ၊ ကျွန်မ အဲဒီအကြောင်း တွေးမိရင် အရှက်တွေ ရှက်မိတယ်"

အိမြွေ့ ရဲသူနိုင်ဆီ အကြည့်တစ်ချက် လွှတ်လိုက်သည်။ သူကလည်း သူမတို့ လှမ်းကြည့်ပြီး မမြင်ချင်ယောင်ဆောင်ကာ မျက်နှာလွှဲသွားသည်။ သူနှင့် ပါလာသူများတော့ လူငယ်စရိုက်





ကြမ်းကြမ်းပုံစံများဖြစ်သည်။ သူမတို့ ဝိုင်းကိုလည်း မထိတထိ စချင်သေးသည်။

"တကယ့်စရိုက်တွေပဲ"

သက်နှင်းက မျက်စောင်းခဲကြည့်ပြီး ပြောခြင်းဖြစ်သည်။ ရဲသူနိုင်ကတော့ သူမတို့အုပ်စုကို လုံးဝဂရုမစိုက်သလို နေသည်။

"ဟော့ကောင်တွေ. . . ပြန်မယ်ကွာ"

တိုတိုပြတ်ပြတ် ဩဇာအပြည့်နှင့် ကျယ်လောင်သောအသံက ဒေါသသင့်နေသည်။

"ဟာ. . . နေပါဦးကွာ၊ ရှခင်းကောင်းလေး လက်လွှတ်မခံချင်ဘူးကွ"

"ဟုတ်တယ် ရဲသူရ ငါတို့ ဒီဆိုင်မှာ နေ့တိုင်း လာသောက်နေကျပဲ၊ ဒါပေမယ့် အရင်နေ့တွေက ဒီနေ့လောက် ရှခင်းမကောင်းဘူးကွ၊ ငါတို့ထိုင်တာ ကြာမှ မကြာသေးတာ၊ အရင်နေ့တွေက ဒီ့ထက် ပိုကြာသေးတယ်"

ကျန်လူနှစ်ယောက်က ရဲသူနိုင်ကို ဆွဲလွဲကာ တားမြစ်လိုက်သည်။ ရဲသူနိုင် စိတ်ပျက်စွာဖြင့် ဆက်ထိုင်နေရတော့သည်။

"အိမြွေ့. . . သူတို့ပုံစံက ငါတို့သွားမှ သွားမယ့်ပုံပဲ၊ ဘေးက စရိုက်နှစ်ကောင်က ငါတို့ကို ကြည့်နေတာ မျက်လုံးတောင် ကျွတ်ထွက်တော့မယ်၊ အစိမ်းလိုက် ဝါးစားမလားတောင် မသိဘူး"

"ဟာ. . . အဲဒီကောင်တွေကို ဂရုစိုက်မနေနဲ့ပေါ့၊ ကျွန်မတော့ နောက်ရက်တွေလည်း ဒီဆိုင်ကို လာဖြစ်ဦးမှာပဲ"

"ငါတို့တော့ မလိုက်ဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် အိန္ဒြေ၊ ရှင်လည်း စရိုက်တစ်ယောက်အတွက် အချိန်တွေနှောင်ခံစမ်းပါနဲ့"

"စရိုက်. . . စရိုက်ဆိုတာ ဘာနဲ့ တိုင်းဖြတ်လိုက်တာလဲ၊ ပိုက်ဆံမရှိတဲ့လူကို စရိုက်လို့ သတ်မှတ်လား"

"အဲဒီလို ပြောတာ မဟုတ်ဘူး အိန္ဒြေ၊ ပိုက်ဆံမရှိတဲ့သူလည်း ရှိတာလေးနဲ့ သပ်သပ်ရပ်ရပ် နေရင် ကြည့်ကောင်းပါတယ်၊ သူတို့က ပိုက်ဆံမရှိတဲ့အပြင် မသပ်မရပ်နဲ့ စုတ်ပြတ်နေတာပဲဟာ"


ညို့မှုန့် နှုတ်ခမ်းလေးကို မဲ့ကာရွဲ့ကာနှင့် ပြောလိုက်သည်။ အိန္ဒြေကတော့ ထိုစရိုက်ကလေးကိုသာ စိုက်ကြည့်နေသည်။

"ဟော့ကောင် ရဲသူ၊ မင်းတော့ ထိပေါက်ပြီနဲ့တူတယ်၊ ဟို အလန်းလေးတစ်ယောက်က မင်းကိုပဲ စိုက်ကြည့်နေတယ်"

အိန္ဒြေရှင်ကို သတိထားမိသော ရဲသူနိုင် သူငယ်ချင်းတစ်ယောက်က ပြောသည်။ ရဲသူနိုင်ကတော့ ဘာကိုမှ ဂရုမစိုက်သည့် ပုံစံနှင့် တစ်ချက်ကလေးမျှ လှည့်မကြည့်ပေ။







# အခန်း(၂၀)

"အိန္ဒြေရယ်. . . နင်ဟာလေ၊ သိပ်ပြီးအိန္ဒြေပျက်တာပဲ သိလား"

"ဟုတ်ပ. . . ဟိုက ထထွက်သွားအောင် ဘာလို့ တအားကြီး သွားစိုက်ကြည့်နေရတာလဲ"

လှည်းတန်းက(Mac Burger)မက်ဘာကာဆိုင်ထဲတွင် သူငယ်ချင်းများက အိန္ဒြေကို တစ်ယောက်တစ်ပေါက် အပြစ်တင်နေခြင်း ဖြစ်သည်။

"ဒီမိန်းမ အပေအတေလေးနဲ့မှ ထိသွားပြီနဲ့တူတယ်"

"ဟဲ့. . . ဟုတ်ရဲ့လားဟာ၊ အိန္ဒြေ. . . နင် ငွေအသွားကြီး



www.burmeseclassic.com

www.burmeseclassic.com

လုပ်မနေနဲ့၊ အဲဒီကောင်လေးနဲ့ ပတ်သက်မှုကို မြန်မြန်ရှင်းပြဟာ"

ရှင်းသန့်က စိတ်မရှည်စွာ မေးသည်ကို အိန္ဒြေ သက်ပြင်းရှည်ကြီး ချလိုက်မိသည်။

"သူနဲ့ ပတ်သက်တဲ့အကြောင်း ပြောရရင် ကျွန်မဟာ အဆောက်တို မိုက်မဲခဲ့တဲ့ မိန်းမတစ်ယောက်ပဲ၊ အဲဒီအကြောင်း တွေးမိတိုင်း ကိုယ့်ကိုယ်ကို မုန်းမိတယ်"

အိန္ဒြေက စားလက်စ ဟမ်ဘာဂါကိုတောင် ကုန်အောင် မစားနိုင်တော့။ မျက်လုံးထဲ အတွေးပုံရိပ်များက ပြေးဝင်လာသည်။

ခုနစ်တန်းနှစ် ကျောင်းနောက်ဆုံးနေ့ နှုတ်ဆက်ပွဲလေး ဖြစ်သည်။ ပါဆယ်ထုတ်ကလေးများ မဲနှိုက်၍ လဲလှယ်ကြသည်။ ထိုပါဆယ်ထုတ်လေးများထဲမှ ပစ္စည်းတန်ဖိုးမှာ နှစ်ရာအထက် ဖြစ်ရမည်။ ထိုအချိန်က ငွေနှစ်ရာ၏တန်ဖိုးမှာ မများသော်လည်း အတော်အသုံးခံသေးသည်။ တစ်နေ့ မုန့်ဖိုးတစ်ရာကျပ် ရသော အချိန်ဖြစ်သည်။

အိန္ဒြေရှင်ကတော့ ထိုပွဲလေးကို ခေါင်းဆောင်သူဖြစ်၍ ထစ်ဆောင့်ငါးရာကျပ်တန် ပစ္စည်းတစ်ခု ဝယ်၍ထည့်သည်။ မိမိ မြန်ရသော ပစ္စည်းကိုလည်း အဖိုးတန်လေး မျှော်လင့်မိ၏။

"ဟဲ. . . မဲနှိုက်မယ်"

ဆောက်ဂျားလေး အတန်းခေါင်းဆောင်၏ အသံက ကျောင်းသားအားလုံး၏အသံကို လွှမ်းခြုံ၍ ပေါ်ထွက်လာသည်။ ကျောင်းသားအသီးသီး မဲလိပ်ကလေးများ နှိုက်ကြသည်။

ပါဆယ်ထုပ်အသီးသီး ရရှိပြီး အိန္ဒြေရှင် လက်ထဲမှ





ပါဆယ်ထုပ်ကို ငုံ့ကြည့်ပြီး သိချင်စိတ်များ ဖြစ်ပေါ်မိသည်။ အထုပ်ကလေးက သေးပေမယ့် အထဲက ပစ္စည်းကိုတော့ အထင်မသေးရဲပေ။

အိန္ဒြေရှင် ပါဆယ်ထုပ်လေးကို ပိုက်ကာ ကျောင်း၏ အခန်းထောင့် ခုံပေါ်တွင် သွားထိုင်လိုက်သည်။ ရင်တော့ နည်းနည်း ခုန်သည်။ ဘာလဲလို့ တွေးတောနေရသည်ကိုက ရင်ခုန်စရာ ဖြစ်သည်။

"ဟဲ့. . . အိန္ဒြေ၊ နင့်ပါဆယ်ထုပ် မဖွင့်သေးဘူးလား၊ ဒီမှာ ငါ့ပါဆယ် ဖြေလိုက်တာ ခေါင်းညှပ်ကလစ်ကလေး ရတယ်၊ အရမ်းလှတာပဲ. . . ကြည့်ပါဦး"

အတန်းဖော် သင်းသင်းက သူ မဲနှိုက်ခဲ့သောပစ္စည်းကလေးကို သူမရှေ့သို့ ချ၍ ကြွားသည်။

"မဖောက်ချင်သေးဘူးဟာ. . . အိမ်ကျမှပဲ ဖောက်တော့မယ်"

"ဟဲ့. . . နင့်ပါဆယ်က မဖောက်လို့ မရဘူး၊ အဲဒီပါဆယ်ထုပ် ပိုင်ရှင်က လိုက်ရှာနေတယ်"

"ဘာဖြစ်လို့လဲ"

"သူရထားတဲ့ပစ္စည်းနဲ့ လဲမလို့တဲ့လေ"

"ဘာဆိုင်လဲ"

ကြောင်တောင်တောင်နိုင်လှသော စကားများကြောင့် သူမလက်ထဲမှ ပါဆယ်ထုပ်လေးကို အလျင်အမြန် ဖွင့်ကြည့်လိုက်သည်။


www.burmeseclassic.com

 www.burmeseclassic.com 

"ဟင်. . ."

ဘူးထဲက စက္ကူစလေးများကြားတွင် သကြားလုံးတစ်လုံးသာ တွေ့ရသည်။ အိန္ဒြေရှင် မျက်လုံးထဲ ဒေါသမီးများ တောက်သွားသည်။ နှစ်ရာတျပ်အထက် ပစ္စည်းများသာ ထည့်ရမည်ဟု ပြောထားရက်နှင့် တစ်ဆယ်ကျပ်တန် သကြားလုံးလေးသာ ပါရှိနေသည်။

အိန္ဒြေရှင် ပါဆယ်ထုပ်ကလေးကို အားကုန်ပစ်ပေါက်လိုက်သည်။ သကြားလုံးကိုတော့ သူမလက်ထဲတွင် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသည်။

"ဘယ်သူလဲ"

အိန္ဒြေရှင် အသံအကျယ်ဆုံး အော်ဟစ်မေးလိုက်သည်။ သူမ လွှင့်ပစ်လိုက်သော ဘူးခွံလေးကို ကောက်ပြီး ရယ်ကျဲကျဲမျက်နှာလေးနှင့် သူမရှေ့သို့ ရောက်လာသော ကောင်လေးတစ်ယောက်။

"ရဲသူနိုင်"

"ဟဲ. . . ဟဲ. . . စတာနော်၊ ရော့. . . ဒီမှာ ငါ မန္တလေးက ရအောင် ပြက္ခဒိန်လေး နင်ယူလိုက်နော်"

ပြက္ခဒိန် အလတ်ဆိုဒ်တစ်ခုကို သူမရှေ့သို့ ထိုးပေးလိုက်သည်။ သူမ ဒေါသစိတ်က အတော်မသက်နိုင်သေး၊ ရှေ့ရောက်လာသော ပြက္ခဒိန်ကို ဆွဲ၍ဖြဲလိုက်သည်။

"တင်. . ."

ရဲသူနိုင် အံ့ဩတကြီး စိုက်ကြည့်နေသည်။

"သွား. . . ငါ့ရှေ့က ထွက်သွား၊ နင့်လို အကျင့်မှတ်တဲ့သူရဲ့မျက်နှာ ငါ မမြင်ချင်ဘူး၊ သွား. . . နင့်ပြက္ခဒိန်အစုတ်ပဲ ပြန်ယူသွား"

အိန္ဒြေရှင် အော်ဟစ်ကာ မောင်းထုတ်လိုက်သည်။ မျက်လုံးအိမ်အတွင်းမှ မျက်ရည်စများလည်း အဆက်မပြတ် လိမ့်ဆင်းလာသည်။ ဒေါသထွက်၍ ကျသည့်မျက်ရည်လော၊ သူများတွေကဲ့သို့ အဖိုးတန် မရ၍ လောဘကြီး၍ ကျသည့်မျက်ရည်လော၊ သူမ ခွဲခြား၍ မရခဲ့ပေ။

သူမ စားပွဲပေါ်တွင် မည်မျှကြာအောင် မှောက်အိပ်ပြီး ငိုနေခဲ့သည်ကိုပင် သူမ သတိမထားမိပေ။

"အိန္ဒြေရယ်. . . တိတ်ပါတော့၊ ရဲသူနိုင်တို့က အခုမှ ဆင်းရဲတာဟ၊ သူ့မှာ ပိုက်ဆံမရှိလို့ နေမှာပါဟာ"

သင်းသင်က ချော့၍ပြောသည်။

"ငါတို့ကျောင်းကို လာတဲ့ ဖြတ်လမ်းက တဲအိမ်လေးတွေ နင်တွေ့လား၊ အဲဒီမှာ သူတို့ နေတာဟ"

သင်းသင်းစကားကြောင့် အိန္ဒြေ စိတ်မကောင်း ဖြစ်ရသည်။ မိမိပြုလုပ်ခဲ့သည့်လုပ်ရပ်အပေါ် လည်း ရှက်နေမိသည်။ ရင်ထဲ ပို၍လောင်မြိုက်နေသည်။ နောင်တဆိုတဲ့အရာကို အိန္ဒြေ ခံစားလိုက်ရသည်။

"ရဲသူနိုင်ရောဟင်"

အိန္ဒြေရှင် မျက်ရည်များကို သုတ်သင်ဖယ်ရှားပြီး မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"သူ နင်လုပ်လိုက်လို့ ရှက်သွားပြီထင်တယ် . . . အိမ်ပြန်သွားပြီဟ"

"တုတ်လား"

အိန္ဒြေ စိတ်မကောင်းကြီးစွာ ဖြစ်မိသည်။ မိမိအမှားအတွက် ကိုယ့်ကိုယ်ကို ခွင့်မလွှတ်နိုင်ချေ။

"လာပါ အိန္ဒြေရယ်၊ ငါတို့ သွားဆော့ရအောင်၊ ဟိုမှာ နွေဦးတို့ ဆော့နေကြတာ ပျော်စရာကြီး"

"နင်ပဲ သွားဆော့တော့ သင်းသင်းရာ၊ ငါ ဒီမှာထိုင်ပြီး နင်တို့ ကစားတာ ကြည့်နေမယ်"

အိန္ဒြေရှင် သူမ၏အမှားကို သူမ မိနစ်ပိုင်းအတွင်း တွေ့မြင်သွားရသည်။ ဒေါသ၊ မောဟ၊ လောဘကို သူမ ကောင်းကောင်း သိသွားခဲ့လေပြီ။ ဘယ်အချိန်က လက်ထဲမှ လွတ်ကျသွားမှန်း မသိသော သကြားလုံးလေးက ကြမ်းပြင်ပေါ်တွင် ကျနေသည်။

အိန္ဒြေ သကြားလုံးလေးကို လျှင်မြန်စွာပင် ရှာဖွေကောက်ယူလိုက်သည်။ သူမ သကြားလုံးလေးကို ဖောက်၍စားလိုက်သည်။ ချိုမြိန်လှသော လိမ္မော်သကြားလုံးလေးက လျှာပေါ်တွင် လူးလိမ့်နေသည်။ သူမ၏အငိုမျက်နှာလေးကို ပြုံးချိုလာအောင် ထိုသကြားလုံးလေးက ဖန်ဆင်းဆောင်နိုင်ခဲ့သည်။

အိန္ဒြေရှင် ထိုသကြားလုံးလေး၏အခွံလေးကိုတော့ သပ်ရပ်စွာ သိမ်းဆည်းထားသည်မှာ ယခုအချိန်အထိပင် ဖြစ်သည်။ ထိုသကြားလုံး အခွံလေးကို ကြည့်မိတိုင်းလည်း ကိုယ့်စိတ်ကို ရှက်မိသည်။ ထိုကိစ္စ ပြီးသည့်နောက် ပစ္စည်းဥစ္စာကို မမက်မောမိအောင်





ဆင်ခြင်နေခဲ့သည်။

သို့သော်လည်း . . .

သူမ ဆယ်တန်းအောင်ပြီးချိန်မှစ၍ သူမ မမက်မောခဲ့သော ပစ္စည်းဥစ္စာများသည် သူမနားသို့ ရောက်ရှိလာခဲ့သည်။ မိမိက ပြေးလျှင်လည်း ကံတရားက မိမိနောက် လိုက်တတ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၂၀)

BURMESE CLASSIC

"အိန္ဒြေရှင်. . . မင်း ဘာလို့ ငါ့ရဲ့နောက်က တကောက်ကောက် လိုက်နေရတာလဲ"

"ရှင် ကျွန်မကို မှတ်မိသားပဲ"

"ငါ့ဘဝအတွက် မင်းဟာ မေ့ပစ်လို့မရတဲ့မိန်းမပဲ၊ မင်းဟာ လောဘကြီးတဲ့မိန်းမ၊ ဥစ္စာမက်တဲ့မိန်းမ"

"ရှင့်ရဲ့စွဲချက်တွေက ပြင်းလွန်းပါတယ်"

"အရှက်မရှိတဲ့မိန်းမ၊ နာမည်နဲ့ မလိုက်အောင် အိန္ဒြေမရှိတဲ့မိန်းမလို့ ထပ်ပြီး စွဲချက်အတင်မခံချင်ရင် မင်း အခုချက်ချင်း ငါ့အနားက ထွက်သွားပါ"





ရဲသူနိုင်၏စကားသံက ဒေါသသင့်နေသည်။ နှစ်ပတ်ခန့် သူ့အနောက်က လိုက်နေခဲ့ပြီးမှ စကားပြောဖြစ်ခဲ့သည့် စကားများက မနှစ်မြို့စရာ၊ အိန္ဒြေ မာနနှင့် ဒေါသကို ဆွပေးလိုက်သော စကားလုံးများ ဖြစ်သော်လည်း သူမ၏နောင်တများကို မချေမှုန်းနိုင်သေး။

ဒီထက်မကသော အရာများနှင့် သူမ၏နောင်တကို သင်ပုန်းချေရမည်။

"ရှင်ဟာ ခွင့်လွှတ်နားလည်ပေးတတ်တဲ့ လူတစ်ယောက်လို့ ထင်ထားတာ၊ ကျွန်မတွက်ချက်တွေ မှားသွားပြီ"

"ဟား. . ဟား. . ဟား. . မင်းစကားကတော့ လှပပါတယ်၊ ဒါပေမယ့် ငါလိုလူက မင်းလိုလူမျိုးကို နားလည်ပေးရလောက်အောင် အခွင့်အရေး မရှိပါဘူး"

"ရှင် မခနဲ့ပါနဲ့"

"ဒီမယ် အမိ၊ ငါလိုလူက တဲ့တိုးပဲ ပြောတတ်တယ်၊ မင်းလို ပါဂျဲရိုကြီးပေါ်က ဆင်းပြီး ငါလို လမ်းပေါ်က လူတစ်ယောက်ရဲ့ အနောက်ကို ဘာအကြောင်းကြောင့်မှ လျှောက်လိုက်နေစရာ မလိုဘူးလေ၊ ဘာလဲ. . . မင်းက ငါ့ကို ကြိုက်နေလို့လား"

"မင်း တန်းတန်းစွဲ ကြိုက်နေရအောင် ငါ့မှာ မင်း မက်လောက်တဲ့ ပစ္စည်းဥစ္စာ တစ်စက်ကလေးမှ မရှိဘူး၊ မင်းလို အချောအလှလေးနားမှာ ဝိုင်းနေတဲ့ ကောင်လေးတွေလောက် ငါ့ဆီ ချုပ်ရောဥစ္စာရော ဘာမှမရှိဘူး။ မင်း ဘာလိုချင်လို့ ငါ့နောက်က လျှောက်လိုက်နေတာလဲ"



www.burmeseclassic.com

"ဒီနေ့ ရှင်တစ်ယောက်ထဲ လမ်းထွက်လာတာ ဒီကိစ္စအတွက် ပြောဖို့ဆိုပါတော့"

"မဆိုင်လိုက်တာကွာ. . . ငါ့ဘော်ဒါတွေ မအားလို့ကွ၊ မင်းကို အရေးစိုက်ဖို့ ငါ့မှာ အချိန်မရှိဘူး၊ ငါ လေပေါ်မှာ တိုက်မဆောက်ဘူး၊ မြေပေါ်မှာပဲ တဲဆောက်တယ်၊ မင်းတိုက်ဆောက်ဖို့ဆိုတာ နယ်မယ့်သူ မရှိရင်တော့ ငါ့လာခေါ်ပေါ့၊ အလကားတော့ မထုတ်ဘူး၊ ထိုက်သင့်တဲ့ လုပ်အားခတော့ ပေးရမယ်"

"ရှင် ဟိုနေ့တွေက (Construction) ဆောက်လုပ်ရေး တစ်ခုထဲ ဝင်သွားတာ ကျွန်မတွေ့လိုက်တယ်၊ ရှင် ဆယ်တန်း ဘယ်နှစ်ခုနှစ်က အောင်လဲ"

"မင်း သိစရာ မလိုဘူး"

ရဲသူနိုင် ခြေလှမ်းလေးများ ခပ်သွက်သွက် လှမ်းသွားနေသည်။ မိန်းကလေးတစ်ယောက်က ယောကျာ်းလေးကို စကားလိုက်ပြောနေရသည့် အခြေအနေသို့ပင် ဖြစ်နေသည်။

"ရှင် ကျွန်မကို အိန္ဒြေပျက်အောင် လုပ်နေတာလား"

"မဆိုင်လိုက်တာကွာ"

နောက်မှ ခပ်သွက်သွက်လိုက်ကာ စကားပြောနေသော အိန္ဒြေကို ငေ့မစိုက်စွာပင် ပြောလိုက်၏။

"ရှင်တို့ ကျွန်မ စကားအေးအေးဆေးဆေး ပြောလို့မရရင် အိမ်အထိ လိုက်မှာ"

"အရှက်မရှိတဲ့ စကား မပြောစမ်းနဲ့ကွာ"

ရဲသူနိုင် ခြေလှမ်းများ တုန့်ကနဲ ရပ်ကာ အော်လိုက်သည်။





သူမ အဘယ်ကြောင့် သည်းခံစိတ်တွေ ရင်ဝယ် ပိုက်ထားရမှန်း ကိုယ့်ကိုယ်ကိုပင် နားမလည်နိုင်ချေ။

"ရှင် ဒေါသထွက်တာ ကြည့်လို့ကောင်းတယ်"

"အဓိပ္ပါယ် မရှိလိုက်တာ၊ မင်းပြောချင်တဲ့စကား အမြန်ပြော၊ ပြီးရင် ဒီနေရာ လှည့်ပြန်ပါ၊ ကျွန်တော် အိမ်နား ရောက်ခါနီးပြီဗျ၊ ခင်ဗျားမရှက်ပေမယ့် ကျွန်တော်ရှက်တယ်"

ရဲသူနိုင်စကားသံက အနည်းငယ် ပျော့ပြောင်းလာသည်။

"ဒါဆိုရင် ဆိုင်တစ်ဆိုင် သွားပြီး စကားအေးအေးဆေးဆေး ပြောရအောင်"

"အိုး. . . မလိုပါဘူး၊ ခင်ဗျားနဲ့ ကျွန်တော်ကြားမှာ ပြောစရာစကား မရှိဘူးထင်တယ်"

"ဒါဆိုလည်း ဟိုနားက အအေးဆိုင်မှာ ခဏထိုင်ပါလား"

အိန္ဒြေ ရဲသူနိုင်တို့ အိမ်အထိလည်း လိုက်လို့ဖြစ်ပါ။ ရဲသူနိုင်တို့ လမ်းထဲတွင် ဟန်မောင်၏ပုံနှိပ်တိုက် ရှိသည်။

ရဲသူနိုင်က အိန္ဒြေ စကားအတိုင်း အအေးဆိုင်ထဲ ဦးစွာ ဝင်ထိုင်သည်။ အိန္ဒြေ နောက်မှ ခပ်သွက်သွက်လေး လိုက်ကာ သူ့ရှေ့တည့်တည့်ခုံတွင် ဝင်ထိုင်လိုက်သည်။

"ပြောစရာရှိတာ အမြန်ပြော"

"ရှင့်ရဲ့ အဲလို စူပုတ်ပုတ်မျက်နှာလေးကိုက ကြည့်လို့ကောင်းနေတာ"

အိန္ဒြေက ရဲသူနိုင်၏မျက်နှာကို အသေအချာ စိုက်ကြည့်ရင်း ပြုံးရွှင်စွာ ပြောလိုက်သည်။ ရဲသူနိုင် ရှက်မျက်နှာဖြင့် ကြည့်

www.burmeseclassic.com

ရဲဘဲ တစ်ဖက်သို့ လွဲသွားသည်။

စားပွဲထိုး ကောင်လေးက. . .

"အစ်ကိုတို့ ဘာသောက်ကြမလဲ"

"သူ့မေး"

ရဲသူနိုင်က စားပွဲထိုးကို ခပ်ဆတ်ဆတ်ကလေး ပြောလိုက်သည်။ အိန္ဒြေရှင်က ရဲသူနိုင် ဒေါသထွက်နေသော အမူအယာလေးကို ကြည့်ရင်း သဘောကျစွာ ရယ်မောကာ. . .

"ထောပတ်သီးဖျော်ရည် နှစ်ခွက်ပေး မောင်လေး"

"ရှင် ထောပတ်သီးဖျော်ရည် ကြိုက်တယ်မဟုတ်လား"

"မသောက်ဘူး"

"ရှင်က ငြင်းဆန်မှုတွေ သိပ်များပါလား၊ အင်း. . . အဲဒါလဲ ကောင်းပါတယ်၊ ရှင်က ငြင်းဆန်လေလေ ကျွန်မက ပိုပြီး ချေးဆပ်ရလေလေပေါ့"

"မင်းပြောချင်တဲ့စကားက ဒါလား"

"မဟုတ်ဘူး. . . ကျွန်မ တောင်းပန်ချင်လို့"

"ဘာအတွက်လဲ"

"ကျွန်မတို့ ခုနစ်တန်းတုန်းက ဖြစ်ခဲ့တဲ့"

"ခုနစ်တန်းနှစ်. . . ကျွန်တော် ခုနစ်တန်း ရှစ်တန်းတုန်းက ဘာတွေဖြစ်ခဲ့တယ်ဆိုတာ မမှတ်မိဘူးဗျ"

"ရှင်မမှတ်မိပေမယ့် ကျွန်မက သတိရနေသေးတဲ့အတွက် အဲဒီတုန်းက ဖြစ်ခဲ့တဲ့ကိစ္စကို လာတောင်းပန်တာပါ"

"မေ့နေတဲ့ အကြောင်းအရာကို တောင်းပန်စရာ မလို





တော့ဘူးပေါ့၊ ကျွန်တော်ကမှ သတိမရတာ"

ရဲသူနိုင် မမှတ်မိတော့သလို လုပ်၍ ပြောလိုက်သည်။

"ရှင်ညာတာ. . . ပြုလုပ်မိတဲ့ ကျွန်မတောင် မမေ့နိုင်သေးတဲ့ကိစ္စကို ခံလိုက်ရတဲ့သူက ပိုပြီးသိနေရမှာပေါ့"

အိန္ဒြေရှင်စကားကြောင့် ရဲသူနိုင် ငြိမ်သက်သွားသည်။ စားပွဲထိုးလေး လာချပေးသော ထောပတ်သီးဖျော်ရည်ခွက်ကို အကြောင်းမဲ့ ဇွန်းလေးနှင့် ထိုးမွှေနေမိသည်။

"အဲဒီတုန်းက ရှင်ဘယ်လောက်ခံစားရမလဲဆိုတာ ကျွန်မ ကိုယ်ချင်းစာပါတယ်၊ အခုမှ မဟုတ်ပါဘူး. . . ဟိုးအရင်ကတည်းကပါ"

"အပိုတွေဗျာ"

"ဘာကိုလဲ"

"ခင်ဗျား အရင်ထဲက ကိုယ်ချင်းစာရင် အရင်ထဲက တောင်းပန်ပါလား၊ အခုမှ ဘာလို့ လာရှုပ်နေတာလဲ"

"အဲဒီလို တစ်ဖက်တည်း ကြည့်ပြီး မပြောပါနဲ့၊ အဲဒီအချိန် ကျွန်မ မှားသွားမှန်း သိတဲ့အချိန်မှာ ရှင်မှ မရှိတော့တာ၊ နောက်နှစ်တွေ ကျောင်းတက်တော့ ရှင်နဲ့ အတန်းချင်း မတူတော့ဘူးလေ၊ ရှင်ကလည်း ကျွန်မမျက်စိရှေ့ကနေ ပုန်းရှောင်နေခဲ့တာပဲ မဟုတ်လား၊ ကျွန်မ အဲဒီအချိန်တုန်းက ရှင့်ကို တောင်းပန်ဖို့ အင်အားနဲ့ သတ္တိမှ မရှိခဲ့တာ၊ အခုမှ ကျွန်မ ရှင်ကျေနပ်အောင် တောင်းပန်နိုင်တဲ့ အင်အားကော သတ္တိကော ရှိနေပြီ"

အိန္ဒြေ စကားကို အဆက်မပြတ် ပြောတာ ရဲသူနိုင်တို့



www.burmeseclassic.com

www.burmeseclassic.com

ရှင်းပြနေမိသည်။ ရဲသူနိုင်က သေချာ နားထောင်ပြီးမှ. . .

"မင်းစကားတွေက နားထောင်လို့တော့ ကောင်းပါတယ် ဒါပေမယ့် မင်း တောင်းပန်ရလောက်အောင် မင်းက ငါ့အပေါ် ကြီးကြီးမားမားအပြစ်မှ မလုပ်ခဲ့တာ"

"ဒါ ရှင့်ထင်မြင်ချက်အမှန်လား"

"အဲဒီတုန်းက မှားတာ ငါ၊ ရှက်ဖို့ကောင်းတာ ငါဆိုတဲ့ ရဲသူနိုင်ကွ၊ မင်းက ဘာလို့ တောင်းပန်ရမှာလဲ၊ တော်ပြီ. . . ဒီအကြောင်းတွေ ငါ မေ့ပစ်နိုင်အောင် ကြိုးစားထားတယ်၊ ငါ သွားတော့မယ်"

ရဲသူနိုင် ဒေါသတွေ ပြည့်နှက်နေပြီး မဲမှောင်နေသော မျက်နှာကို ကြာရှည် မြိုသိပ်မထားနိုင်တော့ပဲ ထိုင်ခုံမှ ထထွက်သွားသည်။

"ရဲသူနိုင်. . . ရဲသူနိုင်"

သူမခေါ်သံကို ကြားလျက်နှင့် တစ်စက်ကလေးမှ ငဲ့စောင်းကြည့်ဖော်ပင် မရ။ လှည့်မကြည့်တော့ပဲ ခေါင်းငိုက်စိုက်ချ၍ ထွက်သွားလေသည်။







## အခန်း(၂၂)

"ကေသီ. . . ကိုယ်တို့ နောက်တစ်ခါလောက် အပြင်မှာ ထွက်တွေ့ရအောင်"

"ကေသီ အိမ်က ထွက်လို့မရဘူး မောင်ရဲ့"

"ကေသီ ပြောလိုက်ရင် ဒီလိုချည်းပဲ၊ နေ့ခင်းဘက်တွေ ကေသီ့ဆီ ဖုန်းဆက်တော့လည်း ကေသီ မရှိဘူး ပြောတယ်၊ ကေသီ ဘယ်တွေ လျှောက်သွားနေတာလဲ"

"ကေသီ ဘယ်မှမသွားပါဘူး မောင်ရယ်၊ ကေသီ အိမ်မှာ ရှိပါတယ်၊ အိမ်က ကေသီ့ဆီ ဖုန်းခေါ်တာ ယောကျ်ားလေးဆို ဘယ် တော့မှ မခေါ်ပေးဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့များ မောင့်ကို ဘာလို့ ဖုန်းနံပါတ် ပေးထားသေးလဲ"

"မောင် ကေသီ့ကို လွမ်းရင် ဆက်ဖို့ပေါ့၊ ကေသီကိုယ်တိုင် သောကတိုင်းလည်း ကေသီ့စိတ်နဲ့ လာကိုင်မှာပေါ့၊ ကံကောင်းပြီး လူလစ်တဲ့အချိန်ဆို ကေသီကိုယ်တိုင် ကိုင်လို့ရတာပဲဟာ"

"လူလစ်တဲ့အချိန် ကေသီ့မှာ ရှိလို့လား"

"ရှိတာပေါ့ မောင်ရဲ့၊ တစ်ခါတစ်လေ တိုက်ခန်းထဲမှာ ကေသီတစ်ယောက်ထဲ၊ ဈေးဝယ်တဲ့သူနဲ့ အလုပ်သွားသူတွေ တစ်ပြိုင်တည်း ထွက်စရာရှိတဲ့ ကိစ္စရှိတဲ့အခါမျိုးပေါ့"

"ဟာ. . . ဒါဆို အဲဒီအချိန် မောင့်ဆီ ဖုန်းဆက်လိုက်ပါလား၊ မောင်လာခဲ့မယ်လေ"

"ဟင့်အင်း"

ကေသီ လေသံနွဲ့နွဲ့လေးနှင့် ငြင်းဆန်နေသည်။

ဟန်မောင်က မကျေမနပ်ဖြင့် မျက်မှောင်ကြုံ့ကာ. . .

"ဘာဖြစ်လို့လဲ"

"မောင်. . . ဆိုးမှာစိုးလို့"

"မောင်က ဘာကို ဆိုးရမှာလဲ"

"အခုမှ ရိုးသားချင်ယောင် မဆောင်ပါနဲ့၊ ဟိုတစ်နေ့တုန်းက ကေသီ့နဲ့ တွေ့တုန်းက မောင် ဘာလုပ်သလဲ"

"ဘာလုပ်မိလို့လဲ"

"ကိုယ်ဘာလုပ်တယ်ဆိုတာ တကယ်မသိဘူးလား"

"ဘာလဲ. . . ကေသီ့ပါးကို နမ်းတာလား"

"အင်းပေါ့"





"ဟား. . ဟား. . ဟား. . ပါးလေး နမ်းတာကိုများ အဲ လိုက်တာ၊ ချစ်လို့ နမ်းတာပဲဟာ"

"အဲဒီလို မကြိုက်ပါဘူး"

"ကေသီကလည်း. . . တခြားအတွဲတွေဆို ဒီထက်တောင် ပိုသေး"

"တော်ပြီကွာ. . . နားရှက်တယ်၊ ဒီအကြောင်းတွေ ဆက်ပြောနေရင် ကေသီ ဖုန်းချတော့မှာ"

"ဟ. . . ဟ. . . မလုပ်ပါနဲ့ ကေသီရယ်၊ ကေသီ ဖုန်းမဆက်တဲ့ညတွေ အများကြီး ရှိနေပြီ၊ ဖုန်းချလိုက်လို့ ဘယ်ဖြစ်မလဲ"

"နှစ်ရက်ပဲ ရှိပါသေးတယ်"

"နှစ်ရက်ကြီးတောင် ကေသီရယ်. . . ကေသီ"

"ရှင်. ."

"ကေသီ မောင့်ကို တကယ်မချစ်ဘူးလားဟင်"

"မောင်က သံသယ ဝင်နေတာလား"

"မောင် ကြောက်နေတာပါ၊ မောင် ကေသီကို အရမ်းချစ်သွားပြီ"

ကေသီအမည်ခံ အိန္ဒြေတစ်ယောက် ကြိတ်ပြုံးနေမိသည်။ သူမ လိုချင်သောအရာကို မရရအောင် လုပ်တတ်တဲ့အကျင့်၊ ထက်မြက်တဲ့ သူမ၏စိတ်ကူးများကို ကိုယ်တိုင်သဘောကျနေမိသည်။

"ဟုတ်လို့လား"

"လာမြန်ပြီ မယုံကြည်တဲ့စကား"

"ဒေါသကြီးပဲ. . . နောက်တာ"




www.burmeseclassic.com

www.burmeseclassic.com

ဖွင့်ခဲ့နေသော သူမအသံက တရော်အလား ချွဲပျစ်နေသည်ကို [illegible]ကိုယ်တိုင်လည်း သိနေသည်။ ထိုအသံကိုမှ အသည်းစွဲနေသူက [illegible]၊ အချစ်မှာ မျက်စိမရှိဘူးဆိုသည်မှာ မှန်လေ[illegible] သူ့ခေါ်တန်ဆောင်အပြုံးတွေကို ဟန်မောင်အပါအဝင် [illegible] နိုင်သူမင်း၊ လင်းဟိန်းဇံတို့ စွဲလန်းနှစ်သက်နေကြပြီ ဖြစ်သည်။







အခန်း(၂၃)

"ကလင်. . . ကလင်"

"ဟဲလို. . . "

"အသည်းလား"

"ကိုအောင်ထွန်းခန့် ပြောပါ"

"စိမ်းလိုက်တာ အသည်းရယ်၊ သည်း ကိုယ့်ဆီ ဘာလို့ ဖုန်းမဆက်တာလဲ၊ ကိုယ်ဖုန်းဆက်တိုင်းလည်း သည်းမရှိဘူး"

"ကျွန်မ ရှိပါတယ်. . . ဖုန်းမကိုင်ချင်လို့ပါ"

"အသည်း ဘာတွေ ဖြစ်နေတာလဲ၊ ကိုယ့်တို သိချင်[illegible]တာ သုံးပတ်လောက် ရှိသွားပြီနော်၊ ကိုယ် အိပ်မပျော်[illegible]


www.burmeseclassic.com

www.burmeseclassic.com



လည်း ဘုံသက်သေထောက် ရှိသွားပြီ”

“ဘာတဲ့လို့လား”

“ကိုယ့်ကို စမ်းသပ်နေတာလား အသည်း”

“ဆင်လို့ပါ”

“အသည်းက ကိုယ့်ကို ဘယ်ယုံကြည်မလဲ၊ ကိုယ်က လူရှုပ်တစ်ယောက်ပဲ၊ ကိုယ်မှန်တဲ့စကား ပြောမယ်၊ သည်းဟာ ကိုယ် အမှန်တကယ် ချစ်မိသွားတဲ့သူတစ်ယောက်ပဲ၊ အဲ့ဒီစကားမျိုးကို ကိုယ် ဘယ်သူ့ကိုမှ မပြောခဲ့ဘူး၊ သည်း ယုံလား”

“ယုံရမှာလား”

“ယုံကြည်လိုက်ပါ သည်းရယ်၊ ကိုယ် မနက်ဖြန် သည်းတို့အိမ် လာခဲ့မယ်”

“မဖြစ်နိုင်ဘူး”

“ဘာလဲ. . . သည်းမှာ ကိုယ့်ထက် ချစ်ရမယ့်သူ ရှိနေလို့လား”

“No. . . ကျွန်မအိမ်မှာ တစ်ယောက်တည်းမို့ပါ”

“အဲဒါဆို ပိုအဆင်ပြေတာပေါ့”

“ကြောက်ပါတယ်”

“မကြောက်ပါနဲ့ သည်းရယ်၊ ကိုယ် အသည်းကို လက်ဖျားနဲ့တောင် မထိပါဘူး၊ ဟိုတစ်ခါ ရုပ်ရှင်သွားကြည့်တုန်းက အသည်းကို လက်ဖျားနဲ့တောင် ထိခဲ့လို့လား”

“မတူဘူးလေ”

“ဒီမှာ သည်း၊ သည်း ကိုယ့်ကို မယုံကြည်နေတယ်ဆိုတာ





ဘာကြောင့်ဆိုတာ ကိုယ်သိပါတယ်၊ ကိုယ် အမှန်အတိုင်း ပြောပြမယ်၊ ကိုယ် အခြားကောင်မလေးတွေနဲ့ အတူ တွဲသွားတဲ့လာ လုပ်ခဲ့တယ်၊ ဒါပေမယ့် သည်းကို လက်မထပ်ရသေးမချင်း လက်ဖျားနဲ့တောင် မထိဘူး၊ အဲဒါ ဘာဖြစ်လို့လဲ သိလား”

“ဘာဖြစ်လို့လဲဟင်”

“အဲဒါ အသည်းကို ချစ်လို့၊ ဘယ်သူနဲ့မှ မတူတဲ့အချစ်မျိုးနဲ့ ချစ်သွားလို့၊ အဲဒါ သိလား”

“သိသားပဲ”

“သိရဲ့နဲ့ ကိုယ့်ကို ဘာလို့ နှိပ်စက်နေရတာလဲ”

“ရှင်တစ်ယောက်တည်း ခံစားတတ်တာ ကျနေတာပဲ”

“အသည်းကော ခံစားနေရလို့လား”

“ရှင့်ရဲ့စိတ်ကို သိချင်လို့ ကျွန်မ စမ်းသပ်မိတာပါ၊ စမ်းသပ်နေတဲ့ကာလအတွင်းမှာ ကျွန်မ ဘယ်လောက် ခံစားနေရလဲဆိုတာ ရှင်မှ မသိတာ”

“ဟား. . . ပျော်လိုက်တာကွာ၊ ဒါဆို အသည်းလည်း ကိုယ့်ကို ချစ်တယ်ပေါ့”

“မသိဘူး”

“ဟော့. . . အဲဒီလို မလုပ်နဲ့ကွာ၊ ပြန်ဖြေပါဦး. . . ကိုယ် ကြားချင်လို့ပါ”

“ကျွန်မ ဖြေရင် ရှင်က ယုံမှာလား”

“အကြွင်းမဲ့ ယုံကြည်ပြီးသား”

“ကျွန်မ ရှင့်ကို ကလဲ့စားချေဖို့အတွက် ဇာတ်လမ်းလုပ်တာ



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင်ကော"

"ဘယ်အတွက် ကလဲ့စား ချေချင်တာလဲ"

လွှတ်တနဲ ထွက်သွားသော သူမ စကားကို အမြန်ချေပနိုင်ရန်အတွက် အလျင့်အမြန် အကြံထုတ်ရသည်။

"ဟို. . . ဟို. . . ကျွန်မကို သီချင်းဆိုခွင့်မရအောင် လုပ်ခဲ့တဲ့လူမို့လို့လေ"

"အဲဒီလျော်ကြေးအနေနဲ့ အသည်း သီချင်းပြန်ဆိုလို့ရအောင်ကို ပြန်ကူညီပေးမယ်၊ ကိုယ့်အသက်နဲ့ ရင်းပြီး အာမခံပါတယ်"

"ရှင် ပိုပြီ"

"လိုတောင် လိုနေသေးတယ်၊ ကဲ. . . အသည်း၊ ကိုယ် အသည်းဆီ လာရမှာလား၊ အသည်း ကိုယ့်ဆီ လာမှာလား"

"ဘယ်တော့"

"အခု ကိုယ် အသည်းတို့လမ်းထဲ ရောက်နေပြီ၊ အသည်း အိမ်က ထွက်မလာရင် ကိုယ် အသည်းတို့အိမ်ထဲ ဝင်လာခဲ့မယ်"

"ဟာ. . . ညကြီး၊ ကျွန်မ အခုအချိန်ကြီး ရှင်နဲ့ မတွေ့ချင်ဘူး အို. . . ကျွန်မစိတ်ရှုပ်အောင် မလုပ်ပါနဲ့၊ မနက်ကျတော့မှ အင်းယားမှာ လမ်းလျှောက်မယ်. . . ရှင်လာခဲ့လေ"

"အသည်း တကယ်ပြောတာလား"

"တကယ်. . . ရှင်ပြန်တော့နော်"

"အခု တွေ့မှာကို ဘာကြောင့် ခါးခါးသီးသီး ငြင်းနေတာလဲ၊ အသည်းနားမှာ ဘယ်သူရှိနေလို့လဲ"





"တစိမ်းယောက်ျားလေးတစ်ယောက် ကျွန်မအနားမှာ ရှိနေတယ်ဆိုရင် ရှင် ဘယ်လိုခံစားရမလဲ"

"ကိုယ် ဝမ်းလည်တာလို့ မှတ်လိုက်ပါ့မယ်"

"ရှင်က ဝန်ခံနေတာလား၊ ရှင် စွဲတာကို ကြွားတာလား"

"မဟုတ်ပါဘူးကွာ. . . ကိုယ့်အမှားတွေကို မြင်သွားတာ၊ စိတ်ချ. . . နောက်ပိုင်း အမှားတစ်စက်မှ မရှိအောင် ကိုယ်နေသွားမယ်၊ အသည်းအမှားတွေအတွက်တော့ ကိုယ်အမြဲနားလည်ခွင့်လွှတ်ပေးနေမှာပါ"

"တကယ်လား"

"ကိုယ် အတော်လေးကို ခံစားပြီးမှ ခွင့်လွှတ်ရမှာနော်"

"တကယ်ခံစားနေရလား"

အိန္ဒြေက အောင်နိုင်သူအပြုံး ကြိတ်ပြုံးပြုံးမိသည်။

"မေးရက်လိုက်တာ အသည်း၊ အခု အသည်းအနားမှာ ဘယ်သူမှ မရှိပဲ အသည်း နောက်ပြောတာမှန်း သိရက်နဲ့တောင် ကိုယ့်ရင်ထဲမှာ ဒီလောက်ခံစားနေရတာ"

"ရှင်က ကျွန်မဘေးမှာ တစ်ယောက်ရှိတယ်ဆိုတာ မယုံလို့လား"

"အသည်းဘေးက တစိမ်းယောက်ျားလေးက ကိုယ်နဲ့ အကြာကြီး စကားပြောနေတာ လက်ခံနိုင်မှာတဲ့လား"

"ဟင့်အင်း. . . ကျွန်မဘေးမှာ ရှိနေတဲ့သူက ရှင့်ထက် ပိုပြီး ကျွန်မကို နားလည်ပေးတဲ့သူဆိုရင်ကော"

"တော်ပါတော့ အသည်းရယ်၊ အဲဒီစကားတွေကို ဆက်



www.burmeseclassic.com

www.burmeseclassic.com



မပြောပါနဲ့တော့၊ ကိုယ်. . . ကိုယ် တကယ် ရင်ထဲ ပူလောင်လာပြီ ကွာ"

ရှင် တကယ်ခံစားနေရတယ်ဆိုရင် အိန္ဒြေ ဝမ်းသာရမှာပဲ လေ။ ရှင့်အပေါ် တင်ခဲ့တဲ့အကြွေး သေးပေမယ့် ပြန်ဆပ်ရမှာက အတိုးကြီးတယ်၊ ခပ်ယဲ့ယဲ့လေး ပြုံးနေတဲ့ အိန္ဒြေ့မျက်နှာ လျှို့ဝှက် ခန်းက ထွက်မပြနိုင်သေးတဲ့အတွက် ဝမ်းနည်းစရာပါ။

"အသည်း. . ."

"ရှင် ဖုန်းမချသေးဘူးလား"

"အသည်းကော ဘာလို့ ဖုန်းမချသေးတာလဲ"

"ရှင့်ဖုန်းအချကို စောင့်နေတာ"

"နောက်တစ်ယောက်ဆီ ခေါ်စရာ ရှိသေးလို့"

"ဟင့်အင်း. . . ရှင်စိတ်ဆိုးပြီး ချသွားတဲ့ဖုန်းသံကို ကျွန်မ နားထောင်ချင်လို့"

"ကိုယ့်ကို ဘာကြောင့် စိတ်ဆိုးစေချင်ရတာလဲ အသည်း"

"ရှင်နဲ့ တွဲဖူးတဲ့ ကောင်မလေးတွေဆီက သတင်းရတယ်၊ ရှင်နဲ့ ဖုန်းပြောရင် ရှင်က အမြဲဦးအောင် ချရမှ ကျေနပ်တယ်တဲ့၊ တတယ်လို့ တခြားတစ်ယောက်က အရင်ချရင် ရှင်က ချက်ချင်း ပြန်ခေါ်ပြီး ပြန်ချတတ်တဲ့အကျင့် ရှိတယ်ဆို"

"ဟုတ်တယ်"

"ကျွန်မနဲ့ ဖုန်းပြောတိုင်း ကျွန်မအရင် ဖုန်းချနေကျနော်"

"အသည်း ကိုယ့်အကြောင်း အသေးစိတ်ကို သိနေတာ အရမ်းဝမ်းသာတယ်၊ ကိုယ် အသည်းနဲ့ ဖုန်းပြောရင် ကိုယ့်ဘက်က





နေ စပြီးဖုန်းချလိုက်ရမှာ အရမ်းနှမြောတယ်၊ အသဲ အသံလေးကို အမြဲကြားချင်နေမိတယ်"

"ကျွန်မလည်း ရှင့်လိုပဲ"

"အသည်းက စိတ်ချမ်းသာမယ့်စကားလေးတော့ ပြောတတ်သား၊ ကဲ့ပါ. . . အသည်းဘေးကလူ ငြိုငြင်နေပါ့မယ်၊ အသည်း အရင်ဖုန်းချလိုက်တော့နော်"

"ဟင့်အင်း. . . ရှင် အရင်ဖုန်းချကြည့်လေ၊ ကျွန်မဘယ်လို ခံစားရမလဲလို့ပါ"

"ကိုယ်မလုပ်နိုင်ဘူး အသည်း၊ အသည်းက တခြား မိန်းကလေးတွေလိုမှ မဟုတ်တာ၊ ကိုယ့်ဘက်က စပြီးဖုန်းချလိုက် တာ ကိုယ် မခံယူသင့်ဘူး၊ အသည်းက တိုယ့်အတွက် ဘုရင်မပါ တဲ့ပါ အသည်းရယ်၊ ဘေးက တစ်ယောက် စိတ်ညစ်နေပါဦးမယ်"

"ဘေးက တစ်ယောက်က သဘောထားကြီးတယ်၊ ကျွန်မ ကို ပြုံးပြီးတောင် ကြည့်နေပါသေးတယ်၊ ကြည့်တာတောင်မှ လတ် တာလေး ပိုက်လို့၊ ဘေးနားမှာ ခြင်္သေ့ကြီးတစ်ကောင်တောင် ငုတ် တုတ်ထိုင်လို့"

"ဟာ. . . အသည်းက သိပ်နောက်တာပဲကွာ၊ ကိုယ်က တကယ်အောက်မေ့လို့ ရင်ကို ပူနေတာ"

"ရှင် ကျွန်မကို ပေးထားတဲ့ပုံလေးက ကျွန်မဘေးမှာ အမြဲ တမ်း ရှိတယ်၊ ရှင့်ဆီ ဖုန်းမဆက်ဖြစ်တဲ့ရက်တွေမှာ သူ့ရဲ့အရွေ့မှာ ပဲ သီချင်းဆိုပြနေမိတယ်"

"ချစ်လိုက်တာ အသည်းရယ်"



www.burmeseclassic.com

www.burmeseclassic.com

"တွန်ခဲ့ ရှုတာပါ"

"အကြောင်း ဒီလို လျှောက်လုပ်လဲ"

"ခွင့်ကို မယုံလို့"

"ဆိုလို့ကို ယုံပါလို့ မတောင်းဆိုပါဘူး၊ ဒါပေမယ့် အသည်း ခွင်မှုတဲ့အချိန် ကိုယ်အသည်းကို လက်ထပ်မယ်"

"မနက်ဖြန်ဆိုရင်ကော"

"အခုချက်ချင်းတောင် ဖြစ်တယ်"

"ဖြစ်ပါ့မလား. . . ညကြီးကို"

"တရားသူကြီးရယ်၊ ရှေ့နေရယ်၊ အသိသက်သေရယ်၊ အခု ချက်ချင်း သွားနှိုးခဲ့မယ်"

"အပြောကောင်း"

အိန္ဒြေ ဖုန်းခလုတ်ကို ဖိနှိပ်လိုက်သည်။

တစ်ဖက်မှ အရူးအမူးဖြစ်လေ သူမအတွက် စိတ်ကျေနပ် ရော ဖြစ်လေပါပဲ၊ ဖုန်းပြောပြီး အရင်ဖုန်းချတတ်သော သူ့အကျင့် ကို သိထားပြီးမို့ ဖုန်းဆက်တိုင်း သူမ အရင်ချခဲ့သည်ပဲ၊ သူ ကိုယ်ချင်း စာတတ်လာစေရယ်လေ။

အောင်ထွန်းခန့်။

ဘာသားနှင့်များ ထုထားသနည်း။

မိန်းတလေး အတော်များများ ပါးစပ်ထဲ သူ့နာမည်ထ ရေဝန်းစားခဲ့သည်၊

ရုပ်ရည်သန့်ရှံသာမက G.S.M တစ်လုံး၊ ကားတစ်စီးနှင့် အောင်မြင်မှုလေးအတော်များများ ထည်လဲတွဲခဲ့သူ။






အိန္ဒြေ။

သူတို့အုပ်စု အထင်သေးခဲ့တဲ့ သူမကို တမ်းတမ်းစွဲ ဖြစ်လာ အောင် ဆွဲဆောင်မှုက အောင်မြင်လေပြီ၊ ရာနှုန်းပြည့်နီးပါး အောင် မြင်မှုကို အိန္ဒြေ ကျေနပ်နေမိသည်။


www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၄)

"လင်းဟိန်းဇံ. . . မင်း အေးတိအေးစက် နေတတ်တဲ့ အတွင်းရှိတာ ငါသိပေမယ့် မင်း အခုနောက်ပိုင်း ပိုပြီးအေးစက်စက် နိုင်လာသလိုပဲ"

"ထင်လို့ပါကွာ"

နိုင်သူမင်းအမေးကို လင်းဟိန်းဇံ ပေါ့ပေါ့လေး ဖြေသည်။

"တော့တောင် လေင်း၊ ငါဆိုတဲ့ကောင်က ကားစက်သံ ကြား တာနဲ့ ဒီကား ဘယ်နေရာမှာ ချို့ယွင်းနေတယ်ဆိုတာ ကားအဖုံး မဖွင့်ဘဲ သိတာကွ၊ မင်းရဲ့ရောဂါလောက်တော့ အပျော့ပဲ. . . ပျော့တောင်"





"မင်း ဘာသိထားလို့လဲ"

လင်းဟိန်းဇံက မလုံမလဲ မျက်နှာပေးဖြင့် မေးသည်။ နိုင်သူမင်းလည်း ဟန်ပါပါဖြင့်. . .

"မင်း တစ်ခုခုကို ခံစားနေရတယ် ထင်တယ်၊ အဲဒီတစ်ခုကို မင်း ရင်ဖွင့်လိုက်၊ မင်းရင်ထဲ ပေါ့သွားလိမ့်မယ်"

"ဟင်. . ."

လင်းဟိန်းဇံ သက်ပြင်းတစ်ချက် ချလိုက်သည်။

"မင်း မပြောချင်လဲ နေပါကွာ၊ ဒါနဲ့ ဟိုနှစ်ကောင်လည်း ချိန်းထားပြီး ပေါ်မလာသေးပါလား"

"ဒီကောင်တွေ လာမှာမဟုတ်ဘူး"

"ဘာကြောင့်လဲ. . . မင်း ဒီကောင်တွေနဲ့ တွေ့ခဲ့လို့လား၊ ငါတို့ မဆုံတာ တစ်ပတ်လောက် ရှိနေပြီ"

"ဒီကောင်တွေနဲ့ ငြိနေတဲ့ ကောင်မလေးတွေကို မင်း မြင်ဖူး သား"

"မင်းမေးခွန်းက အထူးအဆန်းပဲ လေင်း၊ မင်း သူများ အကြောင်း စိတ်မဝင်စားတတ်ဘူး မဟုတ်လား"

"ငါ အမေးသာ ဖြေကွာ"

"ဟင့်အင်း. . . မတွေ့ဖူးဘူး"

"မင်းတွဲနေတဲ့ ကောင်မလေးကော ငါတို့နဲ့ မိတ်ဆက်ပေး ဦး ရမလား"

"အဲ. . . မင်းစကားတွေ တစ်မျိုးပဲ"

"ဘာလဲ. . . မင်းကောင်မလေးကို ကြောက်ရလား"



www.burmeseclassic.com

www.burmeseclassic.com



သင်္ဘောနိုးဆဲ အမေးစကားကြောင့် နိုင်သူမင်း တွေဝေသွား

သည်။ ထိုအတွေးကို တိုယ်တိုင် ပြန်မေးရမည်။

ရှင်းသန့်ကို သူ ကြောက်ရသည်လား၊ မဟုတ်။ သူ့စကား

ထို အပြုံးလေးနှင့် ခေါင်းညိတ်ကာ နားထောင်တတ်သူ။

သူသွားရာသို့လိုက် သူခေါ် ရာသို့ ပါတတ်သူမှာ နှင်းတင်

မော်တဲ ရှင်းသန့်မွန်ပါ အပါအဝင်ဖြစ်သည်။

"ဟော့ကောင်. . . မင်းမေးတာ နှင်းကိုလား၊ ရှင်းသန့်မွန်ကို

လား"

ခပ်ကြွားကြွားလေး မေးသည်။

"ရှင်းသန့်မွန်"

"ဘာလဲ. . . မင်းက ရှင်းသန့်မွန်ကို စိတ်ဝင်စားလို့လား

တစ်နေ့နေ့တော့ သူငယ်ချင်းတွေနဲ့ မိတ်ဆက်ပေးမှာပါ၊ အခုတော့

နှင်းကို စိတ်မညစ်စေချင်သေးဘူး"

"ငါ ခဏလောက်ပဲ မြင်ဖူးချင်တာပါ၊ မိတ်ဆက်ပေးစရာ

မလိုပါဘူး၊ မင်း သူနဲ့ တွေ့နေကျနေရာရယ်၊ အချိန်သာ ပြောကွာ"

"ဇွတ်ကြီးပါလား"

"ဘာလဲ. . . မင်းက တိုတာလား"

"မဟုတ်ပါဘူးကွာ. . . ငါက မင်းတို့ကို ရှင်းသန့်မွန်တာ

အမြဲတမ်းစင်ပြီး ဘယ်လောက်လှတယ်ဆိုတာ ကြွားချင်နေတာတွေ

ခဏကွာ. . . ငါ ဟိုကောင်တွေဆီ ဖုန်းဆက်ကြည့်ဦးမယ်"

"သူတို့တိုပါ ရှင်းသန့်မွန်ကို ပြမှာလား"

"မင်း အဲဒီလောက် အကြွားမသန်ပါနဲ့ကွာ၊ ငါတစ်ယောက်





ဆည်း ကြွားလည်း လုံလောက်ပါတယ်"

"ဟာကွာ. . . မကြွားပါဘူးကွ"

နိုင်သူမင်းက ပြောပြောဆိုဆို အောင်ထွန်းခန့်၏ဖုန်း

ပါတ်ကို နှိပ်လိုက်သည်။

"အေး. . ပြော. . နိုင်သူ"

"ဟော့ကောင် မလာဘူးလား၊ ငါတို့ မင်းကို စောင့်နေတာ"

"မလာတော့ဘူးကွာ"

"အဲဒါ ဘာဖြစ်တာလဲ"

"ထိနေလို့ကွ"

"အဆင်မပြေဘူးလား"

"အေးကွာ. . . မနက်က အင်းလျားမှာ ချိန်းထားပြီး မလာ

ဘူးကွာ၊ ဖျားနေလို့တဲ့"

"ဒီတစ်ယောက်နဲ့တော့ မင်း ခံရမယ်နဲ့တူတယ်"

"တူတယ် မဟုတ်ဘူးကွ၊ တကယ်ကို ခံနေရပြီ အခုအချိန်

အထိ ထမင်းမစားချင်ဘူးကွာ၊ ဘာမှလည်း စားချင်စိတ် မရှိဘူး

မင်း အဖော်လုပ်မယ်ဆို ဒီည သောက်ရအောင်ကွာ"

"ဟာ. . . မလုပ်နဲ့ ကိုယ့်လူ၊ ကိုယ်သောက်တာ နှင်းက

သိပြီပေမယ့် ရှင်းသန့်က ခွင့်လွှတ်မှာ မဟုတ်ဘူး၊ ရှင်းသန့်တ

စည်းကမ်းသိပ်ရှိတာကွ၊ သူ့ရဲ့ဖူးစာရှင်က ငါးပါးသီလ လုံရမယ်တဲ့"

"လုပ်မနေစမ်းပါနဲ့ကွာ. . မိန်းမတိုင်း ဒီလိုပါပဲ၊ ယောကျ်ား

တွေကို သူတို့တပည့်တွေ ကျနေတာပဲ၊ စည်းကမ်းတွေ အထောင်

သိပ်နဲ့၊ ငါကတော့ လုံးဝပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကြောင့် သက်နှင်းစံက မင်းကို ခေါ်တာပေါ့ကွ၊ ငါထ
တော့ သူတို့ကို ကြောက်ပြတာ အလကား မဖြစ်ဘူး၊ နှင်းနဲ့ ရှင်းသ
ကို တစ်ကြိမ်တည်း ထိန်းထားလို့ ရတယ်ကွ"

"မင်းပြောတာ ဟုတ်တယ်. . . လုပ်စမ်းပါဦးကွာ၊ ငါ
ကြည်း အသည်းကို ဘယ်လိုဆက်ဆံရမလဲ၊ ငါ သူ့ကို တကယ်ချစ်
သွားတယ်နဲ့ တူပါတယ်ကွာ၊ မိန်းကလေးတစ်ယောက်အတွက် ခံစာ
ရတယ်ဆိုတဲ့ အရသာ ငါတွေ့နေပြီကွ"

"မင်းကောင်မလေး နေမကောင်းဘူးဆိုတော့ မုန့်ဝယ်ပြီ
လူနာသွားကြည့်ပေါ့ကွ. . . အကွက်ဝင်နေသားနဲ့"

"ငါနဲ့အသည်း ပြဿနာနဲ့ စတွေ့ထားတာဆိုတော့
အသည်းတို့အိမ်ကို ငါ ဘယ်လိုနည်းနဲ့မှ သွားလို့မရဘူး ဖြစ်နေတယ်
ကွ"

"ခက်လိုက်တာကွာ"

"တော်ပြီကွာ. . . ငါ ဟန်မောင်ဆီ ဖုန်းဆက်ပြီး သော
ဖော် ညှိလိုက်ဦးမယ်"

"နေဦးကွ. . . ငါလည်း ဒီကောင့်ဆီ ဖုန်းဆက်မှာ"

"အခုလား"

"ဟုတ်တယ်. . . ဒီမှာ လင်းဟိန်းဇံ ရောက်နေတာ၊ မင်း
မလာတော့ နှစ်ယောက်တည်းကွ"

"မင်း ဟန်မောင်ဆီလည်း ဆက်မနေပါနဲ့တော့ကွာ၊ သူ
မင်းဆီထက် ငါ့ဆီကိုပဲ ပိုစိတ်ဝင်စားမှာ"

"ဘယ်လို. . ."





"ဒီကောင်လည်း ကောင်းကောင်းကြီး ကွဲနေတယ်"

"ဘာဖြစ်လို့"

"သူ့ကောင်မလေးက တစ်ခေါက်ပဲ အတွေ့ခံပြီး နောက်ပိုင်း ဖုန်းနဲ့ပဲတဲ့ကွာ"

"ဩော်. . ."

"ဒါပဲကွာ. . . ငါ ဟန်ကြီးဆီ ဖုန်းဆက်လိုက်တော့မယ်၊ လင်းဟိန်းဇံလည်း စိတ်ဝင်စားရင် ငါ့ဆီ လာခဲ့လို့ မိုးအလင်းမှုးမယ်"

တစ်ဖက်မှ ဖုန်းချသွားသည့်တိုင် နိုင်သူမင်း ငိုင်တွေတွေဖြင့် ဖုန်းမချဖြစ်သေး။

"ဟေ့ကောင် ဘာတဲ့လဲ"

"ဒီကောင်တွေတော့ မလွယ်ဘူး. . . ခံနေကြရတယ်"

"ငါ ထင်သား"

"မင်းက ဘာထင်တာလဲ"

"ဘာမှ မဟုတ်ပါဘူးကွာ၊ ဩော်. . . မင်းလည်း ရှင်းသန့်မွန်ကို သတိထားလိုက်ဦး၊ နှင်းကိုလည်း လက်မလွှတ်နဲ့နော်"

"မင်းစကားက ဘယ်လိုကြီးလဲ"


"သေချာတဲ့ တစ်နေ့ကျရင် မင်းတို့ နားလည်အောင် ရှင်းပြပါ့မယ်. . . သွားတော့မယ်ကွာ"

လင်းဟိန်းဇံ ပြောပြောဆိုဆို ထွက်သွားလေသည်။ နိုင်သူမင်း အတွေးများဖြင့် ကျန်ရစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၅)

"အိန္ဒြေ. . . ရှင်နဲ့ ဟိုလေးယောက် အခြေအနေ ဘယ်ထိ ရောက်ပြီလဲ"

"ဟုတ်တယ် အိန္ဒြေ၊ နင့်ဇာတ်လမ်းမပြီးမချင်း ကိုသီဟက ငါ့တို့ တောင်းကောင်းကြီး ဒေါကန်နေမှာဟ"

"တိုဦးကလည်း ငါ့ကို လက်ထပ်ချင်ပြီတဲ့"

သူငယ်ချင်းများက တစ်ယောက်တစ်ပေါက် ဝိုင်းပြော လိုက်သော စကားများကြောင့် အိန္ဒြေ ဆံပင်များကို ဆုပ်ကိုင်ပြီး စဉ်းစားနေမိသည်။

သူမဇာတ်လမ်းက ပြီးနေပါပြီ။





"ဟဲ့. . . အိန္ဒြေ၊ ဘယ်လိုလဲဟာ ငူငူကြီးနဲ့"

"ကျွန်မလုပ်ခဲ့တာတွေ မှားသွားပြီလား မသိဘူးနော်"

"မှားသွားလား မဟုတ်ဘူး၊ နင်စလုပ်ကတည်းက အမှားတွေ လုပ်နေတာပဲ"

"ကျွန်မလုပ်ခဲ့တာ အမှားလို့ ရှင်တို့က ယူဆတယ်ပေါ့"

အားလုံးက ခေါင်းညိတ်လိုက်ကြသည်။

အိန္ဒြေ သက်ပြင်းရှည်ကြီး ချလိုက်သည်။

သူမလည်း ဒီအမှားတွေကြားမှာ စိတ်မောနေတဲ့သူ။ ပြန်ရုန်းထွက်ချင်လည်း မရနိုင်တော့။

"ကျွန်မရဲ့ဇာတ်လမ်းဆုံးရင် အခံစားရဆုံးက ဟန်မောင် ဖြစ်မလားပဲ"

"ဟုတ်တယ်နော်. . . ဟန်မောင်က အစွဲအလန်း သိပ်ကြီး တယ်၊ မမစိမ်းတုန်းကတောင် အတော်ခံစားခဲ့ရတာဆိုတော့ နင်နဲ့ ဆို ပိုဆိုးလိမ့်မယ်"

"အနာပေါ် တုတ်ကျ"

"ဘာမှမသိရှာတဲ့ ရေခဲတုံး လင်းဟိန်းဇံတောင် အိန္ဒြေ အတွက်နဲ့ အတော်ထိသွားတဲ့ပုံစံပဲဟ"

"အဲဒီရေခဲတုံး မပြောနဲ့၊ ဟိုးဝါရင့်သမားကြီး အောင်ထွန်း ခန့်တောင် အတော်လေးကို လေနေပြီလေ၊ အရင် သူနဲ့ ဖုန်း တွန်တက်ရှိတဲ့ မိန်းကလေးတွေနဲ့တောင် စကားမပြော မတွေ့တော့ ဘူးတဲ့ဟာ"

"ကျားနာကျနေလို့နေမှာ"


www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ်. . . အဲဒီလိုကောင်မျိုး ခံရတာ ကောင်းတယ်"

"နိုင်သူမင်းတစ်ယောက်ပဲ ကောင်းတယ်၊ သူ့ကောင်မလေး ကျန်နေသေးတော့ တော်သေးတာပေါ့"

"မတော်ဘူး"

"ဟင်. . . ဘာဖြစ်လို့လဲ အိန္ဒြေ"

"ငါ မနက်ကတောင် နိုင်သူမင်းကို သူ့ရဲ့နှင်းဆီ ခေါ်သွားခိုင်းလိုက်တယ်"

"သူ. . . ခေါ်သွားလား"

"အင်း. . ."

"ဒါ နင့်ကို အတော်ချစ်လို့နေမှာ"

"ကျွန်မထက် ဆံပင်နဲ့ဆိုဆို ပိုမှန်လိမ့်မယ်"

"ရှင့်ဟာက အထူးအဆန်းပါလား"

"ဟုတ်တယ်. . . သူက ဆံပင်ကို သိပ်ပြီးတန်ဖိုးထားမြတ်နိုးတာ"

"ရှင် ဘာတွေလုပ်ခဲ့လဲ အိန္ဒြေ"

ရှင်းသန့် မျက်လုံးအပြူးသားနှင့် မေးသည်။

"ကျွန်မ သူ့ကို ပြတ်ပြတ်သားသား ရွေးချယ်ခိုင်းတဲ့အနေနဲ့ ကျွန်မကို လက်ထပ်မယ့်အကြောင်း နှင်းရွေ့မှာ ပြောခိုင်းလိုက်တယ်"

"ပြောလား"

ညို့မှုံးခင်အမေးကို အိန္ဒြေ ခေါင်းလေး ညိတ်ပြလိုက်သည်။

"အိန္ဒြေ. . . ရှင်ဟာ သိပ်ကြောက်စရာကောင်းပါလား"

ရှင်းသန့် အပြစ်တင်လိုက်သည်။

"ဟုတ်တယ် ရှင်းသန့်၊ ကျွန်မတ သိပ်ကြောက်စရာကောင်းတဲ့ မိန်းမတစ်ယောက်ပဲ၊ တခြားသူတွေတော့ မသိဘူး၊ ကျွန်မကိုယ်တိုင်တောင် ကြောက်နေမိတယ်"

"အဲဒါ ရှင်သိရင် နောက်ဆုတ်သင့်ပြီ အိန္ဒြေ"

"မဖြစ်နိုင်ဘူး သက်နှင်း၊ ကျွန်မ သူတို့ရဲ့စိတ်ထွက်ပေါက်ရဖို့အတွက် ဒီဇာတ်လမ်းကို အဆင်ပြေအောင် ဆက်ကနေရမယ်"

"ရှင့်ဟာ ရှုပ်ကုန်မယ်နော်"

"ကျွန်မ သိနေတာ ဟန်[illegible]ကို အစိမ်းဖြတ်လို့ မရသလိုအောင်[illegible]နဲ့လည်း အခက်[illegible]နေတယ်၊ နိုင်သူမင်းကိစ္စက အဆိုးဆုံး ဖြစ်သွား[illegible]"

"ရှင် နောင်တရနေပြီပေါ့"

"နောင်တမရဘူး ရှင်းသန့်၊ ဒီကိစ္စတွေက သူတို့ ခံစားသင့်တဲ့ ငါ့ရဲ့ကလဲ့စားချေမှုပဲ၊ ဒါပေမယ့်. . ."

အိန္ဒြေ ပြောလက်စ စကားကို ရပ်လိုက်သည်။

"ဒါပေမယ့်. . ဘာဖြစ်လဲ. . အိန္ဒြေ"

"ရဲသူနိုင်နဲ့ကိစ္စမှာ ငါအတော်ခံစားနေရတယ်၊ သူတို့ လေးယောက် ဖြစ်နေတဲ့ ခံစားချက်မျိုးပေါ့ဟာ၊ ငါဝဋ်လည်တယ် ထင်ပါတယ်"

"ဟဲ့. . . ရဲသူနိုင်ရဲ့နောက်ဆုံး Information (သတင်း







www.burmeseclassic.com

www.burmeseclassic.com



အချက်အလက်) မရသေးပါလား"

"သူ ပျောက်နေတယ်ဟ"

"အိန္ဒြေ. . . သူဟာ ရှင့်ကို အတော်လေးကို နာကျည်းခဲ့ပုံ ပေါ်တယ်နော်"

"ဒါကြောင့် ရှောင်နေတာ နေမှာ"

"အင်း. . . ကျွန်မ ဟိုလေးယောက်အပေါ် ထားခဲ့သလိုမျိုး နဲ့ တူပါတယ်"

"ကျွန်မကတော့ အတုံ့အလှည့်တွေကို ပြေးမြင်တယ်"

"ကိုယ်ပြုတဲ့က ကိုယ့်ထံ ပြန်တာ"

"အိန္ဒြေ. . . ရှင် ရဲသူနိုင်ကို ချစ်သွားတာလား"

"ကျွန်မ မသိဘူး[illegible]ချာတာက သူ့အတွ[illegible]န်မရင်ထဲ အရမ်းခံစားနေရတယ်၊ ဒါ[illegible]င်လည်း ဟိုလေ[illegible]ရဲ့ခံစား ချက်တွေကို ကိုယ်ချင်းစာ နားလည်နိုင်[illegible]"

"ရှင် ရှေ့ဆက်ပြီး ဘယ်[illegible]ယ်လို့ စဉ်းစားထားလဲ အိန္ဒြေ"

"ကျွန်မ စဉ်းစားနေတုန်း"

"လေးယောက်စလုံး ပေးတွေ့ပြီး အကြောင်းစုံ ရှင်းပြလိုက် ပါလား အိန္ဒြေ"

"ကျွန်မ သူတို့လေးယောက်နဲ့ ဆုံဖို့ထက် ရဲနိုင်သူကို အရမ်း တွေ့ချင်နေတယ်၊ မနက်ဖြန်မှ သူတို့အိမ်က လူကြီးတွေဆီ ဝင်ကြည့် မယ်"

"ရှင် သတိထားနော်"





"ဘာကိုလဲ"

"ဆန္ဒတွေ စောရင် အန္တရာယ်ဖြစ်တတ်တယ်"

"ငါ့အတွက် အန္တရာယ်ဆိုတာ ဘာလဲ ညို့မှုး"

"ကျွန်မလည်း အတိအကျတော့ မပြောတတ်ဘူး"

"ကျွန်မ ရှင်တို့ကို အပွင့်လင်းဆုံး ဝန်ခံချင်တယ်"

အိန္ဒြေစကားကြောင့် အားလုံးစိတ်ဝင်တစား ဖြစ်သွားကြ သည်။ တိတ်ဆိတ်ငြိမ်သက်စွာ နားစွင့်နေကြသည်။ အိန္ဒြေကတော့ အတွေးနက်နက်ထဲ ဝင်ရောက်၍ သူ့လျှို့ဝှက်ချက်များကို ဆွဲထုတ် ယူပစ်လိုက်သည်။

"ကျွန်မ ဖြိုးနိုင်မောင်ကို အရမ်းသနားတယ်၊ အောင်ထွန်းခန့် ပုံသဏ္ဌာန်[illegible]ဘောဘကျမိတယ်၊ နိုင်[illegible]ကိုတော့ အားနာနေမိ တယ်၊ လ[illegible]ရဲ့ဖြူစင်တဲ့ မျ[illegible]ဒီနေ့ထိ မေ့လို့ မရဘူး"

"ဟင်. . . ရှင်[illegible]ကြီးတာလား"

အားလုံး အံ့သြမှင်သက်သွားကြသည်။

"ရှင်တို့ နားလည်မှာ မဟုတ်ဘူးဆိုတာ ကျွန်မ သိပါတယ်၊ ကျွန်မ အစကတည်းက သူတို့ကို မုန်းခဲ့တာမှ မဟုတ်တာ၊ သူတို့ရဲ့ စိတ်သဘောကောင်းတဲ့ အလေ့အကျင့်၊ အပြုအမူလေးတွေ သိလာ သလိုပဲ"

"ရှင် ဘာတွေ သိနေတာလဲ"

"သူတို့တစ်ဦးစီမှာ အရည်အချင်းတွေ အသီးသီး ရှိကြ တယ်၊ အလုပ်ကို ကြိုးစားပြီးတော့ အသိပညာတွေကို လေ့လာ



www.burmeseclassic.com

www.burmeseclassic.com



ဆင်ခြင်ဉာဏ်တွေ ရှိတဲ့နေရာမှာ သူတို့ဟာ ယောကျ်ားကောင်းတွေလို့ ဆိုနိုင်တယ်"

"ဒီလောက်တောင်ပဲလား"

သတ်နှင်းစံက ခပ်ရွဲ့ရွဲ့လေး မဲ့ကာ မေးသည်။

"ကျွန်မစကားက ရှင်တို့တွေ နားလည်မယ်လို့ အပြည့်အဝ မထူဆပါဘူး၊ ဒါပေမယ့် ကျွန်မကတော့ လူတွေအကြောင်းကို အတော်လေး နားလည်သဘောပေါက်လာသလိုပဲ၊ အဲဒီလို နားလည်လေလေ ကျွန်မကိုယ်ကျွန်မ ကြောက်လေလေပဲ"









## အခန်း(၂၆)

ဒီနေ့တော့ သူငယ်ချင်းလေးယောက် ဆုံဖြစ်ကြသည်။ သင်းဟိန်း၏ မွေးနေ့ဖြစ်သည်။

"ဟေ့ကောင်. . မင်းမွေးနေ့က နှစ်ဆယ့်ခြောက်နှစ်မှာ ဒီတစ်ခါပဲ ငါတို့ကို အိမ်မှာ ခေါ်ကျွေးတာ ရှိတယ်နော်"

"ဟုတ်ပါ့ကွာ. . . အရင်က အပြင်မှာပဲ ကျွေးနေကျဟာ"

"မင်းတို့နဲ့ အေးအေးဆေးဆေး တွေ့ချင်လို့ပါကွာ၊ အပြင်မှာဆို မင်းတို့နဲ့ စကားများများ ပြောဖြစ်မှာ မဟုတ်ဘူး"

"ဟုတ်တယ်ကွ. . . ငါ့မွေးနေ့တုန်းကတောင် ကာရာအိုကေဆိုင်မှာ အချိန်ကုန်သွားတာ"

"ဟေ့ကောင် နိုင်သူမင်း. . . ဝေါ်လှချည်လား၊ လာကွာ ဧကြည့်ခန်းထဲမှာ အေးအေးဆေးဆေး စကားသွားပြောရအောင်"



www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားခန်းထဲမှ အားလုံး ထထွက်လာခဲ့ပြီး စာကြည့်ခန်းထဲသို့ ဝင်ထိုင်လိုက်ကြသည်။

လေးယောက်စလုံး တက်တက်ကြွကြွ မရှိလှပေ။ လေးလံသောအရာများကို သယ်ဆောင်ထားရသကဲ့သို့ မျက်နှာများ မသာမယာ ဖြစ်နေကြသည်။

စာကြည့်ခန်းထဲတွင် စာမဖတ်ဘဲ အသံတိတ်နေသော လူလေးယောက် တိတ်ဆိတ်ငြိမ်သက်နေသည်။ စာကြည့်ခန်းထဲတွင် ထောင်ထားသော ဓာတ်ပုံကားချပ်ကိုသာ ငေးစိုက်ကြည့်နေကြသည်။

ဓာတ်ပုံက ပတ်စ်ပို့ပုံကို ပုံကြီးချဲ့ထားသော အိန္ဒြေရှင်၏ပုံဖြစ်သည်။ အံ့ဩသော မျက်လုံးအစုံများစွာက ထိုဓာတ်ပုံကို ငေးစိုက်ကြည့်နေကြသည်။

နှုတ်မှ ဖွင့်ဟ၍ မရလောက်အောင် စိတ်များက အလွန်လေးလံနေသည်။

မျက်ခုံးတန်းတန်း၊ နှုတ်ခမ်းလှလှ၊ နှာတံပေါ်ပေါ် မိန်းတလေးတစ်ဦး။

အိန္ဒြေရှင့်ပုံ ဖြစ်သည်ကို သူတို့လေးဦးလုံး ယခုထိတိုင် မသိကြသေးပေ။

"ဒါ. . ညို့မှုံးခင်တဲ့"

ဦးစွာ နှုတ်မှ ဟလာသူက လင်းဟိန်းဇံဖြစ်သည်။

"မဟုတ်ဘူး. . မဟုတ်ဘူး. . အဲဒါ ငါ့ရဲ့ကေသီပဲ"

"သက်နှင်းစံ"





"ရှင်းသန့်မွှန်"

နှုတ်မှ ရေရွတ်နေသောအမည်များက ဓာတ်ပုံရှင်၏ နာမည် မဟုတ်ပေ။

"ဘယ်လိုဖြစ်တာလဲ"

အောင်ထွန်းခန့်က ခေါင်းကို စုံကုတ်ရင်း ပြောသည်။ ဟန်မောင်ကတော့ ထိုင်ခုံပေါ်တွင် စိတ်ပျက်လက်ပျက် ထိုင်ချလိုက်သည်။

"ဘယ်လိုတွေ ဖြစ်ကုန်တာလဲ"

နိုင်သူမင်း အကြီးအကျယ်ကို တုန်လှုပ်သွားသည်။ နှင်း၏ မျက်နှာလေးကို ပြေးမြင်လာသည်။

"အစ်ကိုသဘောပါ. . . နှင်းအနေနဲ့က ကိုကလွဲရင် ဘယ်သူ့ကိုမှ တွယ်တာစရာ မရှိပါဘူး။ အစ်ကိုရဲ့ရက်စက်မှုကို နှင်းကျေနပ်စွာ ခံယူပါ့မယ်။ ကိုကို နှင်း မုန်းနိုင်အောင် ကြိုးစားပါ့မယ်"

နှင်း၏စကားသံလေးက နိုင်သူမင်း နားထဲ စွဲကျန်နေသည်။

လင်းဟိန်းဇံက သက်ပြင်းရှည်ကြီး ချကာ. . .

"ငါ မသင်္ကာနေတာတော့ ကြာပါပြီကွာ၊ ငါ့အလုပ်တွေကများနေတော့ မင်းတို့နဲ့ မတွေ့ဖြစ်ဘူး၊ ဒီအကြောင်းလည်း မပြောဖြစ်ကြလို့ ဒီအခြေအနေထိ ဖြစ်သွားတာ"

"သူ ဘာရည်ရွယ်ချက်နဲ့ ဒီလိုလုပ်တာလဲ"

"အင်း. . . သူ့နာမည်အရင်းက ဘယ်သူဖြစ်နိုင်မလဲ"

"စဉ်းစားစရာက ညို့မှုံးခင်၊ သက်နှင်းစံ၊ ရှင်းသန့်မွှန်၊



www.burmeseclassic.com

www.burmeseclassic.com

လှကေသီဟန်တို့ဟာ တစ်နေရာစီမှာ ရှိနေပြီး လူက တစ်ပုံစံတည်း ဖြစ်နေတယ်"

"လူတူတာတော့ မဟုတ်နိုင်ပါဘူးနော်"

"ဟန်မောင်. . . မင်းအသိစိတ်နဲ့ နည်းနည်းကပ်ထားပါဦး အား လေးကိုယ်ခွဲ ရိုက်နေတာ မဟုတ်ဘူး၊ လေးမြွာပူးလည်း ရန်ကုန်မှာ မွေးတယ်လို့ မကြားဖူးသေးဘူး"

အောင်ထွန်းခန့်က ဟန်မောင်ကို ဒေါကန်ကန်နှင့် မာန်လိုက်သည်။

"တော်ကြပါတော့ကွာ. . . ငါတို့ ဘာလုပ်သင့်သလဲ စဉ်းစားကြပါကွ၊ ငါကမှ အခက်ကွ၊ နှင်းနဲ့ကလည်း လုံးဝပြီးသွားပြီ"

"ငါ အသည်းကို လုံးဝ လက်လွှတ်ဆုံးရှုံးမခံနိုင်ဘူး၊ အဲဒီတော့ မင်းတို့အားလုံး [illegible]င်ပေးကြ"

အောင်ထွန်းခန့်က စကားအတည့်ပြောနေခြင်း ဖြစ်သည်။ ဟန်မောင်က မျက်နှာပျက်ကာ. . .

"ဟာ. . . ဘယ်ဖြစ်မလဲကွ၊ ငါက ကေသီကို အရမ်းချစ်တာကွ၊ ငါလည်း အဆုံးရှုံးမခံနိုင်ဘူး"

"မင်းတို့ကွာ. . . ဟိုက ဘာရည်ရွယ်ချက်နဲ့ ငါတို့အနားရောက်လာမှန်းမသိပဲ၊ ပေါ့ကောင် လင်းဟိန်း၊ မင်း ဒီပုံတို ဘယ်လိုရတာလဲ"

"အမေးသင့်ဆုံး မေးခွန်းပဲ နိုင်သူမင်း"







## အခန်း(၂၇)

"အစ်ကို. . . ဒီစာရင်းတွေ ကွန်ပျူတာထဲ သွင်းလိုက်ရတော့မလား၊ အတိုးတွက်ထားတဲ့ဖိုင်တွေ အစ်ကို ကြည့်ဦးမလား"

"ကျွန်မကတော့ သုံးလေးခေါက် စစ်ပြီးသွားပြီ"

"မင်းစစ်ပြီးရင် ပြီးတာပဲ ညို့မှုန်ခင်၊ Total ကိုက်မကိုက်ပဲ ငါစစ်ချင်တယ်"

"ဒီနေ့တော့ Total ကိုက်လို့ရမယ် မထင်ဘူး အစ်ကို၊ မသီတာတို့ဘက်က စာရင်းတွေ မရသေးဘူး"

"အင်း. . . ဒါဆိုလည်း သီတာတို့ကို အမြန်စာရင်းလှမ်းခိုင်းလိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့. . . ဒါနဲ့ အစ်ကိုအတွက် ကော်ဖီဖျော်ထား တယ် အစ်ကို သောက်ချင်ရင် ယူသောက်နော်၊ မှုး. . မသိတာတို့ ဆီ ခဏသွားလိုက်ဦးမယ်"

ညို့မှုး အခန်းတံခါးကို ဆွဲဖွင့်၍ ထွက်ဟန်ပြင်လိုက်စဉ်. .

"ခဏလေး. . . ညို့မှုးခင်"

"အစ်ကို ဘာပြောစရာရှိလို့လဲ"

"မင်းကိုယ်တိုင် သွားစရာ မလိုဘူးလေ၊ တစ်ယောက် ယောက်ကို သွားခိုင်းလိုက်ပါလား၊ Management ယူထားတဲ့လူက အလုပ်ခွဲခြားလုပ်ကိုင်တတ်ရတယ်ကွ၊ မင်းအနေနဲ့ ဘဏ်ခွဲတစ်ခုလုံး ရဲ့တာဝန်တွေ အတော်များများ ယူထားရတာ၊ အကုန်လုံး အချိန် ဖြုန်းပြီး လျှောက်လုပ်နေစရာ မလိုဘူးလေ"

လင်းဟိန်းဇံ ဖော်ပေါ်တင်တင်ပင် ညို့မှုးခင်ကို ဝေဖန် ရှုတ်ချလိုက်သည်။ ညို့မှုးခင် မျက်နှာမှာ အပြုံးမပျက်ဖြင့်. . .

"ဟုတ်ပါတယ်. . . ကျွန်မ သာမန်ကိစ္စနဲ့ဆိုရင် မသိတာတို့ ဆီ မသွားပါဘူး၊ စာရင်းတွေ ကွာလို့ ကျွန်မသွားကြည့်ရမှာမို့ပါ"

"ဘာ. . . စာရင်းကွာတယ်၊ ဒီကိစ္စ ငါ့ကို ဘာလို့ အသိ မပေးတာလဲ၊ စာရင်းကွာတယ်ဆိုတာ အန္တရာယ်ရှိတယ်၊ ဂဏန်း တစ်လုံးဆို ဆိုသလောက် ပြဿနာကြီးနိုင်တယ်"

လင်းဟိန်းဇံ ဒေါသတကြီးဖြင့် စားပွဲကို "ဘုန်း"ကနဲ ရိုက် ကာ ထရပ်လိုက်သည်။ ညို့မှုးခင် မျက်လုံးလေးတစ်ချက် ဝင့်ကာ လင်းဟိန်းဇံကို စိုက်ကြည့်ပြီး. . .

"ကျွန်မ သိထားသလောက် စာရင်းထဲမှာပဲ ပြဿနာ ရှိ





တာ၊ Account ကို သေချာစစ်ရင် အဖြေသိမှာမို့ ကျွန်မ သွားကြည့် မလို့ပါ"

"မင်းက အလုပ်ဝင်တာ မကြာသေးဘူး၊ ငါ့ကို ကျော်လုပ် ချင်တာလား၊ ငါဆီ ပြဿနာတွေ ရောက်မလာတာ မင်း ဖုံးကွယ် ထားလို့ပဲ ဖြစ်မယ်၊ မင်းရောက်လာပြီးကတည်းက ငါနဲ့ အလုပ်တွေ ဝေးသွားသလိုပဲ၊ မင်း ဘာအကြံအစည်တွေ ရှိလဲ"

လင်းဟိန်းဇံ စကားအဆုံး ညို့မှုးခင် အခန်းတံခါးကို ပိတ် ကာ အခန်းအပြင်သို့ ထွက်သွားသည်။

"တောက်"

လင်းဟိန်းဇံ တောက်တစ်ချက် ခေါက်မိသည်။ သူမ ရောက်လာပြီးကတည်းက အရင်က ရှုပ်ယှက်ခတ်နေသော သူ၏ အလုပ်များ မရှိသလောက် ရှားပါးသွားသည်။

သူမ လက်ညှိုးလေး ထောက်ပေးသောနေရာများတွင်သာ ခေါင်းတညိတ်ညိတ်ဖြင့် လက်မှတ်ထိုးပေးခဲ့ရသည်။ လက်အောက် ဝန်ထမ်းများနှင့်လည်း ဆက်ဆံမှုများ ဟသွားခဲ့သည်။

ယခင်က မကြာခဏ ပေါ်တတ်သော လုပ်ငန်းပြဿနာ များကိုလည်း မကြားရတော့။ သူမပဲ ဖြေရှင်းပေးလိုက်၍လား၊ ဖုံးကွယ်ထားသလား သူ မသိရ။

ဝန်ထမ်းများကလည်း သူ့ဆီ ဦးတိုက်မှု မရှိဘဲ သူမဆီသာ ဝင်ထွက်ဆွေးနွေးကြသည်။

လင်းဟိန်းဇံ ဖုန်းနံပါတ်တစ်ခုကို နှိပ်၍ လက်ထောက် မန်နေဂျာ ခန့်ရန် ရည်ရွယ်ထားသော ဝေထွန်းကို ခေါ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဆရာ ခေါ်တယ်ဆို"

"[illegible]တယ်ဗျာ. . . ခင်ဗျား အသစ်ရောက်လာတဲ့ ညို့မှူး ခင်ရဲ့ဆောင်ရွက်မှုတွေအပေါ် ဘယ်လိုမြင်လဲ"

"ဘာလဲ. . . ဆရာက ရာထူးတိုးပေးဖို့ ကျွန်တော့်ကို ထောက်ခံခိုင်းမလို့လား"

"ခင်ဗျား စကားက. . ."

"ဆောရီးနော်. . . ညို့မှူးခင်က ပါးရည်နပ်ရည် ရှိတယ် ကျွန်တော်တို့တောင် ကျော်သွားနိုင်တယ်"

"ကျွန်တော် ဘက်ချုပ်က အစည်းအဝေးတွေ သွားနေတာ တာ များတော့ ဒီက အခြေအနေတွေနဲ့ နည်းနည်းဝေးနေလို့ ကိုဝေထွန်းကို ခေါ်မေးကြည့်တာပါ၊ ညို့မှူးခင် ကျော်လုပ်တာတွေ ရှိနေလား"

"အင်း. . . ကျော်လုပ်တယ်လို့တော့ ပြောမရပါဘူး ကိုယ့်ဆရာရယ်၊ သူက ဆရာရဲ့ (P.A)ဆိုတော့ အားလုံးက သူ့အတွက် အတွင်းဝင်တာပေါ့"

ဝေထွန်း၏စကားသံက ညို့မှူးခင်ကို မကျေနပ်မှုများ ပါဝင်နေသည်။ လင်းဟိန်းဇံကိုလည်း ဝေထွန်းက သိပ်မကျေနပ်။ အထုပ်ဝင်တာ သိပ်မကြာသော်လည်း လင်းဟိန်းဇံ၏ရာထူးတိုးမှုက ဝေထွန်းထက် မြန်ဆန်နေသည်။

ဝေထွန်း၏အကျင့်များကို သိ၍ အထက်လူကြီးများက ရာထူးတိုးပေးရန် ဆိုင်းငံ့ထားခြင်းဖြစ်သည်။

သူ့ကို "ကိုယ့်ဆရာ" ဟု ခေါ်သည်ကိုပင် လင်းဟိန်းဇံ နားကလောမိသည်။

"သီတာတို့ဆီက စာရင်းတွေ (Problem) ရှိတာ ကိုဝေထွန်း သိလား"

"အင်း. . . တစေ့တစောင်းတော့ သိပါတယ်"

"သီတာတို့က ခင်ဗျားလက်အောက်က မဟုတ်လား"

"ဟုတ်တော့ ဟုတ်ပါတယ်၊ သူတို့တွေက ကျွန်တော့်ဆီ မတက်ဘဲ ညို့မှူးခင်အထိ တက်ပြီး တင်ထားတာ"

"ညို့မှူးခင်က ဘာလို့ ကျော်ပြီး လက်ခံထားရတာလဲ၊ ခင်ဗျားပြီးမှ သူ ဒီ(Case)ကို ကိုင်သင့်တာပေါ့"

"ကိုယ့်ဆရာက Information အောက်နေတယ်နဲ့တူတယ်၊ ညို့မှူးခင်က ပြဿနာရှင်းတာ တော်တယ်ဗျ၊ စာရင်းပိုင်းကော ဝန်ထမ်းရေးရာကော အတော်ကို အားကိုးနေရတာဗျ၊ ဒါကြောင့် ပြဿနာပေါ်ရင် ညို့မှူးခင်နဲ့ ကြိတ်ရှင်းနေကြတာနဲ့ ကျွန်တော်တို့တောင် မသိလိုက်ဘူး"

"ဒီလိုလား"

"ဘယ်လိုလဲ ကိုယ့်ဆရာ၊ ညို့မှူးခင်ကို သဘောကျသွားပြီလား"

"ကဲဗျာ. . . ကျွန်တော်သိချင်တာ ပြောပြတာ ကျေးဇူးပဲ၊ ကိုဝေထွန်း လုပ်စရာရှိတာ ဆက်လုပ်ပါ"

ဝေထွန်း၏စကားများကို လင်းဟိန်းဇံ ဆက်ပြီး နားမထောင်ချင်တော့။

ဝေထွန်း သူ၏အခန်းထဲမှ ထွက်သွားမှ ဆုံလည်ကုလား







www.burmeseclassic.com

www.burmeseclassic.com

ထိုင်ပေါ်တွင် ခြေပစ်လက်ပစ် ထိုင်လိုက်သည်။

စားပွဲပေါ်တွင် တင်ထားသော ကော်ဖီခွက်ကို အကြောင်းမဲ့ စိုက်ကြည့်နေမိသည်။

"ဒေါက်. . ဒေါက်. . ဒေါက်"

တံခါးခေါက်ပြီး ဝင်မလာသေးသောသူက ညို့မှုံးခင် ဖြစ်နိုင်ပေ၊ ညို့မှုံးခင်က အခန်းထဲ ဝင်လျှင် တံခါးခေါက်တတ်သော အကျင့်ရှိသော်လည်း ခွင့်ပြုသံ မရခင်ပင် တံခါးဖွင့်ပြီးဝင်တတ်သည်။

"ဝင်ခဲ့ပါ"

"မညို့မှုံးခင်က ဆရာ့ကို အန်ကယ်လ်ကြီး ခေါ်ထားတာ ခမေ့ဖို့ မှာလိုက်ပါတယ်"

ရုံးပိုင်းမှ ကောင်မလေးတစ်ယောက်ကို သူ့ဆီ ဝင်ပြောခိုင်းလိုက်သော ညို့မှုံးခင်ကို ဒေါသဖြစ်သွားသည်။

"ညို့မှုံးခင်ကို အခုချက်ချင်း ကျွန်တော့်ဆီ လာခဲ့ဖို့ ပြောအေပါ"

"ဟုတ်ကဲ့"

လင်းဟိန်းဇံ ဒေါသဖြစ်ဖြစ်နှင့် အခန်းအတွင်း လမ်းလျှောက်နေမိသည်။

ခဏအကြာမှ. . .

တံခါးခေါက်သံနှင့်အတူ တံခါးဖွင့်ဝင်လာသူကို ညို့မှုံးခင်မှန်း လှည့်မကြည့်ဘဲ သိနိုင်သည်။

"ဒီမှာ ခဏထိုင်ပါဦး မှဒေါ်ညို့မှုံးခင်၊ ကျွန်တော်ကို





ခင်ဗျားလက်အောက်ကလူ အောက်မေ့လို့ လူကြုံမှာလိုက်တာလား"

"မဟုတ်ပါဘူး. . . အစ်ကိုပြောလို့ အလုပ်ခွဲခြားလုပ်ကိုင်တဲ့သဘောနဲ့ပါ၊ မရှိမသေ မဟုတ်ပါဘူး၊ ဟော. . . သုံးနာရီတောင် ထိုးတော့မယ်၊ အန်ကယ်လ်ကြီးဆီ သွားဖို့အချိန် ရောက်နေပြီ၊ ဒီမှာ အစ်ကို့အိတ်. . နောက်ပြီး. . "

"တော်ပြီ ညို့မှုံးခင်၊ မင်းရဲ့ညွှန်ကြားမှုတွေ ရပ်ဖို့ သင့်ပြီ၊ သွားမယ်"

လင်းဟိန်းဇံ ဒေါပွပွဖြင့် ညို့မှုံးခင် ကမ်းပေးသော အတက်ချီကေ့စ်ကို ဆွဲယူ၍ သူမစကား မဆုံးခင်ပင် အခန်းထဲမှ ထွက်လာခဲ့သည်။

ဿ ဿ ဿ ဿ

"မောင်လင်းဟိန်းဇံ. . . ဒီနေ့ နှစ်ပတ်လည် အစီရင်ခံစာတွေ တင်ခဲ့နော်၊ အန်ကယ်လ် မင်းကိုဘာဏ်ခွဲရဲ့ အစီရင်ခံစာတွေ မဖတ်ရတာကြာပြီ"

"ဗျာ. . "



www.burmeseclassic.com

www.burmeseclassic.com

အန်ကယ်လ်ကြီးစကားကြောင့် သူ ခေါင်းတစ်ခုလုံး တူနှင့်ထုသလို ထူပူသွားသည်။

သူ အစီရင်ခံစာ တင်ဖို့ မေ့နေသည်။

ညို့မှုံးခင်ကို လုပ်ခိုင်းထားဖို့ မှာရန် မေ့နေခဲ့သည်။

"ဘာလဲ. . . စာရွက်စာတမ်းတွေ ကျန်ခဲ့လို့လား၊ တစ်ဆောတ်ယောက်ကို လာပို့ခိုင်းလိုက်ပါလား"

"ဟို. . ဟို. . ဟုတ်ကဲ့. . အန်ကယ်လ်ကြီး"

လင်းဟိန်းဇံ လွန်စွာအကြပ်ရိုက်သွားသည်။ အစီရင်ခံစာတ မိနစ်ပိုင်းအတွင်း လုပ်ရှား၍မရနိုင်မှန်း သိသည်။ အကြံထုတ်၍မရသည့်အဆုံး ညို့မှုံးခင်ဆီ ဖုန်းဆက်လိုက်သည်။

"ဟဲလို. ."

"ညို့မှုံးခင်လား"

"ဟုတ်ပါတယ်. . . အစ်ကိုလား၊ ဘာခိုင်းစရာရှိလို့လဲ"

"ဟို. . အစီရင်ခံစာ"

"အစီရင်ခံစာတွေ ကွန်ပျူတာ ရိုက်ပြီး အစ်ကို့အိတ်ထဲထည့်ပေးလိုက်တယ်လေ"

လင်းဟိန်းဇံ စကားမဆုံးခင် ညို့မှုံးခင် ကြားဖြတ်ပြောလိုက်သောစကားကြောင့် သူအလွန်ဝမ်းသာသွားရသည်။ သို့သော် သူအပေါ် စိတ်မကြည်လင်သေးသောကြောင့်. . .

"မင်း ဘာဖြစ်လို့ မပြောလိုက်တာလဲ"

"အစ်ကိုပဲ ညွှန်ကြားမှုတွေ ရပ်ဖို့သင့်ပြီဆိုလို့ အဲဒီစာရွက်တွေ ထည့်ပေးလိုက်တာ မပြောဖြစ်လိုက်တာပါ"





"မင်းကွာ. ."

လင်းဟိန်းဇံ ဖုန်းချလိုက်သည်။

အတက်ချီကေ့(စ်)အပေါ် ဆုံးတွင် သပ်သပ်ရပ်ရပ် တင်ထားသော အစီရင်ခံစာ ဖိုင်ကို ဆွဲယူလိုက်သည်။ သူမေ့နေသော အကြောင်းအရာကို ညို့မှုံးခင် ကြိုလုပ်ပေးထား၍ မချီးကျူးဘဲ မနေနိုင်တော့ပေ။ စိတ်ထဲမှ ကြိတ်ပြီးချီးကျူးနေမိသည်။


www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၂၈)

လင်းဟိန်းဇံ စောစောလေး ဘဏ်သို့ ရောက်အောင် လာခဲ့သည်၊ ညှို့မှူးခင်ထက် စောရောက်စေရန်ဖြစ်သည်။

သူ အခန်းတံခါးကို ဖွင့်လိုက်ပြီး အခန်းအတွင်း အကဲခတ်လိုက်သည်။ ညှို့မှူးခင်၏အရိပ်အယောင် မတွေ့ရ။ သူကျေနပ်သွားသည်။

အရင်နေ့တွေက သူရောက်သည့်အချိန်တိုင်း ညှို့မှူးခင် ရောက်နှင့်ပြီးဖြစ်သည်၊ သူရောက်လျှင် သောက်ရန် ညှို့မှူးခင်က မတ်ခွက်ထဲတွင် ရေနွေးကြမ်း အမြဲဖြည့်ထားပေးသည်။

သူ မတ်ခွက်ကို လှမ်းကြည့်လိုက်သည်။ ခွက်က အဖုံးနှင့်မို့





အထဲတွင် ရေနွေးကြမ်း ရှိမရှိ မသိနိုင်။ သူမ မလာသေးလျှင် ရေနွေးမရှိဟု တွေးမိသည်။ မတ်ခွက်ကို ကောက်ယူလိုက်စဉ် . . .

"အား. . ."

သူ အတွေးနှင့် မတ်ခွက်ကို အားရပါးရ ဆုပ်ကိုင်လိုက်သည်။ မတ်ခွက်သည် အလွန်ပူနေသဖြင့် ရုတ်တရက် လွှတ်ချလိုက်မိသည်။

"ခွမ်း"

သူ့လက်ကို ဆုပ်နယ်ရင်း ညှို့မှူးခင် စားပွဲအောက်မှ ဖိနပ်တစ်စုံဆီသို့ အကြည့်ရောက်သွားသည်။

သူမ ရောက်နှင့်နေပြီပဲ။

"ညှို့မှူးခင်"

သူ အသံကုန် အော်ခေါ်လိုက်သည်။ သူမ သန့်စင်ခန်းအတွင်းမှ အပြေးကလေး ထွက်လာသည်။

"ဟင်. . . အစ်ကို အစောကြီးပါလား၊ ခုနက ဘာဖြစ်တာလဲ၊ မှူးက ဒေါ်အေး သန့်ရှင်းရေး လုပ်ရင်း ဖြစ်သွားတာထင်လို့ ထတောင် မကြည့်မိဘူး"

"မင်း ဘာလုပ်နေတာလဲ"

"ဟို. . သန့်ရှင်းရေး လုပ်နေတာ"

"အိမ်သာထဲမှာလား"

လင်းဟိန်းဇံက သူမကို ခေါင်းအစ ခြေအဆုံး ကြည့်ပြီး မေးသည်။ သူ၏မျက်လုံးအစုံကတော့ ဖိနပ်မပါသော သူမ၏ ခြေဖမိုးလေးပေါ်တွင် ငေးစိုက်ကျန်နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်. . ဒေါ်အေးကို စိတ်တိုင်းမကျရင် လက်ညှိုး ထိုး ခိုင်းလို့ရသေးမယ့် အိမ်သာကျတော့ အားနာလို့"

"ဒါ မင်းအလုပ်လား"

"ကျွန်မလည်း ဒီအခန်းထဲ ဝင်ရတာပဲဟာ၊ ကျွန်မအလုပ် ဆောတ်ပေမယ့် မနေနိုင်လို့ပါ"

ညို့မှုံးခင် နှုတ်ခမ်းကလေး စူပြီး သူမစားပွဲသို့ လှည့်ထွက် သွားသည်။ သူမ ဖုန်းလှမ်းခေါ် နေသည်။

"ညိုညိုရေ. . . ဒေါ်အေးကို မှုံးဆီ လွှတ်လိုက်ပါ၊ ခွက်ကျ ထားလို့ သန့်ရှင်းရေး လုပ်ဖို့ လာခဲ့ပါလို့"

လင်းဟိန်းဇံက ညို့မှုံးခင် လှုပ်ရှားမှုများကိုသာ ငေးကြည့် နေသည်။ ညို့မှုံးခင်က သူ့အား သတိမထားဘဲ သူမရှေ့မှ စာရွက် စာတမ်းများကို မွှေနှောက်ပြီး ရှင်းလင်းနေသည်။

"ညို့မှုံးခင်"

"အစ်ကို ခိုင်းစရာရှိရင် အလုပ်ချိန်ကျမှ ခိုင်းပါလား၊ ကျွန်မရဲ့ကိုယ်ပိုင်အချိန်တွေကို ကျွန်မစိတ်ကြိုက် အသုံးချပါရစေ ဦး"

"မင်း ဘယ်လိုပြောလိုက်တာလဲ"

"ဆောရီးပဲ. . . ကျွန်မစကား မှားသွားတယ်၊ အစ်ကို ဘာပြောမလို့လဲ"

"တို. . တို. . မနေ့က ကိစ္စကို ကျေးဇူးတင်ပါတယ်"

"ဘာအတွက်လဲဟင်"

"အစီရင်ခံစာတွေအတွက်ပါ"





"ဒါ ကျွန်မ လုပ်ပေးရမယ့်ဟာပဲ၊ အစ်ကို့ရဲ့အလုပ်တွေ အားလုံး ကျွန်မက ကူလုပ်ပေးရမယ့်တာဝန် ရှိတာပဲလေ၊ ကျွန်မ လုပ်ခဲ့ ပြောခဲ့တာတွေ မှားချင်မှားမယ်၊ ဒါပေမယ့် အဲဒီအမှားတွေ က စေတနာအမှားပါ အစ်ကို"

"ကိုယ် နားလည်ပါတယ်"

"လူတွေက မကောင်းဘူး. . . သိလား"

"ဘယ်သူ့ကို ပြောချင်တာလဲ"

"ဟိုလေ. . . အစ်ကို့ကို ပြောတာ မဟုတ်ပါဘူး၊ ညို့မှုံးကို မနာလိုတဲ့သူတွေကို ပြောတာ၊ သူတို့က ညို့မှုံးကို ကျော်လုပ်တယ်လို့ ထင်နေကြတာ၊ ညို့မှုံးက စေတနာနဲ့ အားလုံးကောင်းဖို့ လုပ်တဲ့ဟာ တို"

"ဒေါက်. . ဒေါက်. . ဒေါက်"

"ဟော. . . ဒေါ်အေးနဲ့တူတယ်. . ဝင်ခဲ့လေ"

ညို့မှုံးခင် ပြောပြောဆိုဆိုနှင့် အခန်းတံခါးကို သူမ ကိုယ်တိုင် ဆွဲဖွင့်ပေးလိုက်သည်။

"ဒေါ်အေးရေ. . . သတိထား လုပ်နော်၊ လက်လည်း ရှနေ ဦးမယ်"

ညို့မှုံးခင် အဘွားကြီးအိုလေးလို ညွှန်ကြားနေသည်။ ဒေါ်အေး မတ်ခွက်အကွဲစများကို သန့်ရှင်းပြီးသည်နှင့်. . .

"မှုံးလေး ဘာခိုင်းဦးမလဲ"

"အစ်ကို့စားပွဲ ဖုန်နည်းနည်း သုတ်ပေးလိုက်ပါ"

အရင်နေ့များက ဒေါ်အေး ထိုအခန်းထဲတွင် ကြမ်းပြင်ကို



www.burmeseclassic.com

www.burmeseclassic.com

သာ သန့်ရှင်းရေး လုပ်ပေးရသည်။ စားပွဲကုလားထိုင်များကို ညို့မှုံ ခင်သာ စိတ်တိုင်းကျ သန့်ရှင်းရေး လုပ်သည်။

ဒေါ်အေး တအံ့တသြ ဖြစ်နေရသည်။ ဒီထက်မကသေး မနေ့ညက လင်းဟိန်းဇံ အစောကြီး ရောက်လာသည်ကလည်း ပို၍ အံ့ဩစရာကောင်းသည်။

"နေပါစေ ဒေါ်အေး၊ ကျွန်တော်ပဲ လုပ်လိုက်ပါ့မယ်၊ ဒေါ်အေး လုပ်စရာရှိတာ သွားလုပ်ပါ"

ဒေါ်အေး ကြောင်တောင်တောင်နှင့် ထွက်သွားသည်။


"ညို့မှုံခင်. . . မင်းဖိနပ်မစီးထားရင် ခြေထောက်အေး လိမ့်မယ်နော်"

လင်းဟိန်းဇံ၏ သတိပေးစကားကြောင့် ညို့မှုံခင် အံ့ဩဝမ်းသာနေမိသည်။ သူ. . သူမကို ဂရုစိုက်ကြည့်နေ၍သာ ဖိနပ်မစီး ထားခြင်းကို သိနိုင်သည်ပဲ။

မိန်းကလေးတွေက ယောကျ်ားလေးတွေရဲ့ ဂရုစိုက်နေခြင်း ဆို တွေ့နပ်မိတာ အမှန်ပါပဲလေ။

ညို့မှုံခင် ကတ္တီပါ ဖိနပ်ပါးလေးကို သူမ ခြေထောက်လေး ထဲ ထိုးသွင်းဝတ်ဆင်လိုက်သည်။






www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၂၉)

"ဒါ ဘာလုပ်တာလဲ ညို့မှုံးခင်"

"ထွက်စာတင်တာပါ"

"ဘာကြောင့်လဲ. . . မင်းမှာ ဘာအခက်အခဲ ရှိနေလို့လဲ"

"ကျွန်မ ဒီအလုပ်ကို ဆက်မလုပ်ချင်တော့လို့ပါ၊ ဘာအခက်အခဲမှ မရှိပါဘူး"

သူမ၏အသည်းယားစရာ မျက်နှာပေးကာ သူ့ကို ဒေါသအလွန်ထွက်စေသည်။

"မင်း အကြောင်းပြချက် မပြည့်စုံဘဲ ကိုယ် ပေးမထွက်နိုင်ဘူး ညို့မှုံးခင်၊ နောက်ပြီး မင်းဟာ အလုပ်အတွက် အရှုံးကြီး



www.burmeseclassic.com

www.burmeseclassic.com



အားကိုးရတယ်"

လင်းဟိန်းဇံ၏ရင်ထဲမှ လာသော စကားလုံးများဖြစ်

သူ ေတွနပ်သွားရသည်။

"ကျွန်မရဲ့အကြောင်းပြချက်ကို သိရင် ရှင်လန့်သွား

ဘွန်မလည်း ကျွန်မကိုယ်ကျွန်မ စိတ်မလုံလို့ ထွက်မှာ"

"ကိုယ့်ကို အဲဒီအကြောင်း ပြောပြနိုင်မလား"

"ကျွန်မ ညို့မှုံးခင် မဟုတ်ဘူး"

"ဘာ. ."

"ဟုတ်တယ်. . . ကျွန်မဟာ ညို့မှုံးခင်နဲ့ ပုံစံတူ

မိန်းကလေးတစ်ယောက်ဆိုတာကလွဲရင် ကျွန်မဘယ်သူဆို

မပြောပြနိုင်ပါဘူး၊ ကျွန်မရဲ့လိမ်လည်မှုက တခြားဘာကိုမှ မ

ရွယ်ပါဘူး၊ ရှင်တစ်ယောက်ကိုပဲ ဦးတည်ထားတာ"

ညို့မှုံးခင်၏စကားများကို လင်းဟိန်းဇံ နားမလည်စွာ

အံ့ဩမှင်သက်စွာ နားထောင်နေသည်။

"ကျွန်မ လုပ်ငန်းကိစ္စတွေ အပြီးလွှဲပေးပြီးမှ ထွက်မှာ

ကျွန်မနဲ့ ပတ်သက်ပြီး ဘာအရှုပ်အရှင်းမှ မထားခဲ့ပါဘူး"

"နေပါဦး ညို့မှုံးခင်၊ မင်းနဲ့ငါကြားမှာ ဒီလို လိမ်

လည်စားရလောက်အောင် ဘာပြဿနာ ရှိဖူးလို့လဲ"

"ရှင်တစ်နေ့တော့ သိရမှာပါ ကိုလင်းဟိန်းဇံ၊ ကျွန်မ

တုန့်ပြန်မှုက ရှင့်တစ်ယောက်ထဲ မဟုတ်ပါဘူး"

"မင်းစကားတွေ ငါနားမလည်ပါဘူး"

"ကျွန်မကလည်း ရှင်နားလည်အောင် မရှင်းပြနိုင်






ဝမ်းနည်းပါတယ် ကိုလင်းဟိန်းဇံ"

လင်းဟိန်းဇံ အတွေးများနှင့် ပြည့်နှက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃၁)

ယနေ့တော့ ညို့မှုံးခင်နှင့် နောက်ဆုံးတွေ့ရတော့မည် ဈတ်မှန်း လင်းဟိန်းဇံ သိရသည်။

နားမလည်မှုများစွာကြားထဲတွင် သူ နားလည်သဘော ပေါက်သွားသောအရာက အချစ်ဖြစ်သည်။ သူ ညို့မှုံးခင်ဟုသာ သိထားသော မိန်းကလေးတစ်ဦးကို ချစ်မိသွားခြင်းဖြစ်သည်။

သူ. . သူမနှင့် ဝေးရမှာ ကြောက်သည်။

သူမတို့ လက်လွတ်မဆုံးရှုံးချင်။ သူမနှင့် နေခဲ့သောအချိန် ကလေးများကို နှစ်သက်သဘောကျခဲ့သည်။

သူမ၏လုပ်ဆောင်ခဲ့သော အလုပ်ကိစ္စများတွင်လည်း





ကြိုတ်၍ ဂုဏ်ယူနေခဲ့သူဖြစ်သည်။

"ကိုလင်းဟိန်းဇံ. . . ကျွန်မ သွားတော့မယ်"

"ခဏနေပါဦး ညို့မှုံးခင်"

"ကျွန်မရဲ့အလုပ်ကိစ္စတွေ ပြတ်သွားပြီပဲ၊ ရှင် ဘာကိစ္စနဲ့ တားရတာလဲ"

"ကိုယ်ပြောစရာ စကားလေးတွေ ရှိလို့ပါ"

"အလုပ်နဲ့ ပတ်သက်လား"

လင်းဟိန်းဇံ အသာခေါင်းခါလိုက်သည်။

"ဒါဆို ကျွန်မတို့ အပြင်မှာ တွေ့ကြမယ်လေ၊ ကျွန်မ ဖုန်းနဲ့ ဆက်သွယ်ပါ့မယ်၊ ကျွန်မကို သွားခွင့်ပြုပါဦး"

နှုတ်ဆက်လက်ပြကာ လှည့်ထွက်သွားသော ညို့မှုံးခင် အား သူ မျက်စိတစ်ဆုံး လိုက်၍ငေးကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၁)

"မင်း ဖုန်းလာတော့ ကိုယ်သိပ်ပျော်သွားတယ် ညို့မှုးခင်"

"ရှင် မိန်းကလေးတစ်ယောက်အတွက်နဲ့ ပျော်ရွှင်ဖူးလို့လား"

ညို့မှုးခင်၏ထူးခြားပြောင်းလဲသွားသော ရှုတည်တည်မျက်နှာလေးက သူ့အတွက် တစ်မျိုးဆွဲဆောင်နေသည်။ အလုပ်လုပ်တုန်းက အမြဲပြုံးရွှင်နေသော ချစ်စဖွယ် အမူအယာလေးကိုတော့ မတွေ့ရတော့။

"အမှန်အတိုင်း ဝန်ခံရရင် မင်းဟာ ကိုယ့်အတွက် စိတ်ခံစားချက် အပေးနိုင်ဆုံး မိန်းကလေးပဲ၊ မင်းကြောင့် ကိုယ် စိတ်ဆိုး





ဖူးတယ်၊ ပျော်ရွှင်ဖူးတယ်၊ ဂုဏ်ယူဖူးတယ်၊ ဝမ်းနည်းဖူးတယ်၊ ရင်ခုန်ဖူးတယ်"

"အဲဒီလောက်တောင်ပဲလား"

"မကဘူး ညို့မှုးခင်"

တိတ်ဆိတ်သွားသော လင်းဟိန်းဇံ စကားလုံးများကို ညို့မှုးခင် စိတ်ဝင်တစား စိုက်ကြည့်နေလိုက်သည်။

"မင်း ကိုယ့်အပေါ် ဘယ်လို အမြင်အတွေးတွေ ထားပြီး ကိုယ့်ဘဝထဲ ဝင်လာလဲဆိုတာ ကိုယ်မသိဘူး၊ ကိုယ်သိနေတာက ကိုယ် မင်းနဲ့ မဝေးချင်ဘူး၊ ကိုယ့်နားမှာ အမြဲရှိနေစေချင်တာ"

"ဘာဖြစ်လို့"

ညို့မှုးခင် မချိုမချဉ်ပြုံးကာ မေးသည်။ ထိုအပြုံးကြောင့် လင်းဟိန်းဇံ ရင်ထဲ နင့်ကနဲဖြစ်သွားသည်။

ညို့မှုးခင်၏အပြုံးက သူ့နှလုံးသားကို နာကျင်စေသည်။

"ကိုယ့်ဘေးနားမှာ မင်းထက် ချောလှတဲ့ မိန်းကလေးတွေ ရှိပါတယ်"

"ကျွန်မ သိပါတယ်"

"ဘာကြောင့် မင်းကိုမှ ကိုယ်ချစ်မိသွားတာလဲ"

"ရည်းစားစကားကလည်း တစ်မျိုးကြီးပဲ"

"မင်း ကိုယ့်ကို မလှောင်ပါနဲ့"

"ရှင် အလှောင်မခံနိုင်ရင် ကျွန်မကို မချစ်နဲ့"

"ကိုယ်အလှောင်မခံနိုင်သလို မင်းကို မချစ်ဖို့လဲ တားလို့မရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ကျွန်မတို့ ချစ်နေတော့ ဘာလုပ်လို့ ရမှာလဲ၊ ကျွန်မ ညို့မှုန်ခင် မေ့တတ်ဘူးဆိုတာ မေ့မထားနဲ့ဦးလေ"

"ကိုယ် ဘယ်သူ့ကိုမှ နာကျင်အောင် မလုပ်ခဲ့ဖူးဘူး။ ငယ်ငယ်ကတည်းက စတာနောက်တာလည်း ကိုယ်စိတ်မဝင်စားဘူး။ တစ်ယောက်ထဲ နေရတာကိုပဲ ကိုယ်နှစ်သက်ခဲ့တာ၊ မင်းကို နာကျင်အောင် လုပ်ဖို့ဆိုတာ အဝေးကြီးပါ၊ မင်း ရှင်းပြနိုင်မယ်ဆို မင်းကျေနပ်အောင် ကိုယ်တောင်းပန်ပါ့မယ်"

"ဟင့်အင်း. . . ရှင်လုပ်နိုင်မှာ မဟုတ်ဘူး"

"မင်း ခံစားနေရတာကို ကြည့်ပြီး ပျော်နေမယ်ဆိုလည်း ကိုယ်ကျေနပ်ပါတယ်၊ ကျိန်းသေတာတစ်ခုက မင်းကလွဲရင် ကိုယ် ဘယ်မိန်းမကိုမှ လက်ထပ်မယူဘူး"

"ဒါက ရှင့်သဘောပါ"

"မင်း နည်းနည်းလောက် ကိုယ့်ကို ပြန်စဉ်းစားပေးပါဦး။ ကိုယ်စောင့်နေပါ့မယ်"

"မမျှော်လင့်နဲ့တော့. . . ကျွန်မ ရှင်တစ်ယောက်တည်း ခံစားရမှာစိုးလို့ အဖော်တွေနဲ့အတူ မျှဝေခံစားရအောင် ကျွန်မ လုပ်ပေးရဦးမယ်"

"မင်းစကားက ဘာကို ရည်ရွယ်တာလဲ"

"ရှင် တစ်နေ့ သိမှာပါ၊ ကဲ. . . ကျွန်မ သွားဦးမယ်"

"နေပါဦး"

လင်းဟိန်းဇံ နှုတ်မှ တားရုံတင်မက ညို့မှုန်ခင်၏လက်ကို ပါ လှမ်းဆွဲထားလိုက်သည်။ ညို့မှုန်ခင်က. . .





"ရှင် မိန်းကလေးတစ်ဦးအတွက် ရုပ်ပျက်ဆင်းပျက် မဖြစ်သင့်ဘူးလေ"

"မင်း ကိုယ့်ဘေးနားက မိန်းကလေးတစ်ဦးဦးနဲ့ ပတ်သက်နေသလား၊ ကိုယ် ဘယ်မိန်းကလေးကိုမှ ထိခိုက်နာကျင်အောင် မလုပ်ခဲ့ဖူးဘူး"

"ရှင် အတွေးသိပ်မလွန်ပါနဲ့"

"ကိုယ် မင်းမျက်နှာကို စမြင်ကတည်းက ရင်းနှီးနေသလို ခံစားရတယ်၊ မင်း ကိုယ့်အနားက တစ်ယောက်ယောက်နဲ့ ပတ်သက်နေသလိုပဲ"

"ရှင် ကျွန်မရဲ့လက်ကို လွှတ်ပါဦး"

"ဆောရီးပဲ. . . ကိုယ် မင်းနဲ့ လမ်းခွဲရမှာကို ကြောက်ရွံ့နေလို့"

လင်းဟိန်းဇံ ညို့မှုန်ခင်လက်ကို လွှတ်ပေးလိုက်သည်။

"ရှင့်အတွက် မျှော်လင့်ချက်တစ်ခုတော့ ကျွန်မ ထားခဲ့မယ်၊ ကျွန်မ ရှင့်ကို တစ်နေ့ ပြန်တွေ့ဦးမယ်"

သူမ လှပစွာ ကျောခိုင်းသွားလေသည်။

လင်းဟိန်းဇံတစ်ယောက် စားသောက်ဆိုင်တစ်ခု၏စားပွဲဝိုင်းလေးတွင် အထီးကျန်မှုများစွာနှင့် ကျန်နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၃၂)

"ရဲသူနိုင် ရှိပါသလားရှင်"

"အစ်ကို့ဧည့်သည်နဲ့ တူတယ်၊ အိမ်ပေါ် တက်ပါ အစ်မ အမေရေ . . အစ်ကို့ဧည့်သည်"

ရဲသူနိုင်၏ညီမဟု ထင်ရသော ကောင်မလေးက ပြော ပြောဆိုဆို အိမ်ပေါ် ခေါ်ခဲ့သည်။ ရဲသူနိုင်တို့အိမ်က အရင်ကလို တဲအိမ်ကလေး မဟုတ်တော့၊ ပျဉ်ထောင်အိမ်လေး ဖြစ်သည်။ အလယ်လတ်တန်းစား လူနေမှုအဆင့်လောက် ရှိသည်။

ပြောင်းလဲနေသော လောကကြီးက မထင်မှတ်စရာ ဖြစ်လာတတ်သည်ပဲ။





"လာ. . . သမီး၊ သားတော့ မရှိဘူး၊ မန္တလေး သွားနေတယ်၊ သမီးနာမည် ဘယ်လိုခေါ်လဲ၊ သမီးနဲ့သားက. . ."

"သမီးနာမည်က အိန္ဒြေပါ၊ ရဲသူနိုင်နဲ့က အလယ်တန်းထဲက သူငယ်ချင်းပါ၊ သူငယ်ချင်းတွေ ဆယ်တန်းကတည်းက ကွဲသွားတာ၊ ဟိုတလောလေးကမှ ပြန်တွေ့လို့ လိပ်စာပေးသွားတာနဲ့ အရင်နေ့တွေက လာလည်မလို့၊ အလုပ်မအားတာနဲ့ ဒီနေ့မှပဲ ရောက်ဖြစ်တော့တယ်"

"ဟုတ်လား. . . သမီးလာမှပဲ သားတလည်း ခရီးသွားနေတယ်ကွယ်၊ သွားတာ နှစ်ပတ်လောက်တော့ ရှိသွားပြီ၊ ဘယ်နေ့ ပြန်လာမယ်တော့ မသိဘူး"

ရဲသူနိုင်တို့ မိသားစုက သူမအား ဧည့်ဝတ်ကျေစွာ ဧည့်ခံသည်။

"အစ်မ အအေးသောက်ပါဦး၊ မုန့်လည်း စားနော်"

"ကျေးဇူးပဲ ညီမ"

"အစ်ကို့သူငယ်ချင်းထဲမှာ အစ်မလို ချောချောလှလှလေး ရှိလိမ့်မယ်တော့ မထင်ဘူး"

"မမြှောက်ပါနဲ့ ညီမရယ်၊ ညီမအစ်ကို့မှာ အစ်မထက် လှတဲ့ မိန်းကလေးသူငယ်ချင်းတွေ ရှိချင်ရှိမှာပေါ့"

အိန္ဒြေ သွယ်ဝိုက်၍ မေးလိုက်သည်။

"အစ်ကို့မှာ မိန်းကလေးသူငယ်ချင်း မရှိပါဘူး အစ်မရဲ့၊ အစ်ကိုက မိန်းကလေးတွေကို သိပ်မုန်းတာ၊ အစ်ကို့မှာ အစ်မလို သူငယ်ချင်း ရှိတာကို ညီမတို့က အံ့ဩနေတာ"



www.burmeseclassic.com

www.burmeseclassic.com



ရဲသူနိုင်၏ညီမ စကားကြောင့် သူမရင်ထဲ ငြိမ်းသွားရသည်။

"ဒီမှာ အန်တီတို့ စားဖို့ မုန့်တွေ ဝယ်လာတယ်"

"အို. . . နေပါစေ သမီးရယ်၊ အားနာစရာကြီး"

"ယူပါ အန်တီရဲ့၊ ကျွန်မက စားစေချင်လို့ ဝယ်လာတာပါ"

"မုန့်တွေကလည်း စုံနေတာပဲ အမေရဲ့"

ရဲသူနိုင်၏ညီမက အိန္ဒြေကမ်းပေးလိုက်သော မုန့်ထုပ်များကို မွှေနှောက်ရင်း ဝမ်းသာအားရ ပြောသည်။

"အခုတော့ လက်ခံလိုက်ပါမယ်၊ နောက်ဆို ဘာမှ မဝယ်ခဲ့နဲ့နော် သမီး"

"သမီးရဲ့စေတနာကို အသိအမှတ်ပြုပေးလို့ ကျေးဇူးတင်ပါတယ်၊ ရဲသူနိုင်ကို သမီးအကြွေးတွေ အများကြီး ဆပ်ဖို့ ကျန်သေးတယ်"

"အစ်ကိုရဲ့အကြွေး. . "

"ညီမ. . အဲ. . ညီမရဲ့ နာမည်က"

"မေသူပါ"

"မေသူက အပျိုကြီးဖြစ်နေပြီပဲ၊ 'မ' တို့ ငယ်ငယ်တုန်းက မေသူ မမွေးသေးဘူးနဲ့တူတယ်"

"မွေးပြီးလောက်ရောပေါ့. . . မေသူနဲ့ ရဲသူက ရှစ်နှစ်ပဲ ကွာတာ သမီးရဲ့"

"ဟုတ်လား. . . ဒါဆို မေသူက ကလေးပဲ ရှိသေးဦးမှာ"

"အော်. . . စကားပြောနေလိုက်တာ၊ သမီး ထမင်းစားပြီးမှ ပြန်ပါလား"

"နေပါစေ အန်တီရယ်၊ သမီး အခုပဲ ပြန်တော့မယ်၊ ရဲသူနိုင် ပြန်လာရင်သာ ဒီလိပ်စာကဒ်လေး ပေးပြီး သမီးဆီ ဆက်သွယ်ပါလို့ ပြောပေးပါ"

"အေး. . အေး. . သမီး"

"ဒါဆို သမီး ပြန်ဦးမယ်"

"မေသူ. . . လမ်းထိပ်လိုက်ပို့လိုက်"

"ဟာ. . . အမေ၊ သမီးတို့လည်း အစ်မလိုက်ပို့ရင်း ကားဂိတ်ကို တစ်ခါတည်း သွားရအောင်"

"မေသူနဲ့အန်တီ ဘယ်သွားကြမလို့လဲ"

"အမေက ဘုရားသွားချင်လို့တဲ့၊ ခုနက သွားမလို့၊ အစ်မ ရောက်လာတာနဲ့ မသွားဖြစ်သေးတာ"

"ဒါဆို ကျွန်မနဲ့ တစ်ခါတည်း လိုက်ခဲ့ပါ အန်တီ"

မေသူနှင့် ရဲသူနိုင်၏မိခင်ကို သူမ ကားရှိရာသို့ ခေါ်လာခဲ့သည်။

"ဟင်. . . အစ်မက ဒီကားကြီးနဲ့ လာတာ"

မေသူက တအံ့တသြ ကြည့်၍ပြောသည်။ ရဲသူနိုင် မိခင်က. . .

"သမီးက ဘာဖြစ်လို့ ကားကို အဝေးကြီးမှာ ရပ်ခဲ့တာလဲ"

"သမီး လမ်းသိပ်မကျွမ်းသေးလို့ လမ်းဆင်းလျှောက်တာပါ ကားပေါ် တက်ပါ အန်တီ"

အိန္ဒြေက ပြောပြောဆိုဆို ကားတံခါးကို ဖွင့်ပေးသည်။





☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com

"အစ်မတားကြီးက အကောင်းစားကြီးပဲနော်"

မေသူက တလေးဆန်စွာ ပွင့်ပွင့်လင်းလင်း ပြောနေသည်။

"အတတ်တယ်. . . အန်တီနဲ့ မေသူကို ဘုရားလိုက်ပို့ပေးမယ်နော်"

"သာဓုကွယ်. . သာဓု. . သာဓု"

နိုင်မင်းသူ၏အမေက သာဓုခေါ်ကာ ဆုပေးနေသည်။ မေသူက ဘေးဝဲယာကို ကြည့်၍ ပျော်ရွှင်နေသည်။

အိန္ဒြေလည်း သူတို့ကို ကြည့်၍ ဝမ်းသာပီတိ ဖြစ်နေလေသည်။

"အစ်မ. . . အိမ်ပြန်ပို့ပေးမှာလားဟင်"

ရဲသူနိုင်၏မိခင်က မေသူအား ခပ်ဖွဖွ ဆိတ်ရင်း. . .

"ဒီကောင်မလေးနော်. . . ဘုရားအထိ လိုက်ပို့ပေးပြီးပြီပဲ သူ့မှာ သွားစရာ ရှိသေးတယ် ထင်တယ်"

အိန္ဒြေဘက် လှည့်၍. . .

"အပြန်လိုက်မပို့နဲ့တော့ သမီး၊ အဒေါ်တို့ လိုင်းကားစီးပြန်မယ်၊ ဒီလောက်လိုက်ပို့တာပဲ ကျေးဇူးတင်ပါတယ်"

"ဘယ်ဟုတ်ပါ့မလဲ အန်တီ၊ ပို့မယ်ပို့ အိမ်အထိ လိုက်ပို့ပေးပါ့မယ်၊ အပြန် ဂမုန်းပွင့်ကိုတော့ ခဏလိုက်ခဲ့ပေးဦးနော် အန်တီ၊ သမီး ဝယ်စရာလေး ရှိလို့"

"ကောင်းတယ် အစ်မ၊ သမီးလည်း အဲဒီကို သွားချင်နေတာ"

"မေသူ အလိုက်မသိ မလုပ်နဲ့နော်၊ အမေ မကြိုက်ဘူး

သမီးအိန္ဒြေ အဆင်ပြေသလို လုပ်ပါ"

ဘုရားမှ အပြန် ဂမုန်းပွင့်ကုန်တိုက်သို့ ဝင်ပြီး ဝယ်စရာ ရှိသည်များ ဝယ်ခဲ့သည်။

"အစ်မ. . . ပေး၊ သမီး ဝိုင်းသယ်ပေးမယ်"

မေသူက အိန္ဒြေရှင်လက်ထဲမှ အထုပ်များကို ဝိုင်းကူဆွဲပေးသည်။

"အစ်မ ဝယ်တာတွေ အများကြီးပဲနော်"

မေသူက အားကျသော မျက်နှာလေးဖြင့်ပြောသည်။

"သမီးရေ. . . လမ်းထိပ်တင် ချခဲ့ပါကွယ်"

"မဟုတ်တာ အန်တီရယ်၊ သမီး အိမ်ရှေ့နားထိ လိုက်ပို့ပါ့မယ်"

အိန္ဒြေရှင် ရဲသူနိုင်တို့အိမ်နား ကားဝင်လို့ရတဲ့နေရာအထိ ကားမောင်းဝင်ခဲ့သည်။

"သမီး. . . ကျေးဇူးပဲနော်"

"အစ်မ အိမ်ပေါ် လိုက်ဦးမလား"

"မလိုက်တော့ပါဘူး မေသူ၊ ရော့. . . ဒါ မေသူနဲ့ အန်တီအတွက် ဝယ်ခဲ့တာ"

အိန္ဒြေ ဂမုန်းပွင့်မှ ဝယ်ခဲ့သော အထုပ်များကို မေသူ့လက်ထဲသို့ ထည့်ပေးသည်။

"ဟယ်. . . မလုပ်ပါနဲ့ သမီးရယ်. . . အားနာစရာ၊ မေသူ ပြန်ပေးလိုက်"

"အစ်မ ပြန်ယူပါ"







www.burmeseclassic.com

www.burmeseclassic.com

"သူထားလိုက်ပါ မေသူရယ်၊ အားနာစရာကောင်းရ အောင် အစိမ်းတွေမှ မဟုတ်တာ အန်တီရယ်၊ ရဲသူနိုင်နဲ့ဆိုတာ ထက်ထက်ထတည်းက သူငယ်ချင်းတွေပဲဟာ၊ အန်တီ ဒီပစ္စည်းတွေ သက်ခံချင် သမီး နောက်တစ်ခါ အိမ်ကို လာမလည်တော့ဘူး"

အိန္ဒြေစကားကြောင့် သားအမိနှစ်ယောက် ဘာမှမပြော တော့ဘဲ ငြိမ်သွားကြသည်။ သူတို့က အိန္ဒြေကို ခင်မင်နေကြလေပြီ





## အခန်း(၃၃)

အင်းလျားကန်ရေပြင်အထက် ရေများ ငြိမ်နေသည်၊ ထူးထူးခြားခြား လေကလည်း ငြိမ်နေသည်။

"ရှင် ကျွန်မကို ခေါ်တွေ့လိမ့်မယ်လို့ ကျွန်မထင်သား"

ကန်ရေပြင်ကို ငေးကြည့်နေသော ရဲသူနိုင်၏နောက်ကျော တွင် ရပ်ကာ သူမ စကားစလိုက်သည်။

ရဲသူနိုင်ကတော့ သူမကို လှည့်မကြည့်ဘဲ အင်းလျားကန် ရေပြင်ကိုသာ စူးစိုက်ကြည့်နေသည်။

"မင်း အရှက်မရှိဘူးလားဆိုတဲ့ စကားလုံးပဲ ထပ်ပြောမယ် ဆိုတာလည်း ကျွန်မသိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

အိန္ဒြေ အခဲ့စွန်ကာ ရဲသူနိုင် ထိုင်နေသော ခုံတန်းလျှာ
တွင် ဝင်ထိုင်ပြီး ပြောလိုက်သည်။ ရဲသူနိုင်က သူမ ဘေးတွင် ထ
ထိုင်လိုက်သည်နှင့် တစ်ပြိုင်နက် ခုံမှ ထရပ်လိုက်သည်။

အိန္ဒြေလည်း ထိုင်ချင်စိတ် မရှိတော့သဖြင့် ပြန်ထလိုက်
သည်။ ရဲသူနိုင်ကတော့ ကန်စောင်း မြက်ခင်းပေါ်တွင် အားပါးတ
ထိုင်ချလိုက်သည်။

အိန္ဒြေရှင်က ရဲသူနိုင်ဘေးတွင် ခြေစုံရပ်ကာ. . .

"ရှင် ကျွန်မကို စကားပြောဖို့ အစီအစဉ် မရှိရင်လည်း
အစကတည်းက မချိန်းပါနဲ့လား"

"မင်းကို ပြောရမယ့်စကားလုံး ရှာမတွေ့သေးဘူး"

"ရှင်ရှာမတွေ့ရင် ကျွန်မ ကူရှာပေးမယ်လေ၊ အိန္ဒြေမ
သိက္ခာမရှိတဲ့မိန်းမ၊ တန်ဖိုးမရှိတဲ့မိန်းမ. . . နောက်. . ."

"တော်ပါတော့ အိန္ဒြေ၊ မင်း မာယာကြားမှာ ငါတ
သားကောင်မဟုတ်ဘူးဆိုတာ မင်းသိရင် တော်ပြီ"

"ရှင့်စကားလုံးလေးက အရမ်းလှတာပဲ၊ ကျွန်မထိုင်
ရမလား"

"ရပါတယ်. . . အင်းလျားကန်က ပြည်သူပိုင်ပဲ"

"ရှင် ထမသွားနဲ့နော်"

"မင်းလာလို့ ငါထတာ၊ မင်းလို ဂုဏ်ကြီးရှင်နဲ့ မယှဉ်နိုင်
နေရာဖယ်ပေးတာပါ"

ရဲသူနိုင် ခပ်ငေါ့ငေါ့ ပြောလိုက်သည်။

"ရှင်. . မခနဲ့ပါနဲ့"





"မခနဲ့ရဲပါဘူးဗျာ. . . မင်းနဲ့ငါ အတူတွဲထိုင်တာ သူများ
တွေ မြင်သွားရင် သူဌေးသမီးရဲ့ဂုဏ်သိက္ခာတွေ ကျဆင်းသွားမှာ
စိုးလို့ပါ"

"ရှင့်စကားတွေက ပြောလေဆိုးလေပဲ"

"ငါ ဒီအတိုင်းပဲ ပြောတတ်တယ်၊ မင်းအတွက် အထူး
အဆန်း ဖြစ်နေတယ်ထင်ရင် ဆောရီးပဲ"

ရဲသူနိုင်၏မတိုမရှည် ဆံပင်စများက အင်းလျားကန်မှ
တိုက်ခတ်နေသော လေနှင့်အတူ လူးလွင့်နေသည်။ လေတိုက်၍
သူ၏ဆံပင်များ ရှုပ်ပွနေသော်လည်း တွေ့စတုန်းကထက် ပို၍
သန့်ပြန့်လာသည်ဟု အိန္ဒြေ ငေးကြည့်ရင်း တွေးနေမိသည်။

"ဘာကြည့်နေတာလဲ"

ရဲသူနိုင် သူမရဲ့အကြည့်နှင့် မျက်လုံးချင်း ဆုံမိလိုက်သည်။
အိန္ဒြေက ချက်ချင်းပင် ကန်ရေပြင်ကို အကြည့်လွှဲလိုက်သည်။

"တစ်ခါတစ်လေတော့လည်း ငါတွေးမိတယ်၊ မင်း ငါ့ကို
တကယ်နှစ်သက်နေတာလားလို့"

ရဲသူနိုင်စကားကြောင့် သူမရင်ထဲ 'ဒိန်း'တနဲ ဆောင့်တက်
သွားသည်။

"ဒါ အတွေးအမှားပါ၊ လူဆိုတာ ကိုယ့်ဘက် အသာနဲ့
တွေးတတ်ကြတာပဲဟာ၊ ဘာပဲဖြစ်ဖြစ် ငါ မင်းကို တားချင်တာ
ရှိတယ်"

"ဘာကိုလဲ"

"မင်း ငါနဲ့ ငါ့မိသားစုကို ဘာမှ မပတ်သက်ပါနဲ့၊ မင်း


www.burmeseclassic.com

www.burmeseclassic.com

ဝယ်ပေးခဲ့တဲ့ပစ္စည်းတွေရဲ့တန်ဖိုးလည်း ငါပြန်ပေးပါ့မယ်”

“ကျွန်မ ရှင့်ကို ဝယ်ပေးတာမှ မဟုတ်တာ၊ ရှင် ပြန်ပေးစရာ မလိုပါဘူး”

“ဘယ်သူ့ပေးပေးကွာ. . . အဲဒီလို မိသားစုနဲ့ အတင်းဝင်လုံးတာ ငါမကြိုက်ဘူး၊ မင်းရဲ့ရည်ရွယ်ချက်က ဘာလဲ၊ အဲလိုလုပ်တာ ငါအမုန်းဆုံးပဲ”

“ရှင် မုန်းမှာ ကျွန်မ မကြောက်ပါဘူး”

“မကြောက်ရင် ဘာလို့ ငါနဲ့ လာပတ်သက်သေးလဲ၊ ငါတို့အိမ်ကို ဘာလို့ လာသလဲ”

ရဲသူနိုင်အသံက အနည်းငယ် ကျယ်လောင်သွားသဖြင့် တန်ဘောင်ပေါ်တွင် လမ်းလျှောက်သူများက သူတို့နှစ်ဦးဆီသို့ အကြည့်များ ရောက်ရှိသွားသည်။

ရဲသူနိုင် အတွင်းစိတ်ကလေးက အားနာတတ်သည်မို့ အတန်ငယ် တိတ်ဆိတ်သွားသည်။

“ရှင်က သိပ်ချစ်ဖို့ကောင်းတယ် သိလား”

“မင်း အရှက်မရှိဘူးလား၊ ငါ ဒီလောက် ဒေါသထွက်နေတာတောင် မင်းက. . .”

“မဟုတ်ပါဘူး. . . ရှင့်မှာ သူများ နစ်နာအောင် မလုပ်တတ်တဲ့အကျင့်ကို ချစ်ဖို့ကောင်းတယ် ပြောတာပါ၊ ရှင့်ရဲ့အပြောအဆို ခံနိုင်မှ ကျွန်မ ရှင်နဲ့ လာတွေ့မှာပေါ့. . . မဟုတ်ဘူးလား”

အိန္ဒြေရှင်၏မချိုမချဉ် မျက်နှာလေးက နူးညံ့ပြီး အပြုံးကင်းနေသယောင်။





“တော်ပြီ. . . ငါပြန်တော့မယ်၊ နောင် ငါနဲ့ လာမပတ်သက်နဲ့”

ရဲသူနိုင် ဆတ်ကနဲ ထရပ်ကာ ပြောလိုက်သည်။ အိန္ဒြေရှင်က ရဲသူနိုင်၏လက်ကို ဆတ်ကနဲ လှမ်းဆွဲပြီး ချက်ချင်းပြန်လွှတ်ကာ

“ဆောရီးပဲ ရဲသူ၊ ကျွန်မ ရှင်မကြိုက်တာတွေ လုပ်မိပြန်ပြီ”

ရဲသူနိုင် သူ့အား မော့ကြည့်ကာ တောင်းပန်လိုက်သော အိန္ဒြေရှင်မျက်နှာလေးကို ရင်ထဲ စွဲမက်သွားမိသည်။ ကြောင်တောင်တောင်နှင့် မတ်တတ်ရပ်ကာ ခြေလှမ်းမရွှေ့ဘဲ အချိန်အနည်းငယ်အတွင်း သူ ကျောက်ရုပ်တစ်ရုပ် ဖြစ်သွားသည်။

“ရှင့်ဆန္ဒတွေအားလုံး ကျွန်မ ဖြည့်ပေးချင်တဲ့သူပါ၊ ကျွန်မ ရှင့်အတွက် ကိစ္စတော်တော်များများကို အလွယ်တကူ လုပ်ပေးနိုင်ပေမယ့် ရှင်နဲ့ မပတ်သက်ဖို့ကိုတော့ ကျွန်မ အတော်ကြိုးစားရလိမ့်မယ်၊ ဒါပေမယ့် ကျွန်မကြိုးစားပါ့မယ်၊ ရှင့်ကို ကျွန်မ အရင်ကျောခိုင်းသွားပါရစေ”

အိန္ဒြေရှင် မျက်ရည်နှင့် ရောထွေးနေသော စကားလုံးများဆုံးသည်နှင့် ရဲသူနိုင်ကို ကျောခိုင်းထွက်ခွာသွားသည်။


ရဲသူနိုင်တစ်ယောက် အိန္ဒြေရှင်၏ကျောပြင်ကို ငေးကြည့်ကာ တွေတွေကြီး ကျန်နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၃၄)

"ရဲသူနိုင်"

လှမ်းခေါ်သံကြောင့် အသံလာရာဘက်သို့ လှမ်းကြည့်လိုက်သည်။

"ဗြော်. ."

ပုံနှိပ်တိုက်ထဲမှ ထွက်လာသော ဟန်မောင်ကို လှမ်းတွေ့သည်။ ရင်းနှီးသော သူငယ်ချင်း မဟုတ်သော်လည်း တစ်ရပ်ကွက်တည်း၊ တစ်လမ်းတည်း၊ တစ်ကျောင်းတည်းသားချင်းမို့ မေးထူးခေါ်ပြောတော့ ရှိသည်။

ဟန်မောင် အတော်ကို ပိန်သွားသည်။ ရက်ပိုင်းအတွင်း





သိသိသာသာ မျက်နှာချောင်သွားသည်။

"အထဲခဏဝင်ဦးကွာ၊ မင်းကို မေးစရာလေးတွေ ရှိလို့"

ဟန်မောင်က တရင်းတနှီး ပခုံးကို သိုင်းဖက်ကာ ခေါ်သဖြင့် ရဲသူနိုင် အားနာပါးနာဖြင့် လိုက်ဝင်ခဲ့သည်။

"လာကွာ. . ထိုင်. . ရေနွေးလည်းသောက်"

"ဘာမေးစရာ ရှိလို့လဲ"

"ငါ မင်းသတင်းသဲ့သဲ့ ကြားတယ်၊ မင်းအနား ကောင်မလေးတစ်ယောက် အတင်းလိုက်နေတယ်ဆိုကွ"

"ငါ့ညီမ လျှောက်ပြောတာ ဖြစ်မှာပါကွာ"

"ပေါ့ပေါ့လေး မဖြေပါနဲ့ကွာ၊ ငါ့အတွက် ဒီမေးခွန်းက အရေးကြီးလွန်းလို့ပါ"

"မင်းနဲ့က ဘာပတ်သက်နေလို့လဲ"

ဟန်မောင်၏ပျာပျာသလဲ ဖြစ်နေသော အမူအရာကြောင့် ရဲသူနိုင် စိတ်ဝင်စားသွားသည်။

"ငါ့ကောင်မလေးနဲ့ ပတ်သက်မယ် ထင်လို့"

"အိန္ဒြေရှင် ဘာတွေ ရှုပ်ထားလို့လဲ"

"အိန္ဒြေရှင်. . အိန္ဒြေရှင်. . ဟုတ်ပြီ. . ဟုတ်ပြီ. . သူပဲ သူပဲ၊ ငါ့ကို အရူးလုပ်သွားတာ သူပဲ၊ ဟိုကောင်တွေကို ဖုန်းဆက်ခေါ်ရမယ်၊ မင်း ခဏလေး ငါတို့အတွက် အချိန်ပေးပါကွာ"

ဘာမှန်းမသိ နားမလည်ဖြစ်နေသော်လည်း သူ အလွယ်တကူ ခေါင်းညိတ်လိုက်သည်။

ခဏအကြာ ဟန်မောင်၏သူငယ်ချင်းများ တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ပြီးတစ်ယောက် [illegible]ကြသည်။

“[illegible]”

“[illegible]တယ် . . . ညို့မှုန်ခင်၊ သက်နှင်းစံ၊ လှကေသီဟန်၊ [illegible] . . . သူတို့တွေဟာ အိမ်ခြွေရှင်ပဲ”

ရဲသူနိုင် ဟန်မောင်တို့အုပ်စုနှင့် အိမ်ခြွေရှင် ပတ်သက်မှု [illegible] ရှင်းလင်းစွာ သိရှိသွားသည်။

“ကြောက်စရာကောင်းလိုက်တဲ့ မိန်းမမာယာပဲ”

“အဲဒီမာယာမှာပဲ ငါတော့ နစ်သက်နေပြီ”

ဟန်မောင်က စိတ်ပျက်လက်ပျက်နှင့် ပြောသည်။ အားလုံး [illegible]မျက်နှာကလည်း မကောင်းကြချေ။

“ငါတို့ ဘာများ အိမ်ခြွေအပေါ် နာကျင်အောင် လုပ်ခဲ့မိလို့ ထဲ”

“အကြောင်းတော့ ရှိလိမ့်မယ် ထင်တယ်”

“သူနဲ့ တို့အုပ်စု ဆုံပြီး မေးကြည့်ရင် ကောင်းမယ်”

“သူ ဘယ်မှာရှိမှန်း မင်းသိလို့လား ဟန်မောင်ရ”

“ရဲသူနိုင် သိမှာပေါ့၊ ဟုတ်တယ် မဟုတ်လား”

ဟန်မောင်က ရဲသူနိုင်ဘက် လှည့်ကာ ပြောလိုက်ခြင်း ဖြစ်သည်။ ငြိမ်၍နားထောင်နေသော ရဲသူနိုင်ကို အားလုံးက မျှော်လင့်တကြီး ဝိုင်းကြည့်သည်။

“သူ့ဖုန်းနံပါတ်နဲ့ အိမ်လိပ်စာကဒ်တော့ ရှိတယ်”

“သူ့ဆီ ဖုန်းဆက်ပြီး ငါတို့အားလုံး သွားတွေ့ရမယ်”

“သူ သတ်ခံပါ့မလား”





“လက်ခံခံ မခံခံကွာ၊ ငါတို့ရင်ထဲ ရှင်းသွားအောင် သူနဲ့ တွေ့မှဖြစ်မယ်”

“သူ ငါတို့ကို တွေ့တော့မှာ မဟုတ်ဘူးကွ”

“ဟုတ်တယ် . . . ငါတို့ကို အဆက်အသွယ် လုံးဝဖြတ်သွားတာ ငါတို့ကို မတွေ့ချင်တော့လို့ နေမယ်”

“ငါတို့ သူ့အကြောင်း သိသွားတာ သူသိမှာ မဟုတ်သေးဘူး”

“ဘာကြောင့် ငါတို့ကို ဒီလိုလုပ်ရတာလဲ၊ အကြောင်းတော့ ရှိမယ်၊ သူ နှိပ်စက်ချင်ရင် ဒီထက်ကြာကြာ နှိပ်စက်လို့ ရသားနဲ့”

ဟန်မောင်တို့အုပ်စု တစ်ယောက်တစ်ပေါက် ပြောဆိုနေကြသည်။

“အောင်ထွန်းခန့်ကကွာ . . . မင်းပဲ အနှိပ်စက်ခံနိုင်တာ၊ ငါတို့တော့ မခံနိုင်ပါဘူးကွာ၊ နှင်းနဲ့ကိစ္စတောင် ပြဿနာ အတော်လေးကို တက်နေတာ၊ နှင်းကို ငါတောင်းပန်လည်း နှင်းက သူ့ကို ပြန်လက်မတွဲပါနဲ့တဲ့ကွာ”

နိုင်မင်းသူက ဆွေးဆွေးမြေ့မြေ့နှင့် ပြောသည်။

“ဘာပဲဖြစ်နေနေ ငါကတော့ ကေသီတို့ မေ့လို့မရအောင် ချစ်နေပြီကွာ၊ သူငယ်ချင်းတို့ ကူညီကြပါဦး”

ဟန်မောင်က အရူးတစ်ပိုင်းဖြစ်နေသော အမူအရာဖြင့် ပြောသည်။

“ငါလည်း မင်းလိုပါပဲကွာ၊ မိန်းကလေး အချောအလှတွေ အများကြီးထဲက သူ့ကိုမှ စွဲစွဲလမ်းလမ်း ဖြစ်ခဲ့တာကွ”



www.burmeseclassic.com

www.burmeseclassic.com

"ဟော့ကောင် လင်းဟိန်းဇံ . . ဘာတွေးနေတာလဲ၊ အကြံဉာဏ်လေး ထုတ်ဦးမှပေါ့ကွ"

"ငါလည်း စဉ်းစားနေပါတယ်ကွာ"

"လင်းဟိန်းဇံ မင်းသေချာစဉ်းစားကွာ၊ မင်းအကြံက ကောင်းတတ်တယ်"

"ရော့ကွာ. . . ဒါ အိန္ဒြေ ငါ့ကို ပေးထားတဲ့ လိပ်စာကဒ်၊ ကြည့်ကြတော့မယ်ကွာ"

ရဲသူနိုင်က သူ၏အိတ်ကပ်ထဲမှ အိန္ဒြေရှင်၏လိပ်စာကဒ်တို့ ထုတ်ပေးလိုက်သည်။

ရဲသူနိုင် ကမ်းပေးသော လိပ်စာကဒ်ကို တစ်ယောက် တစ်လှည့်စီ ယူကြည့်လိုက်ကြသည်။

"ရဲသူ. . . ခဏလေး နေဦးကွာ၊ မင်းကို အကူအညီ တောင်းစရာရှိလို့"

လင်းဟိန်းဇံက သူ့ဆီ နောက်ဆုံးရောက်လာသော လိပ်စာကဒ်လေးကို ကြည့်ပြီး ရဲသူနိုင်ကို အပြေးကလေး လိုက်ခေါ်လိုက်သည်။







## အခန်း(၃၅)

ဖုန်းစပီကာ(အသံချဲ့စက်)ကို ဖွင့်ထားသည်။ ငါးဦးစလုံး၏ရင်တွင်း၌လည်း လှုပ်ရှားနေကြသည်။

ဖုန်းသံ "တူ. . တူ. . တူ" နှင့် မြည်နေသည်။

ဖုန်းဝင်နေသောအသံဖြစ်သည်။

သူမဖုန်းနှင့် အလှမ်းကွာနေဟန် ရှိသည်။ အားလုံး စိတ်ဝင်တစားနှင့် ရင်ခုန်စွာ စောင့်စားနေကြသည်။

"ဟဲလို. . "

သာယာချိုအေးသောအသံကို ကြားရသည်မှာ နှမ်းမည် လေးခု ငါးခု ပိုင်ရှင်၏အသံဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အိန္ဒြေရှင်လား"

"ဟုတ်တဲ့ ပြောပါ. . . အိန္ဒြေပါ"

"ကိုယ် ရဲသူနိုင်ပါ"

"ရှင်"

"အံ့ဩသွားတာလား အိန္ဒြေ"

"ဟုတ်တယ်. . . ရှင်ဖုန်းဆက်တာကိုရော၊ ရှင့်အသံ နူးညံ့သွားတာကို ကျွန်မ အရမ်းအံ့ဩနေမိတယ်၊ ကျွန်မ အိပ်မက်မက်နေမှာ မဟုတ်ပါဘူးနော်"

"အံ့ဩစရာ မလိုဘူး၊ မင်း အိပ်မက် မက်နေတာလည်း မဟုတ်ဘူး၊ ကိုယ် မင်းကို တောင်းဆိုစရာရှိတဲ့အတွက် ကိုယ့်လေသံဟာ နူးညံ့ကောင်း နူးညံ့နေလိမ့်မယ်၊ ဒါပေမယ့် ကိုယ်နဲ့မင်း ပတ်သက်မှုကတော့ အရင်အတိုင်းပဲ"

"ရှင့်မှာ တောင်းဆိုစရာ ရှိတယ်ဆိုတော့ ကျွန်မအရမ်း ပျော်သွားပြီ၊ စိတ်ချ. . . ရှင့်တောင်းဆိုမှုတွေကို ကျွန်မ တတ်နိုင်သလောက် လိုက်လျောနိုင်အောင် ကြိုးစားမယ်၊ ဒါ ရှင့်ကို တောင်းပန်ခြင်းပေါ့"

"ဒါဆို မနက်ဖြန် မင်းနဲ့ တွေ့ချင်တယ်"

"အချိန်နဲ့နေရာသာ ပြောပါ၊ ကျွန်မ ရောက်အောင် လာခဲ့ပါမယ်"

"ကိုယ့်အပြင် တခြားသူတွေ ပါလာရင် မင်းပြန်မသွားဘူးလို့ အာမခံနိုင်ရဲ့လား"

"ကျွန်မဘဝမှာ နောက်ဆုတ် လှည့်ပြန်တတ်တဲ့အကျင့်မရှိပါဘူး"

"မနက်(၁၀)နာရီ တွေ့မယ်၊ နေရာကတော့ မင်းတို့အိမ်ဆို ရမလား"

"ရပါတယ်. . . ရှင့်ကို မနက်စာနဲ့ ဧည့်ခံပါ့မယ်"

"မလိုပါဘူး. . . မင်း ကိုယ့်မိတ်ဆွေတွေကို ဧည့်ဝတ်ကျေရင် တော်ပါပြီ"

"ရှင့်မိတ်ဆွေက ဘယ်နှစ်ယောက်တောင် ပါလာမှာလဲ"

"လေးယောက်"

အိန္ဒြေ သံသယတော့ အဝင်သား။ ကျိန်းသေပါပြီ။ ဟိုလေးယောက်ပဲ ဖြစ်မည်။

"ရပါတယ်ရှင်. . . ရှင့်အတွက် ကျွန်မ ဘာမဆို လုပ်ပေးဖို့ အသင့်ပြင်ပြီးသားပဲလေ၊ ကျွန်မအခန်းတစ်ခန်းမှာ အေးအေးဆေးဆေး စကားပြောနိုင်အောင် စီစဉ်ထားပါ့မယ်"

"ဒါဆို ဒါပဲနော်"

ရဲသူနိုင် ဖုန်းခလုတ်ကို ပိတ်လိုက်သည်။ ရင်တွင်း ခံစားချက်ကိုတော့ သူကိုယ်တိုင် နားမလည်နိုင်ချေ။

"အိန္ဒြေ ငါတို့ ပါမယ်ဆိုတာ သိနေသလိုပဲ"

"ဟုတ်တယ် အောင်ထွန်းခန့်၊ တို့လာမှာကို အိန္ဒြေ ဓာတ်ပေါက်ပုံရတယ်"

"သိရင်လည်း ပြီးတာပဲကွာ၊ ဒါနဲ့ ငါတို့မနက် အိန္ဒြေနဲ့ တွေ့ရင် ဘာပြောကြမလဲ"

"ငါကတော့ အရမ်းချစ်တာပဲလို့ အရင်ပြောပစ်လိုက်မယ်"







www.burmeseclassic.com

www.burmeseclassic.com



"ဟန်မောင်ရေ . . . မရှုစမ်းပါနဲ့ကွာ၊ ဒီမှာ ဦးနှောက်စားရ တဲ့ကြားထဲ"

လင်းဟိန်းဇံက ဒေါသသံဖြင့် အော်လိုက်သည်။

"တော့ကောင် လင်းဟိန်းဇံ၊ မင်းလေသံမာမာနဲ့ မပြောနဲ့ကွ၊ ဟန်မောင် အိန္ဒြေကို မစွန့်လွှတ်နိုင်တာ သူတင် မဟုတ်ဘူး၊ ငါလည်း ပါတယ်"

"မင်းတို့ဘက်ကပဲ စွတ်တွေးမနေနဲ့လေ၊ အခုဟာက အိန္ဒြေ ငါတို့ကို အရှုးလုပ်ထားတာ၊ မင်းတို့ ဆက်ရှုးမနေနဲ့"

နိုင်မင်းသူက လင်းဟိန်းဇံဘက်မှ လိုက်ကာ ပြောလိုက်သဖြင့် အားလုံးငြိမ်သွားသည်။ ရဲသူနိုင်ကတော့ သူတို့ကြားထဲ တန့်လန့်ကန့်လန့် ဖြစ်နေသည်။

"ဒါဆို ငါတို့ ဘာလုပ်သင့်သလဲ၊ အိန္ဒြေရှင်ကို မုန်းမေ့ပစ်ရမှာလား၊ ငါတော့ မလွယ်ဘူးကွာ"

ဟန်မောင် စိတ်ညစ်ညစ်နှင့် ညည်းတွားလိုက်သည်။

"ဟေ့ကောင် . . . အတူတူပဲ၊ ငါလည်း မင်းလို ခံစားနေရတာပဲ၊ သိပ်မညည်းနဲ့ . . . နားခါးတယ်"

အောင်ထွန်းခန့် ဟန်မောင်ကို ကြည့်ရင်း မဲ့၍ပြောလိုက်သည်။

"အိန္ဒြေရှင်က သိပ်ပြောင်းလဲသွားတာနော်"

"ဟုတ်တယ် . . . လွန်ခဲ့တဲ့ဆယ်နှစ်ပုံစံနဲ့ တစ်ခြားစီ ဖြစ်သွားတော့ ငါတို့ သူ့ကို ဘယ်မှတ်မိပါ့မလဲ"

"အဲဒီမမှတ်မိတာကိုက သူ့အတွက် နိုင်ကွက်ဖြစ်သွားတာ"

"မင်းတို့ကို ငါမေးရဦးမယ်"

လင်းဟိန်းဇံ သေချာစွာ စဉ်းစားထားဟန်ဖြင့် မေးခွန်းထုတ်သည်။

"မင်းတို့ အိန္ဒြေကို လုံးဝ မေ့ပစ်နိုင်လား"

အားလုံး ခေါင်းကို လေးပင်စွာ ခါယမ်းပြီး အဖြေပေးကြသည်။

"မုန်းပစ်ဖို့ကော ကြိုးစားနိုင်လား"

"No ပဲ . . . လုံးဝပဲကွာ"

ဟန်မောင်က အရင်ဖြေသည်။ ကျန်တဲ့သူများကလည်း ထိုနည်းတူပင် ဖြေကြသည်။ ရဲသူနိုင်ကတော့ မိမိကိုယ်ကို ပြန်၍မေးကာ ဖြေကြည့်နေမိသည်။

"ဒါဆိုရင် ငါ ဆုံးဖြတ်ချက်တစ်ခု ချထားတယ်"

"ဘာကိုလဲ . ."

"ငါတို့ထဲက တစ်ယောက်ကို ရွေးဖို့ သူ့ကို တောင်းဆိုရမှာပဲ၊ သူ့ရွေးချယ်မှုကိုလည်း ငါတို့ ကျေနပ်စွာ လက်ခံရမယ်"

"လင်းဟိန်းဇံ ပြောတာ နည်းလမ်းကျပါတယ်၊ ဒါပေမယ့် အိန္ဒြေက ရဲသူနိုင်ဘက်ကို မဲသာနိုင်တယ်"

"ဟာ . . . ငါ ဒီအရှုပ်အရှင်းထဲမှာ မပါပါဘူး၊ ငါနဲ့ အိန္ဒြေက ဘာမှလည်း မဆိုင်ပါဘူး"

"အင်း . . . အသေအချာ တွေးရင် ဖြစ်ခဲ့တဲ့ ပြဿနာတွေမှာ အိန္ဒြေက အစပျိုးခဲ့တာဆိုပေမယ့် ငါတို့ ဘာလုပ်ခဲ့မိတာလဲ







www.burmeseclassic.com

www.burmeseclassic.com

ဆိုတာ စဉ်းစားလို့ မရတာခက်တယ်"

"အကြောင်းတော့ ရှိရမယ်ကွ၊ အိန္ဒြေက ငယ်ငယ်တုန်းက ပိန်ပိန်လေးမို့ ငါတို့ ဝိုင်းစမိခဲ့သေးသလား"

"ငါတို့က သူ့ကို ခင်ချင်လို့ စခဲ့တာပါကွာ၊ သူက မခင်ဘဲ မျက်နှာတည်ကြီး လုပ်နေလို့ မခင်ဘဲ ပိုစဖြစ်သေးတယ်"

"မင်းနဲ့ ငါတို့က သူ့ကို စခဲ့လို့ဆိုရင်တော့ ထားပါတော့၊ လင်းဟိန်းဇံလို မစတတ်တဲ့ကောင်ကို ဘာလို့ လုပ်ရတာလဲ"

"အကြောင်းတော့ ရှိလိမ့်မယ်"

လင်းဟိန်းဇံ စဉ်းစားရင်း ပြောသည်။

"မနက်ဖြန် ငါမလိုက်လို့ မရဘူးလား"

"ဟာ. . . ရဲသူနိုင်ရာ မလုပ်ပါနဲ့၊ တောင်းပန်ပါတယ်ကွာ၊ မင်းနဲ့ ချိန်းထားတာ မင်းမပါရင် ငါတို့ ခြံအဝက နောက်ကြောင်းပြန်လှည့်နေရဦးမယ်"

အောင်ထွန်းခန့်က ရဲသူနိုင်ကို တောင်းတောင်းပန်ပန်နှင့် ပြောသည်။ သူလည်း အိန္ဒြေကို တွေ့ချင်နေသေးသည်။ ဘာလို့ သူ့အပေါ် စိတ်မနာနိုင်သေးသည်လဲ ... တော့ သူ့နှလုံးသားကိုပင် အဖြေစ်တင်ရပေလိမ့်မည်။







## အခန်း(၃၆)

"ကျွန်မ ရှင်တို့ ပါလာမယ်မှန်း သိလို့ အေးအေးဆေးဆေး စကားပြောရအောင် စာကြည့်ခန်း ရှင်းထားပေးတယ်"

သူတို့အားလုံး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိသည်။ အိန္ဒြေက ဦးဆောင်ကာ စာကြည့်ခန်းတွင်းသို့ ခေါ်လာခဲ့သည်။

စာကြည့်ခန်းအလယ်တွင် စားပွဲရှည်ကြီးတစ်လုံး ရှိသည်။ ထိုစားပွဲ၏ပတ်ပတ်လည်တွင် ထိုင်ခုံရှစ်ခုံက ဝိုင်းရံထားသည်။

ထိုင်ခုံရှစ်လုံးတွင် မိန်းကလေးနှစ်ဦးက အဆင်သင့် ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါ အိန္ဒြေ့သူငယ်ချင်း ညို့မှုးခင်နဲ့ ရှင်းသန့်မွန်ပါ၊ ကျန် နှစ်ယောက်ကတော့ အချိန်မီ ဆက်သွယ်လို့ မရလို့ မလာနိုင်ဘူး"

အိန္ဒြေက သူမ၏သူငယ်ချင်းများနှင့် စ၍မိတ်ဆက်ပေးသည်။ အားလုံး ထိုင်ခုံတစ်လုံးစီတွင် ဝင်ထိုင်ကြသည်။ အားလုံး၏ မျက်နှာများက အိန္ဒြေဆီသာ စုပုံကျရောက်နေသည်။

အိန္ဒြေရှင် အတန်ငယ် ငြိမ်နေပြီးမှ အကြောင်းစုံကို ရှင်းပြလိုက်သည်။

"ရှင်တို့အားလုံးကို ကျွန်မတောင်းပန်ပါတယ်"

"မင်း တောင်းပန်စကား တစ်ခွန်းနဲ့ မပြီးနိုင်ဘူး ကေသီ မင်းဟာ ကိုယ့်ရဲ့ကေသီပဲ"

ဟန်မောင် ထိုင်နေရာမှ ထရပ်ပြီးပြောသည်။ နိုင်မင်းသူက ဟန်မောင်လက်မောင်းကို ဆွဲကာ ထိုင်ခိုင်းလိုက်သည်။

"အိန္ဒြေ. . . မင်း ဒီလုပ်ရပ်တွေဟာ အလွန်ကို အောင်မြင်သွားတာ မင်းသိပါတယ်နော်"

လင်းဟိန်းဇံ၏မေးခွန်းကို အိန္ဒြေ ခေါင်းငုံ့ကာ ဝန်ခံနေရသည်၊

"မင်းရဲ့လှည့်စားမှုတွေကြောင့် သူများတွေ အတော် ထိခိုက်နစ်နာ ခံစားနေရတယ်ဆိုတာ မင်းသိမှာပါ၊ ဒီအတွက် မင်းဘက်က ပေးဆပ်မှုတစ်ခုတော့ လုပ်ပေးသင့်တယ်"

"ဒါကတော့ ရှင်တို့တုန်းကလည်း ကျွန်မအတွက် ထိခိုက်နာကျင်စေခဲ့တာလဲ"

"တို့က ဘာတွေလုပ်ခဲ့လို့လဲ၊ မင်းအပေါ် စနောက်ခဲ့တာ ခင်မင်မှုအတွက်ကလွဲရင် ကြိုတင်ကြံစည်မှု မပါတဲ့ ထိခိုက်စေမှုပါ"

"ကျွန်မ သဘောပေါက်ပါပြီ ကိုလင်းဟိန်းဇံ၊ ဒီအတွက် ကျွန်မမှာ အပြစ်ရှိတယ်ဆိုတာ ကျွန်မသိပါတယ်"

"ဒါဆိုလည်း မင်းဘက်က သိတတ်သင့်တာပေါ့"

"ရှင်တို့က ဘာတောင်းဆိုချင်တာလဲ"

"ကိုယ်တို့ထဲက တစ်ယောက်ယောက်ကို ရွေးပေးဖို့နဲ့ နိုင်မင်းသူအတွက် နှင်းကို ပြန်ရှင်းပြပေးဖို့ပါ"

"နှင်းကို ပြန်ရှင်းပြဖို့က ကျွန်မအတွက် မခက်ပါဘူး၊ ဒါပေမယ့်. . ."

"မင်း ကိုယ်တို့ထဲက တစ်ယောက်ယောက်ကို ရွေးဖို့ ခက်နေတယ် မဟုတ်လား"

အောင်ထွန်းခန့်က အိန္ဒြေစကား မဆုံးခင်ပင် ကြားဖြတ်ပြောသည်။ လင်းဟိန်းဇံက ခေါင်းကို လေးတွဲ့စွာ ခါရမ်းရင်း. . .

"ဒီစကားမျိုးကို ပြောမိတဲ့ ကျွန်တော့်ပါးစပ်ကို ရှက်မိတယ်၊ မိန်းကလေးတစ်ယောက်ကို သူငယ်ချင်းတွေအားလုံး ဝိုင်းကြိုက်အောင် လုပ်ခဲ့တဲ့ အဓိက တရားခံဟာ မင်းပဲ၊ ငါ မင်းကို မုန်းလည်း မုန်းတယ်"

လင်းဟိန်းဇံ အသံတိမ် ပျောက်ကွယ်သွားသည်။

"ကျွန်မ အဲဒီလောက် မရည်ရွယ်ခဲ့တာ အမှန်ပါ"

"ကေသီ. . . ကိုယ်တို့ထဲက တစ်ယောက်ယောက်ကို သက်ခံပါ၊ ဒါမှ ကိုယ်ခံစားရတာတွေ သက်သာသွားမှာ"

ဟန်မောင်က ဟန်မဆောင်နိုင်စွာ ဝင်ပြောသည်။




☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



"တိုယ့်တို မိန်းကလေးတွေနဲ့ တွဲတယ်ဆိုပြီး အမှတ်မလျှော့
လိုက်နဲ့ တိုယ် မင်းကလွဲရင် အခြားဘယ်မိန်းကလေးနဲ့မှ မတွဲတော့
ဘူးလို့ ကတိပေးပါတယ်"

အောင်ထွန်းခန့်က ရဲဝံ့စွာ ကတိတွေ ပေးနေသည်။

"ရှင်တို့တစ်ဦးချင်းမှာ အရည်အချင်းကောင်းတွေ ရှိမှန်း
ကျွန်မသိပါတယ်၊ ဒါပေမယ့် ကျွန်မမှာ ချစ်ရမယ့်သူ ရှိနေတယ်"

ရဲသူနိုင်ဘက်သို့ တစ်ချက်စောင်းငဲ့ကြည့်ကာ ပြောလိုက်
ခြင်းဖြစ်သည်။

"သေချာလို့လား ကေသီရယ်၊ ကိုယ်တို့ကို ငြင်းချင်လို့
လျှောက်ပြောနေတာလား"

"ဟန်မောင် ပြောသလို မဟုတ်လား"

အောင်ထွန်းခန့်က အလျင်စလို ဝင်မေးသည်။ လင်းဟိန်း
ကတော့ ရင့်ကျက်နေသော လူကြီးလေသံဖြင့်. . .

"မင်းရဲ့ချစ်သူ တကယ်ရှိခဲ့ရင် ကိုယ်တို့ ဘာမှမတတ်နိုင်
ဘူး။ ဒါပေမယ့် အဲဒီချစ်သူဟာ ဟန်ဆောင်ချစ်သူ မဖြစ်စေချင်ဘူး
အဲဒီချစ်သူကို ကိုယ်တို့နဲ့ မိတ်ဆက်ပေးရမယ်၊ နောက် အဲဒီလူနဲ့
မင်္ဂလာဆောင်ကို ကိုယ်တို့ရှေ့မှာ ကျင်းပပေးရမယ်"

"ကျွန်မမှာ ချစ်သူရှိတာ အမှန်တကယ်ပါ။ ဒါပေမယ့် အဲ
ချစ်သူက ကျွန်မကို ချစ်မချစ် မသေချာသေးလို့ ရှင်တို့ကို ခေါ်
နိုင်သေးတာ ခွင့်လွှတ်ပါ"

"မင်းရဲ့မာယာက ဒါအကုန်ပဲလား အိန္ဒြေ၊ မင်း သူတို့
လက်မခံချင်တိုင်း လှည့်ပတ်ငြင်းမနေပါနဲ့၊ အဲဒါကြောင့် ငါ မင်း





မုန်းတာ"

ရဲသူနိုင်၏မျက်လုံးက အိန္ဒြေ သူ့ကို ကြည့်နေသော
မျက်လုံးအစုံကို ရှောင်လွှဲရင်း ဒေါသလေသံဖြင့် ပြောလိုက်သည်။

"ကျွန်မအတွက် ရှင်တစ်ယောက် မုန်းတာနဲ့ မလွမ်း
လောက်ပါဘူး ကိုရဲသူနိုင်၊ ကျွန်မ ရှင့်ဧည့်သည်တွေကို ဧည့်ဝတ်
မကျေနိုင်တာ ခွင့်လွှတ်ပါ"

အိန္ဒြေရှင်က တုန်ရီနေသောလေသံဖြင့် ပြန်ပြောပြီး
စာကြည့်ခန်းထဲမှ ထွက်ခွာသွားသည်။

ရဲသူနိုင်အပါအဝင် လင်းဟိန်းဇံတို့အုပ်စုသည် အိမ်ရှင်
ထားခဲ့ခြင်း ခံရသော ဧည့်သည်များအဖြစ် ကြောင်တောင်တောင်
ကျန်ခဲ့သည်။

"ရှင်တို့ ပြန်ကြပါတော့၊ အိန္ဒြေကို ကျွန်မတို့ ချော့ထား
လိုက်ပါ့မယ်"

"ဟုတ်ပါတယ်. . . အိန္ဒြေရဲ့စိတ်က တွေးရသိပ်ခက်တယ်၊
ရှင်တို့အတွက် အကောင်းဆုံးဖြစ်အောင်တော့ ကျွန်မတို့ ရှင်းပြပေး
ပါ့မယ်"

ညို့မှူးခင်နှင့် ရှင်းသန့်မွန်တို့၏စကားများကြောင့် သူတို့
အားလုံး အိန္ဒြေတို့အိမ်မှ ပြန်ထွက်လာခဲ့ကြသည်။

"ဟေ့ကောင်. . . ရဲသူ၊ မင်းကွာ. . . အဆင်ပြေအောင်
မပြောဘူး၊ မင်းက မာလိုက်တာကွ"

အောင်ထွန်းခန့်က လှမ်းအပြစ်တင်သည်။

"ရှေ့နေဗွားမှပဲ ထောင်လုံးလုံးကျတယ်"



www.burmeseclassic.com

www.burmeseclassic.com




ဟန်မောင်က စိတ်ပျက်လက်ပျက် ပြောသည်။ ရဲသူနိုင် စကားမှားသွားမှန်း သိ၍ ကားပေါ် အရင်ဆုံး တက်သွားသည်။ အားလုံး ကားထဲ ဝင်ထိုင်ပြီးသည်နှင့် ကားကို အရှိန်မြင့်စွာ မောင်းထွက်ခဲ့သည်။

"အိန္ဒြေ ချက်ချင်းတော့ ဘာမှ လုပ်တတ်မှာ မဟုတ်ဘူး။ အချိန်တော့ စောင့်ကြည့်ရမယ်၊ သူ ငါတို့အတွက် အကောင်းဆုံး အဖြေပေးမှာပါ"

လင်းဟိန်းဇံက ကားနောက်မှန်မှ အိန္ဒြေတို့အိမ်ဘက်သို့ ငဲ့ကြည့်ရင်း ပြောသည်။







## အခန်း(၃၇)

"မလေးရေ. . . မလေး"

"ဘာလဲ သင်းသင်း"

သူမအား သင်းသင်းက ခေါ်နေသဖြင့် ရေချိုးခန်းအတွင်းမှ ကမန်းကတန်း ထွက်ကာ မေးလိုက်သည်။

"ဒီမှာကြည့်ပါဦး မလေးရဲ့"

သင်းသင်းက သူ့လက်ထဲမှ ပန်းစည်းများကို အားရဝမ်းသာ မြှောက်ပြသည်။

"ဘယ်သူပေးတာလဲ. . . ဘယ်သူ့အတွက်လဲ"

"မလေးနာမည်နဲ့ သတင်းစာ ပို့တဲ့ကောင်လေး လာပေး



www.burmeseclassic.com

www.burmeseclassic.com

သွားတာ၊ ပန်းစည်းတ သုံးစည်းတောင် မလေးရဲ့"

"ဒါဆိုလဲ မှန်တင်ခုံပေါ် တင်ထားခဲ့"

"ဟုတ်. . . မလေး၊ ပန်းစည်းထဲမှာ စာလား မသိဘူး ပါတယ်၊ မလေး သတိမထားမိမှာစိုးလို့"

"အေးပါဟယ်. . . ထားမှာသာ ထားခဲ့၊ ငါ့အကျီတွေ မီးပူတိုက်ထားတာ ဗီရိုထဲ ပြန်ထည့်ထားဦးနော်"

"ဟုတ်. . မလေး"

သင်းသင်း ပြုံးစိစိ လုပ်ကာ အခန်းထဲမှ အပြေးကလေး ထွက်သွားသည်။

အိန္ဒြေ ခေါင်းလျှော်ထားသဖြင့် စိုနေသော ဆံပင်များကို မျက်နှာသုတ်ပုဝါဖြင့် သုတ်ရင်း မှန်တင်ခုံရှေ့၌ သင်းသင်း တင်ထားသော ပန်းစည်းများကို လှမ်းကြည့်လိုက်သည်။

နီရဲနေသော နှင်းဆီပန်းက တစ်စည်း၊

ဖြူ၊ နီ၊ ဝါ ရောထွေးနေသော သစ္စာပန်းက တစ်စည်း။

အဖြူရောင် အပွင့်ငယ်လေးများ ဖွေးဖွေးလှုပ်နေသော နှင်းဆီငယ်လေးများက တစ်စည်း။

သူမ ဆံပင်ကို အနည်းငယ် ခြောက်သွေ့အောင် သုတ်ပြီး ထိုပန်းစည်းတွေအနီးရှိ မှန်တင်ခုံတွင် ထိုင်ချလိုက်သည်။

အနီရောင် နှင်းဆီပန်းများကြားမှ စာရွက်ခေါက်ဖြူလေးကို ထုတ်ဖတ်လိုက်သည်။

"... ကောသိအတွက် ..."

ဟန်မောင်





သူမ ဒုတိယအနေဖြင့် သစ္စာပန်းစည်းလေးထဲမှ စာခေါက်ကို ဖြန့်ဖတ်လိုက်သည်။

"... အချစ်များစွာဖြင့် သစ္စာရှိနေမယ် ..."

အောင်ထွန်းခန့်

တတိယ စာခေါက်လေးကို မဖွင့်ကြည့်ခင်ကတည်းက လင်းဟိန်းဇံမှန်း သူမသိလိုက်သည်။

"အိန္ဒြေ...ကိုယ်တို့တောင်းဆိုမှုအပေါ် ဘာသာယ မရှိစေချင်ဘူး၊ မင်းနှစ်သက်ရာ ပန်းစည်းလေးကို ကိုင်ပြီး အဲဒီပန်းစည်းပိုင်ရှင်ဆီကို လာခဲ့ပါ၊ ဘာအတားအဆီးမှ မရှိစေရပါဘူး၊ မင်းရဲ့ အဆုံးအဖြတ်ကို လေးစားစွာ ကိုယ်တို့ စောင့်မျှော်နေမယ်၊

ဒီပန်းစည်းလေးတွေကို ကိုယ်တို့ မင်းဆီ လေးစားစွာပို့ပေးလိုက်မယ်၊ လေးစားပို့ပေးနေတဲ့ ပန်းစည်းတွေက ကိုယ်တို့ရဲ့စိတ်ထဲမှာ မင်းရှိနေကြောင်း ပြနေတာ၊ မင်းပြန်ပို့မယ့် ပန်းစည်းလေးကို မျှော်လင့်တယ်"

လင်းဟိန်းဇံ

"ဟူး"

အိန္ဒြေ သက်ပြင်းသဲ့သဲ့ ချမိသည်။ ခန္ဓာကိုယ်က ရေချိုး၊ ခေါင်းလျှော်ထား၍ အေးစိမ့်နေသော်လည်း ရင်တွင်း၌ ပူလောင်မောဟိုက်နေမိသည်။

ကြည်လင်ရှင်းသန့်ပြီး တည်ကြည်သော လင်းဟိန်းဇံ၏ မျက်နှာ၊ ခန့်ညားသန့်ပြန့်သော အောင်ထွန်းခန့်၏အသွင်၊ ပြုံးရွှင်ဖော်ရွေ၍ အပြစ်ကင်းသော ဟန်မောင်၏ပုံရိပ်၊ ထိုသုံးဦးက သူမ



www.burmeseclassic.com

www.burmeseclassic.com



အား စိတ်ရှုပ်စေသည်။

သူနှင့် တွေ့လျှင် ခက်ထန်တင်းမာနေသော ရဲသူနိုင်၏ မျက်နှာက သူ၏အရေး မှန်သားပြင်ပေါ်တွင် ထင်းကနဲ ပေါ်လာ [illegible] ဆင်မိသည်။

"ငါ ရဲသူနိုင်ကို အမှန်တကယ် ချစ်မိသွားတာလား"

ရေစက်ကလေးများ စိုနေသော ဆံစလေးများကို ဘီးကျဲ[illegible]နှင့် ဖီးရင်း နှုတ်မှ ဆိုမိခြင်းဖြစ်သည်။

"ရှင် ပြတ်ပြတ်သားသား ရွေးချယ်နော် အိန္ဒြေ၊ သေချာတော့ စဉ်းစားပေါ့၊ အရင်းနှီးဆုံး ယောကျ်ားလေးဆိုလို့ သူတို့ပဲရှိတာ၊ တစ်ယောက်ကိုတော့ ရွေးလိုက်ဟာ"

"အိန္ဒြေ စိတ်ကူးမလွဲနဲ့၊ နင့်လူတွေအားလုံးက အပျံစားတွေပဲတာ၊ ဟိုရဲသူနိုင်ကိုတော့ နင့်ဦးနှောက်ထဲ မထည့်စမ်းပါနဲ့ဟာ"

"ဟုတ်တယ် အိန္ဒြေ၊ ရဲသူနိုင်ဆိုတဲ့အကောင်က နင့်ကို ခုတ်လေတဲ့ငါးပိ ရှိတယ် ထင်တာ မဟုတ်ဘူး"

ညို့မှုံးခင်နှင့် ရှင်းသန့်တို့ ပြောခဲ့သောစကားများ ပြန်ကြားယောင်နေမိသည်။

"ငါတော့ လင်းဟိန်းဇံနဲ့ သဘောအတူဆုံးပဲ၊ ပြဿနာကို စိတ်အေးအေးထားပြီး ဖြေရှင်းတတ်တယ်"

"သူ့အရည်အချင်းက လုပ်ငန်းက သင်လို့ နေမှာပါ၊ ငါကတော့ အောင်ထွန်းသန့်မှ အိန္ဒြေနဲ့ လိုက်တယ်လို့ ထင်တယ်၊ ဟန်မောင်ကြီးလည်း မဆိုးပါဘူး၊ သူက အိန္ဒြေကို အတော်ချစ်ရှာတာ"





အိန္ဒြေရှင် နားနှစ်ဖက်ကို ပိတ်ကာ ခေါင်းကို တွင်တွင် ခါယမ်းလိုက်သည်။ သူ၏ရှည်လျားနက်မှောင်သော ဆံစများ ယိမ်းထိုးလှုပ်ရှားသွားသည်။

"အိန္ဒြေ. . . ဒီပြဿနာတွေကို ရှင်ကိုယ်တိုင် ဖန်တီးခဲ့တာ၊ အဲဒါ ရှင့်အမှား. . . ရှင့်အမှား"

မှန်ထဲမှာ မြင်နေရသော အိန္ဒြေက ပြစ်တင်နေသည်။ အိန္ဒြေ ဘာလုပ်ရမှန်း မသိတော့။

"ဟိုလူတွေမှာ နင်ခံစားရတာထက် အဆပေါင်းများစွာ ခံစားနေရတယ်ဆိုတာ နင်စဉ်းစားမိရဲ့လား၊ ဘဝပေး အခြေအနေ လှလာပြီဆိုတာနဲ့ နင်လုပ်ချင်ရာတွေ အကျိုးမရှိ လျှောက်လုပ်နေတာ နင်မှန်တယ်ထင်လား၊ နင်က ခံစားမှု မရှိတဲ့ ကျောက်ရုပ်လား"

သူနှင့် ထပ်တူထပ်မျှ ဆင်နေသော မှန်ထဲက အိန္ဒြေ၏ မျက်နှာက လွန်စွာကြောက်မက်ဖွယ်ကောင်းပြီး တင်းမာခက်ထန်နေသည်။ သူ့အား အပြင်းအထန် ဆူပူကြိမ်းမောင်းနေသည်။

အိန္ဒြေ အာခေါင်ကို ခြစ်ကာ အားကုန်အော်မိသည်။ တင်းကျပ်နေသော ရင်အစုံကိုလည်း လက်နှစ်ဖက်နှင့် ဖိထားလိုက်သည်။

"သင်းသင်း. . . သင်းသင်း"

အိန္ဒြေ အော်သံကြောင့် သင်းသင်း အခန်းတွင်းသို့ အပြေးလေး ရောက်လာသည်။

အိန္ဒြေရှင် မှန်တင်ခုံပေါ်တွင် အရုပ်ကြိုးပြတ် လဲကျနေသည်။

"လုပ်ကြပါဦး. . . မလေး. . မလေး. ."



www.burmeseclassic.com


www.burmeseclassic.com



သင်းသင်းအော်သံကြောင့် တစ်အိမ်လုံးရှိ လူများ အိန္ဒြေ အခန်းထဲသို့ ရောက်လာကြသည်။







## အခန်း(၃၈)

“မင်း အားလုံးကို လိမ်ညာနေခဲ့တာ၊ ငါ့အပေါ်မှာလည်း ဘာတွေ လိမ်ညာချင်သေးလို့ ရောက်လာတာလဲ”

“ရှင် ကျွန်မကို မုန်းတာ ကျွန်မရဲ့လိမ်ညာမှုကိုလား၊ ဒါမှ မဟုတ်. . . ကျွန်မကိုလား”

အိန္ဒြေရှင်က ရဲသူနိုင်၏လက်မောင်းအစုံကို လှုပ်ခတ်ကာ မေးလိုက်သည်။

“အမှန်အတိုင်း ဝန်ခံရရင် ငါ မင်းကို အရမ်းချစ်မိနေပြီ၊ ဒါပေမယ့် မင်းကို အရမ်းကြောက်တယ်၊ ငါ ဟန်မောင်လို မခံစားချင်ဘူး”



www.burmeseclassic.com

www.burmeseclassic.com

"ရှင့်စိတ်က မာမလိုလိုနဲ့ သိပ်ပျော့ပါလား"

"ဟုတ်တယ် အိန္ဒြေ၊ ငါ သိပ်ပျော့တယ်၊ အဲဒီလို ပျော့ညံ့တဲ့ စိတ်ကြောင့် မင်းကို ငါမချစ်ရဲတာ၊ နောက်ပြီး မင်းလို ဥစ္စာမက်တဲ့သူနဲ့ ငါ့လို အညတရနဲ့ လုံးဝ မသက်ဆိုင်ပါဘူးကွာ"

အိန္ဒြေရှင် ဆုပ်ကိုင်ထားသော လက်နှစ်ဖက်ကို တွန်းဖယ်တာ လှည့်ထွက်ခဲ့သည်။ သူ အိန္ဒြေရှင်နှင့် ဆန့်ကျင်ဘက်အရပ်၊ ဘာမှမမြင်နိုင်အောင် မြူများက မဲမှောင်စွာ ပိတ်ဆို့ထားသည်။

ရဲသူနိုင် အိန္ဒြေရှင် ရှိရာဘက်သို့ ပြန်လှည့်ကြည့်တော့ အိန္ဒြေက သူ့အား စိမ်းစိမ်းကြီး ငေးစိုက်ကြည့်နေသည်။

သူနှင့် တွေ့တိုင်း စိတ်ဆိုးဆိုး စိတ်ပျော်ပျော် ပြုံးလျက်သား တွေ့ရသော အိန္ဒြေ၏နွေးထွေးသောအကြည့်များကို မတွေ့ရတော့ချေ။ အေးစက်မာကျောသော အိန္ဒြေမျက်နှာတွင် မျက်ရည်စက်များ စိုစွတ်နေသည်။

သူ၏ရင်တွင်း၌လည်း စူးကနဲ ဖြစ်သွားသည်။ အိန္ဒြေ ခန္ဓာကိုယ်လေးဆီသို့ အပြေးကလေး သွားကာ တင်းတင်းကျပ်ကျပ်တလေး ထွေးဖက်ထားလိုက်သည်။

"အိန္ဒြေ. . . မင်းကို ငါသိပ်ချစ်တယ်"

သူ အိန္ဒြေကို မလွတ်တမ်း ပွေ့ဖက်နမ်းရှုပ်နေမိသည်။

"အစ်ကို. . အစ်ကို"

ကိုယ်ခန္ဓာကို လှုပ်ယမ်း၍ အော်ခေါ်နေသော ညီမ မေသူ အသံကြောင့် သူ၏အိပ်မက်ကလေး ပျက်ပြယ်သွားသည်။

"ဘာလဲဟာ"





မေသူလက်ကို တွန်းထုတ်ကာ အော်ငေါက်လိုက်ပြီး ပျောက်ကွယ်သွားသော အိပ်မက်ကလေးကို နှမြောတသ ဖြစ်သွားမိသည်။

"အစ်ကို့သူငယ်ချင်း ရောက်နေတယ်"

"ဟေ"

ရဲသူနိုင် ဝမ်းသာသွားပြီး အိပ်ရာမှ ကမန်းကတန်း ထကာ ဧည့်ခန်းသို့ ပြေးထွက်ကြည့်လိုက်သည်။ အိန္ဒြေအထင်နှင့် ဝမ်းသာပီတိဖြစ်နေသောမျက်နှာက ဟန်မောင်ကို တွေ့လိုက်သဖြင့် ဆန့်ကျင်ဘက် ဖြစ်သွားသည်။

"အိန္ဒြေ ဆေးရုံတင်ထားရတယ် ရဲသူ"

"ဟင်. . . ဘာဖြစ်တာလဲ"

"ငါလည်း သေသေချာချာမသိဘူး၊ ငါသိသိချင်း မင်းကို အကြောင်းလာကြားတာ"

ရဲသူနိုင် လွန်စွာမှ ထိတ်လန့်သွားသည်။ အိန္ဒြေနှင့်သူ ခုနလေးကတင် တွေ့ခဲ့ကြသည်ပဲ။

"မဖြစ်နိုင်ပါဘူးကွာ"

"ဘာကိုပြောတာလဲ ရဲသူ၊ အိန္ဒြေ ဆေးရုံရောက်နေတာ မယုံလို့လား၊ မနက်ကတည်းက ဆေးရုံတင်ထားရတာတဲ့"

"ဘာ. ."

ရဲသူနိုင် အရုပ်ကြိုးပြတ် ထိုင်ချလိုက်သည်။

"ထိုင်မနေနဲ့ ရဲသူ၊ ငါတို့ ဆေးရုံကို အမြန်လိုက်သွားရအောင်၊ မင်း အဝတ်အစားလဲဦး"



www.burmeseclassic.com

www.burmeseclassic.com

"ငါ ခုနလေးတင် အိန္ဒြေနဲ့ တွေ့ခဲ့တယ်"

"ဘယ်မှာလဲ"

"အိပ်မက်ထဲမှာ . . ဒါ . . ဒါဆို . . အိန္ဒြေ"

"တာ . . . လျှောက်မတွေးနေပါနဲ့ကွာ၊ နေ့ခင်းအိပ်လို့ ယောင်တာပါကွာ၊ ဟိုမှာ ဟိုကောင်တွေ ရောက်နေကြပြီ၊ အဲဒီမှာ အကြောင်းထူးရင် ငါ့ဆီ ဖုန်းဆက်လာမှာပါ"

"ဒါဆို ငါတို့ အခုပဲ သွားရအောင်"


ရဲသူနိုင်က ဟန်မောင်လက်မောင်းကို ဆွဲကာ ကမန်းကတန်း ထွက်သွားသည်။

"အစ်ကိုကလည်း . . . မျက်နှာလေးဘာလေး သစ်သွားတာ မဟုတ်ဘူး"

မေသူ တီးတိုးလှမ်းပြောသံကို ရဲသူနိုင် မကြားနိုင်တော့ပေ။







အခန်း(၃၉)

"အိန္ဒြေ . . အိန္ဒြေ"

ပြူးပြူးပြာပြာနှင့် ရောက်လာသော ဟန်မောင်နှင့် ရဲသူနိုင်ကို ခွဲစိတ်ခန်းအဝတွင် စောင့်နေကြသူများအားလုံးက ဝိုင်းကြည့်လိုက်ကြသည်။

"ဘယ်လိုဖြစ်တာလဲ . . . ပြောပါဦး"

ဟိုနေ့က မျက်မှန်းတန်းမိခဲ့သော ညီမျှခင်အနား သွား၍ ရဲသူနိုင် မေးလိုက်သည်။

"သူ့မှာ နှလုံးရောဂါ ရှိတာတော့ ကျွန်မတို့ သိထားတယ်၊ ဒါပေမယ့် ဒီလောက် မဟုတ်ဘူးလို့ ထင်ထားတာ၊ သူက သိပ်



www.burmeseclassic.com

www.burmeseclassic.com

ဟန်ဆောင်တောင်းတာဆိုတော့ ကျွန်မတို့က မထင်ဘူးလေ"

"ဖြစ်ရမယ်. . . ကျွန်တော်ထင်တယ်၊ သူ သိပ်ဟန်ဆောင်တောင်းတာ၊ သူ အရှမ်းကို ဟန်ဆောင်ကောင်းတာ"

ရဲသူနိုင် နံရံကို မှီရင်း ရေရွတ်နေမိသည်။

"သမီးလေးက အိမ်မှာ နေ့လည်တစ်ယောက်တည်း အခန်းတံခါးပိတ်ပြီး နေတယ်၊ အပြင်သွားလည်း သူငယ်ချင်းတွေဆီ သွားတာ၊ ဒီရောဂါရှိတာ ကျွန်မတို့ ငယ်ငယ်ထဲက သိပါတယ်ရှင်၊ ကြီးလာတော့ သူက ခပ်စိမ်းစိမ်း ဖြစ်သွားတော့ ကျွန်မတို့ သတိမထားလိုက်မိဘူး၊ ကျွန်မတို့ကိုက လိုတာပါရှင်"

အိန္ဒြေ၏မိခင်က သူ၏မိတ်ဆွေတစ်ယောက်အား ရှင်းပြနေသံကို ကြားနေရသည်။

"လင်းဟိန်းဇံ. . . ဘယ်တော့လောက် ခွဲစိတ်ပြီးမယ် ထင်လဲ"

အောင်ထွန်းခန့်က နာရီကြည့်ရင်း လှမ်းမေးလိုက်သည်။

"ငါလည်း မခန့်မှန်းတတ်ဘူး အောင်ထွန်းခန့်ရ"

"ခွဲစိတ်နေတာ နှစ်နာရီတောင် ကျော်နေပြီ"

"ဖစ်ဖတီ. . . ဖစ်ဖတီ (၅၀%)ပဲတဲ့ကွ"

"ဒါဆို စိုးရိမ်ရတယ်ကွ"

တန်မောင်တို့အုပ်စု တစ်ယောက်တစ်ပေါက် ပြောနေခြင်းဖြစ်သည်။

"ရှင်တို့ စုံရင် ဖတ်ဖို့ အိန္ဒြေ ခွဲစိတ်ခန်း မဝင်ခင်က ပေးခိုင်းသွားတဲ့စာ"





ရှင်းသန့်မွန်က လင်းဟိန်းဇံ လက်ထဲသို့ စာတစ်စောင် လှမ်းထည့်ပေးလိုက်သည်။ ရဲသူနိုင်အပါအဝင် အားလုံး လင်းဟိန်းဇံအနား ဝိုင်းအုံသွားသည်။

လင်းဟိန်းဇံက အသက်ရှူနှုန်းကို ပုံမှန်ဖြစ်အောင် ရှူသွင်းရင်း စာရွက်ခေါက်လေးကို ဖြည်းညင်းစွာ ဖွင့်လိုက်သည်။ ပုလဲလုံးကလေးများ သီထားသကဲ့သို့ ဝိုင်းစက်ညီညာနေသော လက်ရေးများကို ကြည့်ရင်း မျက်လုံးများ ဝေ့ဝါးလာသည်။ သူ၏မျက်လုံးအိမ်အတွင်းမှ မျက်ရည်များ ဝေ့ဝဲလာသောကြောင့် ဖြစ်သည်။

"ကျွန်မ သိပ်မှားခဲ့ပါတယ်၊ ကျွန်မအတွက် ပြင်လို့ မရတော့တဲ့အမှားဟာ ရှင်တို့ရဲ့ရိုးသားဖြူစင်တဲ့မေတ္တာကို လိမ်ညာယူခဲ့မိလို့ပါပဲ၊

ကျွန်မ ငယ်စဉ်တုန်းက ရှင်တို့ရဲ့ထင်ရှားမှုတွေအပေါ် မျက်မုန်းကျိုး မနာလိုဖြစ်ခဲ့တယ်။ ဒါကြောင့်လည်း ရှင်တို့ ကျွန်မအပေါ် အမှတ်တမဲ့ အပြုအမူတွေအပေါ် အမှတ်အတေး ထားခဲ့တာပေါ့။

ကျွန်မ တစ်ခါတစ်လေ စဉ်းစားမိတယ်။ ကျွန်မဘဝမှာ ဘာအပြောင်းအလဲမှ မရှိခဲ့ရင် ရှင်တို့အပေါ် ဘာတုန့်ပြန်မှုမှ ရှိခဲ့မှာ မဟုတ်ဘူး။ ကျွန်မလည်း အခုလို နောင်တ အကြီးအကျယ် ရမှာ မဟုတ်ဘူး၊

ကျွန်မ ခွဲစိတ်ခန်းဝင်ခါနီး ဆုံးဖြတ်ချက်တစ်ခု ချခဲ့တယ်၊ ရဲသူနိုင်အပါအဝင် ရှင်တို့ထဲက တစ်ယောက်ကို ကျွန်မရဲ့ချစ်သူ လက်ထပ်ရမယ့်သူအဖြစ် ရွေးချယ်မယ်၊


www.burmeseclassic.com

www.burmeseclassic.com

အဲဒီရွေးချယ်မှုမှာ ကျွန်မရဲ့အသိစိတ်ထက် မသိစိတ်မှာ စိုးမိုးနေတဲ့ တစ်ယောက်ကို အမှန်ရွေးချယ်ပါ့မယ်။

အကယ်၍များ ကျွန်မ တစ်ယောက်ကိုမှ မရွေးချယ်နိုင်ခဲ့ မှန် ကျွန်မသေသွားခဲ့ရင် ရှင်တို့ အရထိုက်ဆုံး ပေးချေမှုပါပဲ။

အိန္ဒြေ"

အိန္ဒြေ၏စာအဆုံး လင်းဟိန်း၏ ရစ်ဝဲနေသော မျက်ရည်စများ ဝဲပြင်ပေါ်သို့ လိမ့်ဆင်းလာသည်။ အားလုံး၏မျက်ဝန်းအိမ်များတွင်လည်း စိတ်မကောင်းမှုများ ဖော်ပြနေသည်။

ခွဲစိတ်ခန်းတံခါး ပွင့်လာသည်။

ပိုက်များ၊ ပုလင်းများဖြင့် ရှုပ်ပွနေသော တွန်းလှည်းပေါ်တွင် အိန္ဒြေ ခန္ဓာကိုယ်လေး ငြိမ်သက်စွာ ပါလာခဲ့သည်။

"ဆရာ. . . သမီးအခြေအနေ"


အိန္ဒြေရှင် ဖခင်က ခွဲစိတ်ခန်းမှ ထွက်လာသော နှလုံးခွဲစိတ်ပါရဂူကြီးအား စိုးရိမ်စွာ မေးနေသည်။

"ဒီနေ့တစ်ရက် စောင့်ကြည့်လို့မှ သတိပြန်မလည်ရင်တော့ ကံတရားပေါ့၊ ကျွန်တော်တို့ လုပ်နိုင်တဲ့ဘက်ကတော့ အစွမ်းကုန် ကြိုးစားထားပါတယ်"

ဆရာဝန်၏စကားကြောင့် လင်းဟိန်း၏ အောင်ထွန်းခန့် ဟန်မောင်နှင့် ရဲသူနိုင် အပါအဝင် အားလုံး၏ရင်ထဲ အမည်မဖော်နိုင်သော ဝေဒနာတစ်ခု ခံစားမိသည်။







# အခန်း(၄၀)

(၁၀)နာရီကျော်ကျော် ကုတင်ဘေးတွင် ရပ်ကာ အိန္ဒြေကို ရပ်ကြည့်နေသော လူငယ်ငါးဦးကို အိန္ဒြေ၏မိခင် ဒေါ်ချိုချိုက နားမလည်စွာ ကြည့်သည်။

"မင်းတို့က သမီးရဲ့မိတ်ဆွေတွေလား"

အားလုံး ပြိုင်တူခေါင်းညိတ်ကြသည်။

သမီးဖေနှင့်မို့ ထိုလူငယ်ငါးဦးကို သူမ ယခုမှ သတိထားမိသည်။ သမီးပြောသံ မကြားဖူးသော်လည်း ယခု သမီးအပေါ် အတော်သံယောဇဉ်ကြီးမှန်း သူမ မှန်းဆမိသည်။

"ညအတော်မိုးချုပ်နေပြီ. . . မင်းတို့ မပြန်ကြသေးဘူး



www.burmeseclassic.com

www.burmeseclassic.com



လား၊ ညို့မှုတို့အောင် ပြန်သွားကြပြီပဲ"

"ကျွန်တော်တို့ အိန္ဒြေ သတိရတဲ့အထိ စောင့်ချင်လို့ပါ"

လင်းဟိန်းဇံက ဒေါ်ချိုချိုအမေးကို လျင်မြန်စွာပင် ဖြေသည်။

"အေးကွယ်. . . အချိန်တောင် အတော်ကြာနေပြီ၊ သမီးလေးသည်း သတိမရသေးဘူး၊ သမီးလေး သတိပြန်ရပ့်မလားဟင်၊ ပြန်မရရင်တော့. . အီး. . ဟီး"

ဒေါ်ချိုချိုက သမီး၏လက်ကို ဆုပ်ကိုင်ငိုကြွေးရင်း တတွတ်တွတ် ပြောနေသည်။

"သမီးလေးက အမေတို့နဲ့ ဘယ်တော့မှ မခွဲဘူးနော်၊ သမီးကြီးလာရင် အမေတို့ကို ပြန်ပြီး လုပ်ကျွေးမယ်ဆို၊ ထပါတော့ သမီးလေးရယ်. . . ဆက်အိပ်မနေပါနဲ့တော့၊ သမီးလေး အမြန်ဆုံး သတိပြန်ရပါစေ အမေ့သမီးလေးရယ်"

ဒေါ်ချိုချို ပြောရင်းနှင့် ရင်ထဲ ဆို့တက်လာသည်။

"သားတို့ရယ်. . . သမီးလေးကို ခဏကြည့်ထားပေးပါနော်၊ အန်တီ ခဏနားလိုက်ဦးမယ်၊ သူ့အဖေလည်း အိမ်ခဏပြန်သွားတာ ပြန်လာတော့မှာပါ"

ပြောပြောဆိုဆိုနှင့် ဒေါ်ချိုချို ဆေးရုံ၏အထူးခန်းထဲရှိ နံရစ်ယောက်ထိုင်ခုံတွင် ခဏအနားယူ ဝင်ထိုင်ရင်း အိပ်ပျော်သွားသည်။

"အိန္ဒြေ. . . မင်းအမြန်နိုးလာပါတော့၊ မင်းနိုးလာရင် ရမယ့်အဖြေကို ကိုယ်စောင့်နေတာ မဟုတ်ပါဘူး အိန္ဒြေ၊ မင်းရဲ့





အနှောင်အဖွဲ့ကင်းတဲ့ အသက်ရှူသံကိုပဲ ကိုယ်ကြားချင်တာပါ"

လင်းဟိန်းဇံ အိန္ဒြေ လက်ဖမိုးလေးကို ဆုပ်ကိုင်ရင်း ပြောပြီး သူမလက်ကလေးကို ညင်သာစွာ ပြန်ချထားလိုက်သည်။

ဟန်မောင်ကလည်း ထိုနည်းတူပင် အိန္ဒြေလက်ကလေးကို ဆုပ်ကိုင်ရင်း. . .

"ကေသီ. . . ကိုယ့်အတွက် ဘာမှမပေးချင် နေပါ၊ ကေသီအသက်ရှင်သန်နေမယ်ဆိုရင် ကိုယ် ကေသီ့ကို စွန့်လွှတ်ပေးပ့ါမယ်"

"အိန္ဒြေ. . . ကိုယ်ကတော့ မင်းရဲ့သီချင်းသံတစ်ပုဒ်ကို နားထောင်ရမယ်ဆိုရင် ကိုယ်ကျေနပ်ပါတယ်"

အောင်ထွန်းခန့်က အိန္ဒြေမျက်နှာလေးကို ကြည့်ရင်း ရင်ထဲမှ ပြောမိသည်။

"အိန္ဒြေ. . . မင်း ကိုယ့်ကိုပေးထားတဲ့ နှင်းကို ရှင်းပြပေးမယ်ဆိုတဲ့ကတိကို မလုပ်ရသေးသရွေ့ မင်းမသေရဘူး"

နိုင်သူမင်း အံကို တင်းတင်းကြိတ်ကာ လက်ဖဝါးကို ဖျစ်ညှစ်၍ ပြောသည်။

ရဲသူနိုင်က နိုင်သူမင်း ဆုပ်ကိုင်ထားသော သူမ လက်ကလေးကို လက်လွှဲယူပြီး. . .

"မင်း ငါတို့ကို ဒီအတိုင်း အနိုင်ယူပြီးတော့ သွားတော့မှာလား အိန္ဒြေရယ်၊ အဲဒါဆိုရင် ငါ မင်းကို နောင်ဘဝအထိပါ လိုက်မုန်းမိလိမ့်မယ်၊ မင်းကို မုန်းနေတဲ့ ငါ့ရဲ့မျက်ရည်တွေကို သုတ်ပေးဖို့ မင်းမှာ နူးညံ့တဲ့ နှလုံးသား ရှိရင် မင်းအမြန်ဆုံး သတိရပါစေ အိန္ဒြေရယ်"



www.burmeseclassic.com

www.burmeseclassic.com



ရဲသူနိုင်၏မှတ်ရည်များ စီးကျနေသော ပါးပြင်တွင် အိန္ဒြေ၏ထက်ဝတ်လေးကို ထိကပ်ထားလိုက်သည်။


အားလုံး၏ရင်ထဲ၌လည်း ခံစားချက်ကို ကိုယ်စီဖြင့် အိန္ဒြေ အတိရှည်ရှည်သာ ဆုတောင်းနေကြသည်။ သူတို့၏ဆုတောင်းမှုများ မြန်မြန်ခြင်မှာ ပြည့်လာမှာလား။ ယခုထိတော့ ဆရာဝန် ပြောသော နှမ်းသည့်လေးနာရီကို ကျော်ခဲ့လေပြီ။

အိန္ဒြေကတော့ သတိမရသေးပေ။

သူတို့အားလုံးသည် အိန္ဒြေအပေါ် ပေးဆပ်ခြင်းများဖြင့်သာ ချစ်ခဲ့ကြသည် ထင်ပါသည်။







# အခန်း(၄၀)

**အိန္ဒြေရှစ်**

**အထက်(၂၉)နှစ်**

အုတ်ဂူဖြူလေးရှေ့တွင် ယောကျ်ားသုံးယောက် ရောက်ရှိနေကြသည်။

တစ်ဦးက နှင်းဆီပန်းစည်းအနီလေး ကိုင်ထားသော ဟန်မောင်။

ဒုတိယတစ်ဦးက သစ္စာပန်းစည်း ကိုင်ထားသော အောင်ထွန်းခန့်။

နောက်ဆုံးတစ်ဦးက လင်းဟိန်း၏။ နှင်းဆီအဖြူလေးများ



www.burmeseclassic.com

www.burmeseclassic.com



စည်းထားသော ပန်းစည်းကိုင်လျက် ခြေစုံရပ်နေသည်။

ထောင်ပန်းကျောင်းတစ်ခုလုံး တိတ်ဆိတ်နေသော်လည်း သူ့အသက်ရှူသံမြှင် မတုတ်၊ ကွင်းပြင်ထီးထီးတွင် အုတ်ဂူတစ်လုံးတည်းသာ ရှိသည်။

အုတ်ဂူလေးက ဖြူဖွေးသစ်လွင်နေသည်။ အုတ်ဂူလေးအလယ်တိုင်းတွင် အိန္ဒြေရှင်၏မှန်ဘောင်ကပ်ထားသော ဓါတ်ပုံကို မြင်ထားသည်။

သူတို့သုံးဦး ပန်းစည်းလေးများကို အသီးသီး အုတ်ဂူလေးပေါ်သို့ လှမ်းတင်လိုက်ကြသည်။

"ကိုယ်တို့ဘဝထဲက မင်း အပြီးအပိုင် ထွက်ခွာသွားပါတော့ အိန္ဒြေရှင်"

လင်းဟိန်းဇံ ဦးစွာ ရေရွတ်လိုက်သည်။

"ကိုယ့်အတွက် သီချင်းတစ်ပုဒ် ဆိုပေးခဲ့တဲ့ မင်းကို ကျေးဇူးတင်ပါတယ်၊ ဒီသီချင်းတစ်ပုဒ်နဲ့ တစ်သက်လုံး ကျေနပ်နေပါ့မယ်"

"သွားတော့ ကေသီ၊ ကိုယ်တို့ကို လှည့်မကြည့်ပါနဲ့တော့"

အောင်ထွန်းခန့်နှင့် ဟန်မောင် စိတ်အတွင်းမှာသာ နှုတ်ဆက်လိုက်ကြသည်။

သုံးဦးသား အုတ်ဂူဖြူလေးကို ကျောခိုင်းကာ တရွေ့ရွေ့ ထွက်ခွာသွားကြသည်။ သူတို့အား လှမ်းကြည့်ကာ စိတ်မကောင်းဖြစ်နေသူနှစ်ဦးက. . .

"ကျွန်မ နှင်းမှုန်တွေကြားမှာ ရှင့်ကို တွေ့ခဲ့တယ်၊ ရှင့်





မျက်နှာဟာ အရမ်းကို ချွေးထွေးနေတယ်"

"ရှင်ပြုံးနေတဲ့အပြုံးတွေလည်း ကျွန်မ မြင်နေရတယ်"

"ကျွန်မ ရှင့်ဆီ လာချင်ပါတယ်၊ ဒါပေမယ့် နှင်းတွေက အရမ်းကျနေတယ်၊ ရှင့်ကို သဲသဲကွဲကွဲ မမြင်ရဘူး"

"ရှင့်ကို ကျွန်မ အသေအချာ မြင်ရတဲ့အချိန်မှာ ရှင်ဟာ လေတိုက်နှုန်း အရမ်းမြင့်တဲ့ လေစီးကြောင်းထဲ ရောက်နေတယ်"

"ကျွန်မ ရှင့်ဆီကို အပြေးတလေး လိုက်ခဲ့ပါတယ်၊ ဘာကြောင့်လဲ သိလား၊ အဲဒီ ရှင်ဆိုတဲ့သူဟာ ဘယ်သူလဲဆိုတာ သိချင်လို့ပဲ၊

ကျွန်မ ရှင့်နောက် လိုက်လာတဲ့အချိန်မှာ ရှင်ဟာ ရဲသူနိုင်လား၊ အောင်ထွန်းခန့်လား၊ ဟန်မောင်လား၊ လင်းဟိန်းဇံလားဆိုတာ ကျွန်မ သဲသဲကွဲကွဲ မသိနိုင်သေးဘူး၊ သေချာတာက အဲဒီ လေးယောက်ထဲက တစ်ယောက်ကို ကျွန်မ စိတ်ထဲ အလိုလို သိနေတယ်၊ ကျွန်မ ရှင့်လက်ကို အမိအရ ဆုပ်ကိုင်လိုက်တယ်၊ ရှင့်ကို သိပ်သဲသဲကွဲကွဲ မြင်နေရပေမယ့် ကျွန်မ ရှင့်ကို သိပ်ချစ်နေတယ်ဆိုတာ ကျွန်မ သိတယ်၊ ဘာကြောင့်လဲဆိုတော့ ကျွန်မ ရင်တွေ အရမ်းခုန်နေလို့ပါ၊

ကျွန်မ အားယူပြီး မျက်လုံးအစုံကို ဖွင့်ကြည့်လိုက်တော့ ရှင် ကျွန်မလက်ကို ဆုပ်ကိုင်ပြီး ငိုကြွေးနေတယ်လေ"

ရဲသူနိုင် ရင်ခွင်ကြားမှ အိန္ဒြေရှင်၏စကားသံများ ဖြစ်သည်။

"ကျွန်မ ရှင့်မျက်ရည်တွေကို သုတ်ပေးရလိမ့်မယ်လို့



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မ မမျှော်လင့်ခဲ့ဘူး"

"မင်း ထိုးထိုးမျက်ရည်တွေ ထပ်ကျအောင် ဘယ်တော့မှ မလုပ်ပါဘူးကွာ"

ခိုင်သူမိုးက အိမ်ခြွေရှင်ကို တင်းကြပ်စွာ ဖက်ပြီး တောင်းပန် လိုက်သည်။

အိမ်ခြွေရှင်ကတော့ အိပ်မက်,မက်နေသယောင်ပင်။







## အခန်း(၄၂)

"ဟဲ့. . . သမီး၊ ညည်းအုတ်ဂူကို ဘယ်သူတွေ ပန်းလာချ သွားတာလဲ မသိဘူးတော့"

ဒေါ်ချိုချိုက အိမ်ထဲသို့ ကမန်းကတန်း ဝင်လာပြီး ပြော သည်။

"ငါ့သမီး တကယ်သေပြီ ထင်နေကြတယ် ထင်တယ်"

အိမ်ခြွေရှင်က ရယ်မောရင်း. . .

"အမေ့ရဲ့ယတြာကြီးကလည်း ကြောက်စရာကြီး. . . ကောင်းလို့ သမီး အဲဒီထဲ မရောက်သွားတာ"

"အောင်မာ. . . ညည်း အဲဒီယတြာကြောင့် ကျုပ်ကိုဒ်လို



www.burmeseclassic.com

www.burmeseclassic.com

စကားပြောနိုင်တာ အဲဒီဗေဒင်ဆရာ ဟောချက်က ကွက်တိပဲ"

"[illegible]ယောက်တော့ ခက်ပါတယ်"

"[illegible] မိအိန္ဒြေ၊ ညည်း အသက်ပျောက်ကိန်း ရှိတယ် [illegible] မြို့ရှန်က မြေကွက်တစ်ကွက် ဝယ်ပြီး ယတြာချေရတာ၊ [illegible] ဖြစ်လို့"

"အမေရယ် . . . သေချင်တဲ့သူက ဘာယတြာတွေပဲ [illegible] သေမှာပါပဲ"

"အေး . . . ညည်း အခုထိ အယုံအကြည် မရှိသေးဘူး ဆိုရင် ဆရာဟောထားတဲ့ နောက်တစ်ချက်ကို မမှန်အောင် လုပ်လိုက်မှာနော်"

BURMESE CLASSIC

"ဒုတိယအချက်က ဘာလဲဟင်"

"ကိုယ့်ထက် စီးပွားရေး နိမ့်တဲ့သူနဲ့ အိမ်ထောင်ကျမယ် ဆိုတာလေ"

"ဟာ . . . အမေနော်၊ ဘာစီးပွားရေး နိမ့်ကျတာလဲ၊ သမီး ချစ်သူက အင်ဂျင်နီယာရှင့် . . . အင်ဂျင်နီယာ၊ ဆရာဟောထားတဲ့ ကောင်းတဲ့အချက်တွေကိုတော့ အမေ ချန်ပြောတယ်"

"ကျုပ် ဘာချန်လို့လဲ"

ဒေါ်ချိုချိုက ပြုံးစစနှင့် ပြောသည်။

"အိမ်ထောင်ဘက်ကောင်းနဲ့ တွေ့မယ်ဆိုတာလေ"

"လူလည်မလေး"

ဒေါ်ချိုချိုက သမီးငယ် အိန္ဒြေ၏နဖူးလေးကို ချစ်စနိုး ခပ်ဖွဖွ ထုလိုက်သည်။





"အမေ . ."

"ပြောလေ သမီး"

"သမီးချစ်သူကို အထင်မသေးလိုက်ပါနဲ့နော်"

"ဒါတော့ အနီးကပ် ကြည့်မှ သိနိုင်မှာပေါ့"

"သူက ငယ်ငယ်ကတည်းက ချို့ချို့တဲ့တဲ့နဲ့ ကြိုးစားခဲ့ရတာ၊ သူ အင်ဂျင်နီယာတစ်ယောက် ဖြစ်လာလိမ့်မယ်တောင် သမီး ထင်မထားဘူး အမေ"

"သမီး အမေတို့ကို ပြောတုန်းက ဘာလို့ အလုပ်ကြမ်းသမားလို့ ပြောရတာလဲ"

"သမီးလည်း အဲဒီအချိန်အထိ အဲဒီလိုပဲ ထင်ထားတာ၊ ဟိုတစ်နေ့ကမှ သူ့အလုပ်ထဲ လိုက်သွားမှ သူက အင်ဂျင်နီယာ ပေါက်စဆိုတာ သိလာရတာ"

"ဒါဆို သမီးကောင်လေးက ညာထားတာပေါ့"

"ညာထားတာတော့ မဟုတ်ပါဘူး၊ သမီး သဘောပေါက်လွဲနေတာပါ၊ ဒါပေမယ့် သမီးကို အခုမှ ပေးသိတဲ့အတွက်ဆိုပြီး ထုပစ်လိုက်တယ်"

အိန္ဒြေတို့ သားအမိက ပွင့်ပွင့်လင်းလင်း ဖွင့်ဟဆွေးနွေး နေကြသည်။

"တင်းပုတ်ကြီးနဲ့လား သမီး"

"ဟာ . . . လက်သီးဆုပ် ဖွဖွလေးနဲ့"

"ခွေးစုတ်မလေး . . သွား"

သားအမိနှစ်ယောက် သဘောကျစွာ ရယ်မောမိကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ဖေဖေတာ [illegible]ရှိလျှင် မေမေကို ဖွင့်ဟတိုင်ပင်ရမည် ဟူ [illegible]သည်။

[illegible]လည်း အိန္ဒြေ မမေ့ကို ရဲရဲတင်းတင်း ဖွင့်ပြော [illegible]သည်။

"[illegible]လေးရေ. . . ဖုန်းလာနေတယ်. . . မလေးတဲ့"

သင်းသင်း၏ပြုံးစိစိမျက်နှာကို ကြည့်ခြင်းအားဖြင့် ကိုရဲဆီ [illegible] ဖုန်းမှန်း အိန္ဒြေ သဘောပေါက်လိုက်သည်။


"ခွေးစုတ်မလေး. . . ဖုန်းသွားကိုင်ချေ"

"ဟုတ်ကဲ့ မာမီ၊ သမီး သွားကိုင်လိုက်ပါ့မယ်"

"ပွက်" ကနဲ မြည်အောင် ဒေါ်ချိုချိုပါးကို အနမ်းခံလိုက်ရသည်။ ရင်ထဲမှာ ကျေနပ်ပီတိတွေဖြင့် ပြည့်နှက်နေသည်။







## အခန်း(၄၃)

ကန်တော်ကြီး ကန်စောင်းဘေးမှ ကုက္ကိုပင်ကြီး၏အမြစ်ကြီးများတွင် သူတို့နှစ်ယောက် ရောက်ရှိနေကြသည်။ ကန်ရေပြင်မှ တိုက်ခတ်လာသော လေများက သူတို့၏မျက်နှာသို့ တိုးဝင်တိုက်ခတ်နေသည်။

"လေက အေးပြီး စိမ့်နေတာပဲနော်"

"ဟုတ်တယ် အိန္ဒြေ၊ ကိုယ်တို့ရဲ့ဆုံစည်းရာ မသိစိတ်တစ်နေရာနဲ့တူတယ်"

"မသိစိတ်"

"ဟုတ်တယ်. . . ကိုယ်တို့ အသိစိတ်ရဲ့နောက်ကွယ်က



www.burmeseclassic.com

www.burmeseclassic.com



စိတ်တစ်[illegible] အဲဒါကို မသိစိတ်လို့ ခေါ်နိုင်တယ်၊ ကိုယ်မသိလိုက်တဲ့ [illegible] ကိုယ် မင်းကို အသိစိတ်ထဲမှာ မုန်းပြီး ကြောက်ရွံ့[illegible] အဲဒီစိတ်ရဲ့နောက်ကွယ်က အချစ်ဆိုတဲ့အရာကို ကိုယ် [illegible]ခဲ့ဘူး"

"အခုတော့. . ."

"အခု မဟုတ်ဘူး၊ အိန္ဒြေ သေတော့မယ်လို့ ထင်တဲ့အချိန်မှာ ကိုယ် အထင်းသား သိခဲ့ရတယ်၊ မသိစိတ်က ဟန်ဆောင်နေတွယ်လို့ မရဘူး"

"ဒါဆို ကျွန်မ ခွဲစိတ်နေတုန်း ရောက်သွားတဲ့နေရာက မသိစိတ်ရဲ့နေရာပေါ့နော်"

"ဟုတ်တယ် အိန္ဒြေ"

BURMESE CLASSIC

"ဒါနဲ့ ကျွန်မတို့ မင်္ဂလာပွဲကို ဟိုလေးယောက်ကို ဖိတ်ဦးမှာလား"

"မဖိတ်သင့်တော့ဘူး အိန္ဒြေ၊ သူတို့ဘဝထဲမှာ အိန္ဒြေဟာ သေဆုံးသွားပြီပဲ၊ သေသူအတွက် မင်္ဂလာပွဲဆိုတာ ရှိနိုင်ပါ့မလား"

"ဟုတ်ပါရဲ့. . . အငြိုးအတေးကြီးပြီး တဇွတ်ထိုး လုပ်တတ်တဲ့ အိန္ဒြေဟာ သေဆုံးသွားပြီပဲ"

"ကိုယ့်ရဲ့အလှနတ်သမီးလေးပဲ အသက်ရှင်ကျန်ခဲ့တာ မဟုတ်လား"

"ဟုတ်ပါ့ရှင်. . . မင်းသားလေးမျက်ရည်နဲ့ မင်းသမီးလေးရဲ့အသက်ကို ကယ်လိုက်တာပေါ့"

"ကျွန်မ ရှင့်ရင်ခွင်ထဲမှာ တစ်သက်လုံး အိပ်ပျော်သွားချင်





တယ်"

အိန္ဒြေရှင်က နွေးထွေးလုံခြုံလှသော ရဲသူနိုင်၏ရင်ခွင်ကျယ်အတွင်းသို့ တိုးဝင်ကာ ပြောလိုက်သည်။

"အိပ်ချင်သလောက်သာ အိပ်နော်၊ အိမ်ပြန်ချိန် ရောက်ရင် စနိုးပိုက် နှိုးနည်းနဲ့ နှိုးမယ်"

ရဲသူနိုင်က အိန္ဒြေအား ထွေးပွေ့ကာ ဖက်ထားရင်း ပြောလိုက်သည်။

အိန္ဒြေရှင်ကတော့ အပြုံးမှတ်နှာလေးဖြင့် ရဲသူနိုင်၏ ရင်ခွင်အတွင်း ငြိမ်းချမ်းလုံခြုံစွာဖြင့် အိပ်မောကျသွားလေတော့သည်။

ပါးလစ်ခင်ခင်
27.1.09



www.burmeseclassic.com